# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၂ ရက် ၂၀၁၅ ခုနှစ်၊ ဇွန် ၁၈ ရက်၊ ကြာသပတေးနေ့၊ အတွဲ [၅၄]၊ အမှတ် [၂၅၆]


**အနာဂုလာ ၈ ကမ္မန္တာ မင်္ဂလာ**

အနှောင့်အယှက်မရှိသော
အမှုတို့ကို ပြုလုပ်ခြင်းသည်
ကောင်းမြတ်သော မင်္ဂလာမည်၏။

# ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု ပြပွဲများကို တစ်နှစ်ပတ်လုံးတင်ဆက်နိုင်မည့် အနုပညာဗဟိုဌာနတစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် တည်ဆောက်ပေးမည်

နေပြည်တော် ဇွန် ၁၇

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပုအစည်းအရုံးဗဟိုတို့မှ တာဝန်ရှိသူများနှင့် ယနေ့မွန်းလွဲ ၂ နာရီတွင် နေပြည်တော် တောင်သူပညာပေး ဧက (၅၀၀)စိုက်ခင်းရှိ အဆင့်မြင့် သစ်သီးဝလံအအေးခန်းနှင့် ထုပ်ပိုးစက်ရုံ အစည်းအဝေးခန်းမ၌ တွေ့ဆုံသည်။

စာမျက်နှာ ၈ ကော်လံ ၁ ❋



နိုင်ငံတော်သမ္မတဦးသိန်းစိန် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံး၊ ပန်းချီ၊ ပန်းပု အစည်းအရုံးဗဟိုတို့မှ တာဝန်ရှိသူများနှင့်အတူ မှတ်တမ်းဓာတ်ပုံရိုက်စဉ်။ (သတင်းစဉ်)

## မဲဆန္ဒရှင်တွေကို ကျေးဇူးတုံ့ပြန်သောအားဖြင့် လူထု၏ မူလအခွင့်အရေးများကို ပိတ်ပင်တော့မှာလား

ဆောင်းပါး စာမျက်နှာ » ၆

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲ ဥပဒေကို ဒုတိယအကြိမ် ပြင်ဆင်သည့်ဥပဒေ ပြဋ္ဌာန်း

စာမျက်နှာ » ၉

# စက်သုံးဆီနှင့် စားသုံးဆီသွင်းကုန်များအတွက် နိုင်ငံခြားငွေကို ဗဟိုဘဏ်နှုန်းထားအတိုင်း ဗဟိုဘဏ်က ဘဏ်များမှတစ်ဆင့် အကန့်အသတ်မရှိ ရောင်းချပေးမည်

နေပြည်တော် ဇွန် ၁၇

နိုင်ငံခြားငွေ အများဆုံးအသုံးပြုသည့် အဓိက သွင်းကုန်များဖြစ်သည့် စက်သုံးဆီနှင့် စားသုံးဆီအတွက် လိုအပ်သည့် နိုင်ငံခြားငွေကို ဗဟိုဘဏ်နှုန်းထား အတိုင်း ဗဟိုဘဏ်က ဘဏ်များမှတစ်ဆင့် အကန့်အသတ်မရှိ ရောင်းချပေးမည်ဖြစ်ကြောင်း ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ မြန်မာနိုင်ငံတော် ဗဟိုဘဏ်၌ကျင်းပသည့် အစည်းအဝေးတွင် ဆုံးဖြတ်အတည်ပြုလိုက်သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ ❍




## မြန်မာ့အလင်း အယ်ဒီတာ့အာဘော်

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအရှိန်မြှင့်တင်

မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ်တားဆီးကာကွယ်ရေးဗဟိုအဖွဲ့မှ ဦးဆောင်ကာ လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးအထူး လုပ်ငန်းစီမံချက် (ယင်းမာ) ကို မေလ ၂၆ ရက်မှ စတင်၍ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဖြစ်သည့် ဇွန်လ ၂၆ ရက်နေ့အထိ တစ်လတိတိဆောင်ရွက်လျက်ရှိပါသည်။ ဤစီမံချက်ကို အဓိကအားဖြင့် အထက်မြန်မာပြည်နှင့် အောက်မြန်မာပြည်၊ ရှမ်းပြည်နယ်ဟူ၍ ဇုန်သုံးဇုန်သတ်မှတ်ပြီး အဖွဲ့ ၁၀ဖွဲ့ဖြင့် ဆောင်ရွက်ခဲ့ရာ ယခုအခါ မူးယစ်ဆေးဝါး တိုက်ဖျက်ရေးကို အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

တိုင်းဒေသကြီး/ပြည်နယ်မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများအန္တရာယ်တားဆီး ကာကွယ်ရေးဗဟိုအဖွဲ့အနေဖြင့် ဒုတိယပတ်ကာလအတွင်း မြို့နယ်ပေါင်း ၄၁ မြို့နယ်၌ ဆိုင်းဘုတ်ချိတ်ဆွဲခြင်း၊ စတစ်ကာ ပိုစတာကပ်ခြင်း၊ အသိပညာပေးဟောပြောခြင်းတို့အပြင် လက်ကမ်းစာစောင်များ ဖြန့်ဝေခြင်းတို့ကိုလည်း ဆောင်ရွက်လျက်ရှိပါသည်။ သီးနှံများ အစားထိုးစိုက်ပျိုးရေးအဖွဲ့အနေဖြင့် မြို့နယ်ပေါင်း ရှစ်မြို့နယ်၌ နှစ်ခြင်းသီးသန့်မျိုးစေ့များ ဖြန့်ဖြူးပေးနိုင်သည့်အပြင် စိုက်ပျိုးရေး နည်းစနစ်သင်တန်းများကိုပါ ပို့ချပေးနိုင်ခဲ့ပါသည်။ ထို့အပြင် နှစ်ရှည်သီးနှံပျိုးပင်များကိုလည်း ဖြန့်ဖြူးပေးနိုင်ခဲ့ပါသည်။

ထို့အတူ မွေးမြူရေးအဖွဲ့က မြို့နယ်ခုနစ်မြို့နယ်၌ အခြေခံ မွေးမြူရေးနှင့် ကျေးလက်တိရစ္ဆာန်ကျန်းမာရေးသင်တန်းများ ဖွင့်လှစ်ခြင်း၊ ပညာပေးဟောပြောခြင်းတို့အပြင် မြို့နယ်ပေါင်းလေး မြို့နယ်၌ တိရစ္ဆာန်များကို ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကုသပေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဆေးကုသရေးအဖွဲ့က လည်း One stop service ဖွင့်လှစ်ထားသောနေရာများတွင် ဆေးစွဲလူနာများအား ဆေးကုသပေးခြင်းနှင့် အသိပညာပေး ဟောပြောပေးခြင်းတို့ကို ထိရောက်စွာ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ပြန်လည်ထူထောင်ရေးအဖွဲ့အနေဖြင့်လည်း မူးယစ်ဆေးဝါး ဆိုးကျိုးအန္တရာယ်အသိပညာပေးဟောပြောခြင်းများ ပြုလုပ်ခဲ့ပါသည်။

ကျောင်းသားလူငယ်များအား အသိပညာပေးရေးအဖွဲ့ အနေဖြင့် မြို့နယ်ပေါင်း ၁၃ မြို့နယ်တွင် ကျောင်းများ၌ ပန်းချီ၊ ကာတွန်း၊ ပိုစတာ၊ ကွန်ပျူတာပန်းချီ၊ ဆောင်းပါး၊စာစီစာကုံး ပြိုင်ပွဲများ ကျင်းပပေးနိုင်ခဲ့သည့်အပြင် မူးယစ်ဆေးဝါးအသိပညာ ပေးဟောပြောပွဲများ ပြုလုပ်ပေးနိုင်ခဲ့ပါသည်။ ပြည်သူများအား အသိပညာပေး လှုံ့ဆော်ရေးအဖွဲ့က မြို့နယ်ပေါင်း ၁၂၀တွင် နယ်လှည့်စာကြည့်တိုက် လှုပ်ရှားမှုများ ပြုလုပ်ခြင်း၊ လက်ကမ်း စာစောင်များဖြန့်ဝေခြင်း၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ပါသည်။

ထိန်းချုပ်ဓာတုပစ္စည်းများ ကြီးကြပ်ရေးအဖွဲ့အနေဖြင့် မြို့နယ်ပေါင်းရှစ်မြို့နယ်တွင် ကွင်းဆင်းစစ်ဆေးခြင်း၊ အသိပညာပေးဆွေးနွေးခြင်းများ ဆောင်ရွက်နိုင်ခဲ့ပါသည်။ ဒုတိယပတ်ကာလအတွင်း တားဆီးနှိမ်နင်းရေးနှင့် စီမံခန့်ခွဲရေးအဖွဲ့က မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အမှုပေါင်း ၁၃၅ မှု ဖော်ထုတ်နိုင်ခဲ့ပြီး တရားခံ ၁၉၇ ဦးနှင့် ဘိန်း၊ ဘိန်းဖြူ၊ စိတ်ကြွရူးသွပ်ဆေးပြား၊ ဆေးခြောက် အစရှိသော မူးယစ်ဆေးဝါးများကိုလည်း ဖမ်းဆီး သိမ်းဆည်းနိုင်ခဲ့ပါသည်။ အစားထိုးဖွံ့ဖြိုးမှုအကောင်အထည် ဖော်ရေးအဖွဲ့က မူလတန်းကျောင်းဆောင်သစ်တစ်ဆောင် လွှဲပြောင်းပေးနိုင်ခဲ့ပါသည်။ သို့ဖြစ်၍ ဤမူးယစ်ဆေးဝါးတိုက်ဖျက် ရေးအထူးစီမံချက်သည် သတ်မှတ်ကာလ၏ ဒုတိယပတ်အတွင်း ထူးခြားစွာ အောင်မြင်အောင် ဆောင်ရွက်နိုင်ခဲ့မှုနှင့်အတူ ဆက်လက်၍လည်း ပြည်သူတစ်ရပ်လုံး၏ ပူးပေါင်းပါဝင်မှုဖြင့် အရှိန်အဟုန်မြှင့်တင်ဆောင်ရွက်သင့်ပါကြောင်း။ ။


## အထွေထွေရွေးကောက်ပွဲကို ၂၀၁၅ ခုနှစ် အောက်တိုဘာလကုန်/နိုဝင်ဘာလဆန်းတွင် ကျင်းပမည်

မဲစာရင်းကြည့်ပြီးပြီလား၊ ကြည့်ပါ။

ဘာမှားနေလဲ၊ ပြင်ဆင်ပါ။

သင့်အမည် မတွေ့ဘူးလား၊ ဖြည့်စွက်ပါ။


# ပြည်သူများ အသိပညာဗဟုသုတတိုးပွားစေရန် Set Top Box များ အခမဲ့လှူဒါန်း



**ထားဝယ် ဇွန် ၁၇**

ပြန်ကြားရေးဝန်ကြီးဌာနက တနင်္သာရီတိုင်းဒေသကြီး ထားဝယ်ခရိုင်အတွင်းရှိ လူမှုအသိုက်အဝန်းနှင့် လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများသို့ DVB-T2 Set Top Box များ အခမဲ့ပေးအပ်လှူဒါန်းပွဲအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၁ နာရီက ထားဝယ်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ဒုတိယဝန်ကြီး ဦးပိုက်ထွေးက မြိတ်ခရိုင်အတွင်းရှိ လူနေမှုအဆင့် (E) ရှိသော အိမ်ထောင်စုများကို DVB-T2 Set Top Box အလုံး ၅၀၀၀ ကျော်ကို ပထမအကြိမ် ပေးအပ်လှူဒါန်းခဲ့ပြီး ယခု ထားဝယ်ခရိုင်၌ Set Top Box ၃၅၇၉ လုံးကို ဒုတိယအကြိမ်အဖြစ် ထပ်မံလှူဒါန်းခြင်းဖြစ်ပါကြောင်း၊ တိုင်းဒေသကြီး အတွင်းရှိ ပြည်သူများ အသိပညာဗဟုသုတများ တိုးပွားစေရန် ရည်ရွယ်၍ လာရောက်လှူဒါန်းခြင်းဖြစ်ပါကြောင်း၊ Set Top Box ကိုအသုံးပြု၍ MRTV, MRTV Intertainment, MRTV-4, mitv, Channel-7, လွှတ်တော်ရုပ်သံလိုင်း၊ တိုင်းရင်းသားရုပ်သံလိုင်းတို့အပြင် မြဝတီရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံရှိသည့် နေရာများတွင် မြဝတီရုပ်သံလိုင်းတို့ကိုပါ ဖမ်းယူကြည့်ရှုနိုင်မည်ဖြစ်ပါကြောင်း၊ FM ရေဒီယိုလိုင်းများကိုလည်း ဖမ်းယူနားဆင်နိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးထံ DVB -T2 Set Top Box များ ပေးအပ်လှူဒါန်းပြီး တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးက ထားဝယ်၊ ရေဖြူ၊ လောင်းလုံး၊ သရက်ချောင်းမြို့နယ်များသို့ DVB-T 2 Set Top Box များကို ဖြန့်ခွဲပေးအပ်ခဲ့ကြောင်း သိရသည်။

**(တိုင်းဒေသကြီး ပြန်/ဆက်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့ ဟောပြောပွဲနှင့် ပြပွဲကျင်းပ

**ညောင်လေးပင် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ညောင်လေးပင်မြို့နယ် မဒေါက်မြို့ အထကကျောင်းရှိ နဝဒေးခန်းမ၌ အပြည်ပြည်ဆိုင်ရာမူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ ဓာတ်ပုံပြပွဲနှင့် နံရံကပ်စာစောင်ပြပွဲ အခမ်းအနားကို ဇွန် ၁၁ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ဆရာကြီး ဦးအောင်ဌေး (အထက်တန်းပြ) က အမှာစကားပြောကြားပြီး မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်နီနီဝင်းက မူးယစ်ဆေးဝါးသုံးစွဲခြင်းကြောင့် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ ခန္ဓာကိုယ်ပိုင်းဆိုင်ရာ ထိခိုက်မှု၊ လူမှုရေးဆိုင်ရာထိခိုက်မှုဆိုးကျိုးအန္တရာယ်များ အကြောင်းနှင့် မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးအကြောင်း တို့ကို အကျယ်တဝင့်ဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

**နီနီဝင်း (iprd)**



## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် အခြေခံစားကုန်ဈေးနှုန်း ၁၇-၆-၂၀၁၅

**ရွှေဈေးနှုန်း(အောင်သမာဓိ)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၄၅၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၀၀၂၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၇၄၀၀၀၀ |

**စက်သုံးဆီဈေးနှုန်း(စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဓာတ်ဆီ | တစ်လီတာ | ကျပ် ၇၁၀ |
| ဒီဇယ် | တစ်လီတာ | ကျပ် ၇၁၀ |
| အောက်တိန်း ၉၂ | တစ်လီတာ | ကျပ် ၇၅၀ |
| အောက်တိန်း ၉၅ | တစ်လီတာ | ကျပ် ၈၂၀ |
| ပရီမီယံဒီဇယ် | တစ်လီတာ | ကျပ် ၇၅၀ |

**သားငါးနှင့်ဟင်းချက်စရာဈေးနှုန်း(သား/ငါးဒိုင်များ)**

| | | | |
|---|---|---|---|
| ၁။ | ငါးကြင်း | တစ်ပိဿာ | ၄၅၀၀-၆၀၀၀ |
| ၂။ | ငါးမြစ်ချင်း | တစ်ပိဿာ | ၃၀၀၀-၄၅၀၀ |
| ၃။ | ငါးရံ့ | တစ်ပိဿာ | ၆၀၀၀-၈၀၀၀ |
| ၄။ | ငါးဖယ် | တစ်ပိဿာ | ၇၀၀၀-၁၂၀၀၀ |
| ၅။ | ပုစွန် (ကျော့) | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၆။ | ပုစွန်တုပ် | တစ်ပိဿာ | ၈၀၀၀-၂၅၀၀၀ |
| ၇။ | ငါးသလောက် | တစ်ပိဿာ | ၇၀၀၀-၁၈၀၀၀ |
| ၈။ | ကြက် | တစ်ပိဿာ | ၆၀၀၀-၁၂၀၀၀ |
| ၉။ | ဝက် | တစ်ပိဿာ | ၆၀၀၀-၉၀၀၀ |
| ၁၀။ | အမဲ | တစ်ပိဿာ | ၇၀၀၀-၉၀၀၀ |
| ၁၁။ | ဆိတ် | တစ်ပိဿာ | ၁၃၀၀၀-၁၈၀၀၀ |
| ၁၂။ | ဘဲ | တစ်ပိဿာ | ၆၀၀၀-၁၃၀၀၀ |

**နိုင်ငံတကာသုံးငွေကြေးပေါက်ဈေး (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၁၀၅ |
| ဥရောပ | တစ်ယူရို | ၁၂၄၈.၉ |
| စင်ကာပူ | တစ်ဒေါ်လာ | ၈၂၁.၅၃ |
| ထိုင်း | တစ်ဘတ် | ၃၂.၈၄၈ |
| အိန္ဒိယ | တစ်ရူပီး | ၁၇.၃၁၈ |
| တရုတ် | တစ်ယွမ် | ၁၇၈.၀၆ |
| မလေးရှား | တစ်ရင်းဂစ် | ၂၉၆.၂၁ |

**ဘုရင့်နောင်ကုန်စည်ဒိုင်ဈေးနှုန်း**

| | | |
|---|---|---|
| နှမ်းဆန် (အသစ်) | တစ်အိတ် | ၂၀၀၀၀-၂၀၅၀၀ |
| ပေါ်ကျွဲ | တစ်အိတ် | ၂၆၅၀၀-၂၈၀၀၀ |
| ပေါ်ဆန်း (အသစ်) | တစ်အိတ် | ၃၀၀၀၀-၃၅၀၀၀ |
| မြေပဲဆီ | တစ်ပိဿာ | ၅၁၀၀ |
| စားအုန်းဆီ | တစ်ပိဿာ | ၁၅၄၅ |
| ဆိပ်ဖြူကြက်သွန်နီ (အသစ်) | တစ်ပိဿာ | ၄၅၀-၅၇၅ |
| ရှမ်းကြက်သွန်ဖြူ (အသစ်) | တစ်ပိဿာ | ၂၁၀၀-၂၅၀၀ |
| ကြက်သွန်ဖြူ(ကြူကုတ်သစ်) | တစ်ပိဿာ | ၂၀၂၅ |
| အာလူး(ဟဲဟိုး) | တစ်ပိဿာ | ၅၉၀-၈၁၀ |
| ငရုတ်ရှည် (မိုးထောင်) | တစ်ပိဿာ | ၂၈၀၀-၂၉၀၀ |
| ငရုတ်ပွ (မြစ်ဝ) | တစ်ပိဿာ | ၄၈၀၀-၇၃၀၀ |
| သကြား | တစ်ပိဿာ | ၁၁၈၀-၁၂၂၀ |

ကုန်စည်ဒိုင်ဈေးနှုန်းဖြစ်ပြီး အချိန်နှင့်အမျှ အပြောင်းအလဲရှိနိုင်ပါသည်။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-ဓာတ်ပုံ/မိတ္တူ စာစုပြီ။

ခင်ရတနာ-စုစည်းသည်။ ခင်ဆိုင်-စေ့ငုတင်ပြသည်။



# မြန်မာ-အိန္ဒိယ နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်သည် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေးအကြံပေးပုဂ္ဂိုလ် မစ္စတာ အဂျစ် ဒိုဗယ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်သမ္မတ အိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စု ဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးကိုကို၊ ဦးဝဏ္ဏ မောင်လွင်၊ ဦးအောင်မင်း၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်ညွန့်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးမြှင့်ဆောင်ရွက်ရေးနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေး၊ နယ်စပ်ဒေသများ တည်ငြိမ်အေးချမ်းရေးအတွက် ပူးပေါင်းဆောင်ရွက်ရေးတို့နှင့်စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။ **(သတင်းစဉ်)**

**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် မစ္စတာ အဂျစ် ဒိုဗယ်အား ရင်းရင်းနှီးနှီးနှုတ်ဆက်စဉ်။** (သတင်းစဉ်)

## မြန်မာနိုင်ငံအောက်ပိုင်း ဒေသများ မိုးပိုလာမည်

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးတစ်ကြိမ်၊ နှစ်ကြိမ် ထစ်ချုန်းရွာမည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာအနှံ့အပြားမိုးထစ်ချုန်းရွာနိုင်သည်။

နောက်နှစ်ရက်အတွက် ခန့်မှန်းချက်မှာ မြန်မာနိုင်ငံအောက်ပိုင်း ဒေသများတွင် မိုးပိုလာမည်။

မြန်မာ့ပင်လယ်ပြင် အခြေအနေမှာ မြစ်ဝကျွန်းပေါ်-မုတ္တမကွေ့၊ မွန်-တနင်္သာရီ ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင်မိုင် ၄၀အထိ တိုက်ခတ်နိုင်သည်။ ကျန်မြန်မာ့ ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ **(မိုး/ဇလ)**

# ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေး ရှင်းလင်းဆွေးနွေး

နေပြည်တော် ဇွန် ၁၇

**ရွေးကောက်ပွဲလုပ်ငန်းစဉ်ဆိုင်ရာ အသိပညာပေးရှင်းလင်းဆွေးနွေးပွဲကို ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးအစည်းအဝေးခန်းမ၌ကျင်းပရာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌဦးတင်အေးနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ကော်မရှင်အတွင်းရေးမှူး၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)၊ ကာကွယ်ရေးဝန်ကြီးဌာနနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။**

အစီအစဉ်အရ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဦးဝင်းကြည်က ကော်မရှင်မှ ဆောင်ရွက်နေသော အခြေခံမဲဆန္ဒရှင်စာရင်း ပြုစုခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း၊ ကော်မရှင်အဖွဲ့ဝင် ဦးညွန့်တင်က ရွေးကောက်ပွဲများ ကျင်းပခြင်း၊ ဆန္ဒမဲပေးခြင်း၊ ကြိုတင်ဆန္ဒမဲပေးခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များအပေါ် ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌ**(ယာပုံ)**က ရှင်းလင်းပြောကြားပြီး နိဂုံးချုပ် ပြောကြားရာတွင် အခြေခံမဲဆန္ဒရှင် စာရင်းပြုစုရာ၌ တပ်မတော်သားများ၊ ရဲတပ်ဖွဲ့ဝင်များ အနေဖြင့် အပြောင်းအရွှေ့များရှိသဖြင့် စာရင်းကောက်ယူမှုမရှိသေးကြောင်း၊ မကြာခင်ကာလတွင် ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲများအား ညွှန်ကြားချက်ထုတ်ပြန်၍ တပ်မတော်သားများနှင့် ရဲတပ်ဖွဲ့ဝင်များ၊ အတူနေ အိမ်ထောင်စုဝင်များ၏ မဲစာရင်းကိုရယူသွားမည်ဖြစ်ကြောင်း၊ မဲစာရင်းကပ်သည့် အခါတွင်လည်း သွားရောက်ကြည့်ရှု၍ မဲစာရင်းတွင် မပါက လျှောက်ထားခြင်း၊ အချက်အလက်များ မှားယွင်းနေက ပြင်ဆင်ခြင်း၊ မပါသင့်သူများ ပါနေပါက ကန့်ကွက်ခြင်းတို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်း၊ ဆန္ဒမဲပေးခြင်းနှင့်စပ်လျဉ်း၍ ကြိုတင်မဲပေးခွင့် ရှိသူများမှအပ မဲရုံသို့ကိုယ်တိုင်လာရောက် မဲပေးရမည်ဖြစ်ကြောင်း၊ ကြိုတင်မဲပေးခြင်းတွင် အပိုင်းနှစ်ပိုင်းရှိကြောင်း၊ တစ်ပိုင်းမှာ တပ်ထဲတွင်ရှိသော်လည်း ရွေးကောက်ပွဲ ကျင်းပသောနေ့၌ ယာယီတာဝန်သွားရန်ရှိက ရပ်ကွက်/ ကျေးရွာအုပ်စု ကော်မရှင်အဖွဲ့ခွဲက ဆောင်ရွက်သော ကြိုတင်မဲပေးခြင်းကို သတ်မှတ်ထားသည့် ရက် (၂) ရက်တွင် ဆောင်ရွက်နိုင်ကြောင်း၊ နောက်တစ်ပိုင်းမှာ မဲဆန္ဒနယ် ပြင်ပ ရွှေ့တန်းရောက် တပ်မတော်သားများ ကြိုတင်မဲပေးခြင်းဖြစ်ကြောင်း၊ ၄င်း ရွှေ့တန်းရောက် တပ်မတော်သားများ မဲပေးနိုင်ရန် ကြိုတင်မဲစာရင်းကို မြို့နယ်ကော်မရှင်အဖွဲ့ခွဲသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ပုံစံ (၁-၂) ဖြင့် မှတ်တမ်းတင်ထားမည်ဖြစ်ပြီး ကြိုတင်ဆန္ဒမဲလက်မှတ်များရရှိပါက ရွှေ့တန်းရောက် တပ်မတော်သားများထံသို့ ပေးပို့ရမည်ဖြစ်ကြောင်း၊ ကြိုတင်ဆန္ဒမဲပေးပြီးသော မဲလက်မှတ်များကို မြို့နယ် ကော်မရှင်အဖွဲ့ခွဲရုံးသို့ ရွေးကောက်ပွဲကျင်းပသည့်နေ့ ညနေ ၄ နာရီ မဲရုံပိတ်ချိန်မတိုင်မီ အရောက် ပေးပို့ရမည်ဖြစ်ကြောင်း၊ ၄င်း နောက်ပိုင်း ရောက်ရှိသည့် ကြိုတင်မဲလက်မှတ်များသည် ပယ်မဲဖြစ်ကြောင်း၊ မဲရုံတည်ဆောက်ခြင်းနှင့် ပတ်သက်၍တပ်တွင်းရှိ စာသင်ကျောင်းများတွင် ၂၀၁၀ ပြည့်နှစ် ရွေးကောက်ပွဲ ပြုလုပ်ခဲ့ကြကြောင်း၊ တပ်တွင်းကျောင်းတွင် မဲရုံဖွင့်ပါက မဲရုံများသို့ လာရောက်ကြမည့် လွှတ်တော် ကိုယ်စားလှယ်လောင်းများ၊ မဲရုံကိုယ်စားလှယ်များ၊ မီဒီယာများ၊ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ လေ့လာလိုသော လုပ်သားပြည်သူများကို လာရောက်ခွင့်ပြုရမည်ဖြစ်ကြောင်း၊ လုံခြုံရေးအရ သွားရောက်ခွင့်မပြုနိုင်သည့်နေရာများကို ကန့်သတ်ထားနိုင်ကြောင်း၊ လုံခြုံရေးအရ တပ်တွင်းသို့ဝင်ရောက်ခွင့်မပြုနိုင်ပါက မဲရုံများကို တပ်ပြင်ပ သို့မဟုတ် ရပ်ကွက်/ ကျေးရွာအုပ်စု မဲရုံများ၌ မဲပေးရမည်ဖြစ်ကြောင်း၊ တပ်တွင်းရှိ တပ်မတော်သားများနှင့် မိသားစုဝင်များသည် ၄င်းမဲရုံများသို့ ကိုယ်တိုင်သွားရောက် မဲပေးရမည်ဖြစ်ကြောင်း၊ မဲရုံများတွင်မဲပေးသူများ အနေဖြင့် တံဆိပ်တုံးနှိပ်ပေးရမည် ဖြစ်သော်လည်း ရွှေ့တန်းရောက် တပ်မတော်သားများနှင့် မဲဆန္ဒနယ်ပြင်ပရှိ ကြိုတင်မဲများအနေဖြင့် အမှန်ခြစ်၍ ပေးရမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အနေဖြင့် အစိုးရ၏ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော နိုင်ငံသားများနှင့် ပတ်သက်၍ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲပေးနိုင်ရန် ပုံစံ (၁၅) များ ကော်မရှင်မှ ဖြန့်ဖြူးပေးရမည်ဖြစ်သော်လည်း နောက်မကျစေရန် မြန်မာနိုင်ငံသံရုံးများသို့ ပုံစံ (၁၅) CD များဖြန့်ဝေထားပြီးဖြစ်ကြောင်း၊ Online မှ download ရယူနိုင်ကြောင်း၊ ပုံစံ (၁၅) များကို ဖြန့်ဝေရာတွင် ကော်မရှင်ကို အချိန်မီပေးပို့နိုင်ရေးအတွက် ပြန်လည်အပ်နှံရမည့် အချိန် ကန့်သတ်ပေးရန်လိုကြောင်း၊ နိုင်ငံခြားသို့ တရားဝင်ရောက်ရှိနေသူများစာရင်းကို ကြိုတင်ပြုစုထားရှိရန် သံရုံးများသို့ ပြောကြားထားသဖြင့် ပြုစုပြီးစာရင်းများ ကော်မရှင်သို့ ပေးပို့လျက်ရှိကြောင်း၊ ဆက်လက်၍ စာရင်းပြုစုလျက် ရှိသည်ကိုလည်း သိရှိရကြောင်း၊ သက်ဆိုင်ရာမြို့နယ် မဲဆန္ဒနယ်များအလိုက် စုစည်းပြီး မဲစာရင်းတွင် ပါရှိရေးဆောင်ရွက်လျက်ရှိကြောင်း၊ သံရုံးများအနေဖြင့် မဲပေးနိုင်ရေးကို သံရုံး Website နှင့် ကြော်ငြာဘုတ်များတွင် ကပ်ထားရန်လိုကြောင်း၊ ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေးအဖွဲ့များ ဖိတ်ကြားထားကြောင်း၊ စောင့်ကြည့်လေ့လာရေး အဖွဲ့များတွင် Long Term, Short Term Observer များ၊ အာဆီယံ နိုင်ငံများ၏ ရွေးကောက်ပွဲဆိုင်ရာ အဖွဲ့အစည်းများအား လေ့လာရန် ဖိတ်ကြား သွားမည်ဖြစ်ကြောင်း၊ ၄င်းတို့၏ ပြည်ဝင်ခွင့်ဗီဇာရရှိရေးအတွက် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ညှိနှိုင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ Long Term Observer များကို Mo U လက်မှတ်ရေးထိုးစေပြီး ရွေးကောက်ပွဲစောင့်ကြည့် လေ့လာရေး Code of Conduct များကို လိုက်နာစေမည်ဖြစ်ကြောင်း၊ ဆောင်ရွက်ရမည့်လုပ်ငန်းစဉ် Procedure များကို ပေးထားကြောင်း၊ နိုင်ငံခြားရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံတော်၏ မူဝါဒနှင့် လိုက်နာရမည့် အချက်များရှိပါက အကြံပြုရန်လိုကြောင်း၊ Long Term Observer များအတွက် စောင့်ကြည့်လေ့လာရေး ကာလကို ရွေးကောက်ပွဲ ကျင်းပမည့်နေ့ သတ်မှတ်ကြေညာသည်မှ လွှတ်တော်ကိုယ်စားလှယ်များ ကျမ်းသစ္စာကြိမ်ဆိုပြီးသည်အထိ သတ်မှတ်ထားကြောင်း၊ ပြည်ပမှ ကြိုတင်ဆန္ဒမဲများပြန်လည်ပေးပို့ရာတွင်လည်း ရွေးကောက်ပွဲနေ့ ညနေ ၄ နာရီမတိုင်မီ သက်ဆိုင်ရာမြို့နယ် ကော်မရှင်အဖွဲ့ခွဲများသို့ အချိန်မီရောက်ရှိရေးအတွက် အချိန်တွက်ချက် ဆောင်ရွက်ရန်လိုကြောင်း၊ မဲဆန္ဒရှင်များ ဆန္ဒမဲပေးခြင်းကို သက်ဆိုင်ရာ သံရုံးအကြီးအမှူး၊ အမြဲတမ်းကိုယ်စားလှယ်ရုံး အကြီးအမှူး၊ ကောင်စစ်ဝန်ရုံး အကြီးအမှူးတို့က တာဝန်ယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ လျှို့ဝှက်မဲပေးစနစ်ဖြင့် ဆောင်ရွက်ရမည် ဖြစ်ကြောင်း၊ ရွေးကောက်ပွဲသည် နိုင်ငံအတွက် အသက်တမျှ အရေးကြီးကြောင်း၊ ပြည်ထောင်စု ရွေးကောက်ပွဲ ကော်မရှင်အနေဖြင့် လွတ်လပ်၍ တရားမျှတသော ရွေးကောက်ပွဲကို ဘက်လိုက်မှုမရှိဘဲ ကျင်းပပေးသွားမည်ဖြစ်ကြောင်း၊ နိုင်ငံခြားရေး ဝန်ကြီးဌာနအနေဖြင့် အစိုးရ၏ ခွင့်ပြုချက်ဖြင့် နိုင်ငံပြင်ပရောက်ရှိနေသော နိုင်ငံသားများ မဲပေးခွင့် မဆုံးရှုံးရအောင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ တပ်မတော်အနေဖြင့် စစ်ဘက်ဥပဒေနှင့် နယ်ဘက်ဥပဒေများကို လိုက်နာရသည်နှင့်အညီ ရွေးကောက်ပွဲဆိုင်ရာဥပဒေများကိုလည်း လေးစားလိုက်နာပြီး တိတိကျကျ ဆောင်ရွက်သွားကြရန်လိုကြောင်းပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။ **(သတင်းစဉ်)**




## ပြင်ဆင်ဖတ်ရှုပါရန်

ဇွန်လ ၁၇ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာ ကျောဖုံးပါ မင်းခေတ်၏ ရွှေတံဆိပ်ဆု ဆွတ်ခူးခဲ့သော မြန်မာပိုက်ကျော်ခြင်းအဖွဲ့ ပြန်ရောက်သတင်းတွင် မြန်မာ ပိုက်ကျော်ခြင်းအဖွဲ့ စင်ကာပူလေကြောင်းလိုင်း 8M-232 ဖြင့် ပြန်လည်ရောက်ရှိလာသည် (အစား) **အပြည်ပြည်ဆိုင်ရာ မြန်မာလေကြောင်း (MAI) 8M-232 ဖြင့်** ပြန်လည်ရောက်ရှိလာသည်ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(စာတည်းအဖွဲ့)**

# ဂရိနိုင်ငံအား ယူရိုဇုန်မှ ထွက်ခွာအောင် မြီရှင်များက ပြုလုပ်နေဟု ဝန်ကြီးချုပ်စွပ်စွဲ

**အေသင် ဇွန် ၁၇**

ဂရိဝန်ကြီးချုပ် အလက်ဆစ် ဆီပရက်စ်က ကြွေးမြီရှင်များသည် ဂရိနိုင်ငံအပေါ် သတိပေးမှုများ ထပ်ကာတလဲလဲ ပြုလုပ်လျက် အရှက်ကွဲစေကာ ဂုဏ်သိက္ခာကျဆင်းအောင် ပြုလုပ်နေသည့်အပြင် ဂရိနိုင်ငံအား ယူရိုဇုန်မှ ထွက်ခွာသွားစေရန် ကြိုးပမ်းလျက်ရှိသည်ဟု အင်္ဂါနေ့က စွပ်စွဲပြောဆိုခဲ့သည်။



ဂရိနိုင်ငံအား ယူရိုငွေ ဘီလီယံများစွာကို အကူအညီပေးအပ်လိုက်ခြင်းကြောင့် ထူးခြားမှုမရှိဘဲ လများစွာကြာသည်အထိ သတိပေးချက်များစွာနှင့်အတူ အငြင်းပွားမှုများ ဖြစ်ပေါ်စေခဲ့သည်။

နောက်ထပ် ငွေကြေးဈေးကွက်လှုပ်ခတ်မှု ထပ်မံမဖြစ်စေရေးအတွက် ရှောင်ရှားရန်လိုအပ်ကြောင်း အိမ်ဖြူတော်က သတိပေးခဲ့သည်။

ဆီပရက်စ်က ဘဏ္ဍာရေးဝန်ကြီး ဂျက်လူးအား အေသင်အနေဖြင့် ကြွေးမြီရှင်များနှင့် အလှမ်းကွာနေမှုကို ပေါင်းကူးသွားမည်ဟု အာမခံချက်ပေးခဲ့သည်။

ကြွေးရှင်များသည် ပင်စင်လစာများကို ဖြတ်တောက်ရန်နှင့် ဆင်းရဲချို့တဲ့သူများကို ထိခိုက်နစ်နာစေမည့် အခွန်ငွေတိုးမြှင့်ကောက်ခံရန် တောင်းဆိုမှုများကို နိုင်ငံရေးဆန်ဆန်ပြုမူနေကြသည်။

၎င်းတို့၏ ရည်ရွယ်ချက်မှာ ဂရိအစိုးရကိုသာမက ဂရိပြည်သူတစ်ရပ်လုံးကို ဂုဏ်သိက္ခာကျဆင်းစေရန်ဖြစ်သည်ဟု ဆီပရက်စ်က စွပ်စွဲပြောဆိုသည်။

ဥရောပကော်မရှင်အဖွဲ့ ဥက္ကဋ္ဌ ယန်းကလော့ဒ်ဂျန်ကာကမူ ဂရိဝန်ကြီးချုပ်သည် ပြည်သူများအား လိမ်လည်လှည့်ဖျားနေသည်ဟု ပြင်းပြင်းထန်ထန် တုံ့ပြန်ပြောဆိုခဲ့သည်။

(ရိုက်တာ)

# အီဂျစ်သမ္မတဟောင်း မော်စီအား သေဒဏ်ချမှတ်

**ကိုင်ရို ဇွန် ၁၇**

၂၀၁၁ ခုနှစ်က နိုင်ငံရေးမငြိမ်မသက်ဖြစ်ပွားစဉ် အစုလိုက်အပြုံလိုက် ထောင်ဖောက်မှုဖြင့် အီဂျစ်သမ္မတဟောင်း မိုဟာမက်မော်စီအား သက်ဆိုင်ရာတရားရုံးမှ အင်္ဂါနေ့က သေဒဏ်ချမှတ်လိုက်သည်။

မွတ်စလင်ညီအစ်ကိုတော်များအဖွဲ့ အကြီးအကဲ မိုဟာမက် ဘာဒီနှင့် အခြားသော အဖွဲ့ခေါင်းဆောင် လေးဦးတို့လည်း သေဒဏ်ချမှတ်ခံရသည်။ အဆိုပါအမှုနှင့်ပင် ထင်ရှားသော ဘာသာရေးဆရာ ယူဆွပ်ဖ်အဲလ်ကာရာဒါဝီ အပါအဝင် လူ ၉၀ ကျော် တို့ကို အက်(ဖ်)ဇမ်တီယာ၌ သေဒဏ်ချမှတ်လိုက်သည်။

ယင်းမှာ အီဂျစ်တပ်မတော်က ၂၀၁၃ ခုနှစ်အတွင်း အစိုးရကို အကြီးအကျယ် ဆန္ဒပြပြီး မော်စီ၏ အာဏာကို ရယူပြီးနောက် ဖြို့ခွင်းမှုတစ်ခု ဖြစ်သည်။

ရာပေါင်းများစွာသော အစ္စလာမ်မစ်တို့အား သေဒဏ်ချမှတ်ပြီး ထောင်ချ၍ ဖမ်းဆီးမှုများပြုလုပ်ခဲ့သည်။

အစ္စလာမ်မစ်ဝါဒီ မော်စီသည် ၂၀၁၁ ခုနှစ်က နှစ်ကာလကြာရှည်စွာ အုပ်ချုပ်ခဲ့သော ဟိုစ်နီမူဘာရက်အား ဖြုတ်ချပြီးနောက် အီဂျစ်နိုင်ငံ၏ ပထမဆုံးရွေးကောက်တင်မြှောက်ခံရသော သမ္မတဖြစ်သည်။ (ဆင်ဟွာ)

# အမေရိကန်၏ ဒုံးကျည်ကာကွယ်ရေးစနစ်များကို ရုရှားစိုးရိမ်

**ကူဘင်ကာ ဇွန် ၁၇**

ယခုနှစ်အတွင်း တိုက်ချင်းပစ်ဒုံးပျံ အစင်း ၄၀ ကျော်ကို ၎င်း၏ နျူကလီးယားလက်နက်တိုက်၌ ထပ်မံဖြည့်သွင်းသွားမည်ဟု ကြေညာခဲ့ပြီးနောက် ရုရှားသမ္မတပူတင်သည် အင်္ဂါနေ့က ၎င်း၏နယ်စပ်အနီး ဒုံးလက်နက်ကာကွယ်ရေးစနစ်တစ်ခုထားရှိသည့်အပေါ် စိုးရိမ်ကြောင်း ပြောကြားသည်။

ခြိမ်းခြောက်မှုများ ပြုလုပ်လာသောနယ်မြေများတွင် ၎င်းတို့၏ တိုက်ခိုက်ရေးအင်အားစုများကို အားဖြည့်သွားမည်ဟု ပူတင်က ပြောဆိုခဲ့သည်။

ရုရှားနယ်စပ်ရှိ နေတိုးအဖွဲ့ဝင်နိုင်ငံများရှိရာ၌ အမေရိကန်က တင့်ကားများနှင့် လက်နက်ကြီးများထားရှိရန် စီစဉ်နေကြောင်း ရုရှားအာဏာပိုင်များက ရှုတ်ချခဲ့ပြီးနောက်တစ်ရက်တွင် ပူတင်က မှတ်ချက်ချခဲ့ခြင်း ဖြစ်သည်။

စစ်အေးတိုက်ပွဲဖြစ်ပွားခဲ့သည့် သမိုင်းဆက်တစ်ခုပြီးနောက် ယခုလုပ်ရပ်သည် ဝါရှင်တန်၏ အလွန်အမင်းကျူးကျော်ရန်စလိုသော လုပ်ရပ်ဖြစ်သည်ဟု ပူတင်က ဆိုသည်။

တိုက်ချင်းပစ်ဒုံးပျံ (ICBM) သည် အနည်းဆုံး ကီလိုမီတာ ၅၅၀၀ အကွာအဝေးအထိ ရောက်ရှိနိုင်ပြီး လက်နက်တိုက်အတွင်း မည်သည့်ဒုံးကျည်များ ထပ်မံဖြည့်သွင်းသွားမည်ကို ပူတင်က အသေးစိတ်ပြောဆိုခြင်း မရှိခဲ့ပေ။

ယူကရိန်းသမ္မတဟောင်း ဗစ်တာယာနူကိုဗစ်ချ်လက်ထက်က သဘောတူညီခဲ့သည့် ငွေကြေး စာချုပ်အရ ယူကရိန်းက ရုရှားထံ ဒေါ်လာ သုံးဘီလီယံပြန်လည်ပေးဆပ်စေလိုကြောင်း ပူတင်က ပြောဆိုခဲ့သည်။

(ရိုက်တာ)





## ဆီးရီးယားတိုက်ပွဲများကြောင့် တူရကီနယ်စပ်သို့ ဒုက္ခသည် ၂၃၀၀၀ ကျော် ထွက်ပြေးတိမ်းရှောင်နေကြောင်း ကုလပြောကြား

**ဂျီနီဗာ ဇွန် ၁၇**

ဆီးရီးယား မြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများကို တိမ်းရှောင်ရင်း တူရကီနယ်စပ်သို့ စစ်ပြေးဒုက္ခသည်ပေါင်း ၂၃၀၀၀ ကျော် ဝင်ရောက်လာကြောင်း တူရကီအာဏာပိုင်များ၏ ပြောကြားချက်ကို အခြေခံ၍ ကုလသမဂ္ဂဒုက္ခသည်များကာကွယ်စောင့်ရှောက်ရေးအေဂျင်စီမှ အင်္ဂါနေ့က ထုတ်ဖော်ပြောဆိုလိုက်သည်။

တူရကီနယ်စပ်ရှိ မြို့ကို အစ္စလာမ်မစ်တပ်ဖွဲ့မှ တနင်္လာနေ့က သိမ်းပိုက်ခဲ့ကြောင်း ဆီးရီးယားကာဒစ်တပ်ဖွဲ့က ပြောကြားခဲ့သည်။ အမေရိကန်လေကြောင်းတိုက်ခိုက်မှုပြီးနောက် တိုက်ခိုက်မှုပိုမိုပြင်းထန်လာခဲ့ကြောင်း သိရသည်။

ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ မဟာမင်းကြီးရုံးမှ ပြောရေးဆိုခွင့်ရှိသူ ဝီလီယံစပင်ဒလ်လာက တယ်အက်ဘ်ရော့ နယ်စပ်မြို့ပတ်လည်ရှိ နှစ်ဖက်တပ်ဖွဲ့တို့ကြားဖြစ်ပွားနေသော တိုက်ပွဲတွင် ထွက်ပြေး တိမ်းရှောင်ကြသော ဆီးရီးယားလူမျိုးများဖြစ်ကြောင်း ပြောကြားခဲ့သည်။ မိုဆူးလ်၊ ရာမာဒီနှင့် ဖလူဂျာမြို့များမှ ထွက်ပြေးတိမ်းရှောင်လာကြသော အီရတ်ဒုက္ခသည် ၂၁၈၃ ဦးကျော်ရှိကြောင်း ထည့်သွင်းပြောကြားခဲ့သည်။

(ရိုက်တာ)

# ရေကြီးမှုကြောင့် ဝက် ၁၆၀၀၀ ရေမြုပ်သေဆုံး


**နန်နင်း ဇွန် ၁၇**

တရုတ်နိုင်ငံ အနောက်တောင်ပိုင်း ကွမ်ရှီးကျွမ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၌ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ဝက်မွေးမြူရေးခြံရေမြုပ်ကာ ဝက်အကောင်ပေါင်း ၁၆၀၀၀ ရေမြုပ်သေဆုံးခဲ့ကြောင်း မွေးမြူရေးတာဝန်ရှိသူတစ်ဦးက ပြောသည်။

အဆိုပါ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လူရေးမြို့ရှိ မွေးမြူရေးခြံတစ်ခြံ၌ မွေးမြူထားသော ဝက်များရေကြီးရေလျှံမှုကြောင့် ရေနစ် သေဆုံးခဲ့ကြောင်း တာဝန်ရှိသူက ပြောကြားသည်။

ရုတ်တရက် မိုးသည်းထန်စွာ ရွာသွန်းပြီး ဝက်ခြံများ ရေမြုပ်၍ ဝက်များ သေဆုံးခဲ့ရကြောင်း သိရသည်။

(ဆင်ဟွာ)



# မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းများ ပူးပေါင်းဆောင်ရွက်မှုဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

မိမိနိုင်ငံတွင် ကိုလိုနီဖြစ်ခဲ့ရသည့် အကျိုးဆက်တစ်ခုဖြစ်သော တိုင်းရင်းသားလက်နက်ကိုင် ပြဿနာများမှာ ယခုထိ မချုပ်ငြိမ်းသေးပါကြောင်း၊ ထိုအခြေအနေများကို တည်ငြိမ်အေးချမ်းအောင် ကြိုးစားလျက်ရှိပါကြောင်း၊ အရေးအကြီးဆုံးမှာ အမျိုးသားရေးတာဝန်ဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်၍ မရပါကြောင်း၊ ဆွစ်ဇာလန်နိုင်ငံ၏ အတွေ့အကြုံများနှင့် ပူးပေါင်းဆောင်ရွက်မှုများသည် မိမိတို့နိုင်ငံအတွက် များစွာအထောက်အကူရမည် ဖြစ်ပါကြောင်းဖြင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က တာဝန်ပြီးဆုံး၍ ပြန်လည်ထွက်ခွာတော့မည့် မြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်နိုင်ငံသံအမတ်ကြီး H.E.Mr. Christoph Burgener အား ယနေ့နံနက် ၉ နာရီခွဲတွင် ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံစဉ်(**အပေါ်ပုံ**) ထည့်သွင်းပြောကြားသည်။



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် ဧည့်သည်တော်သံအမတ်ကြီးက မြန်မာနိုင်ငံသည် မှန်ကန်သည့်လမ်းကြောင်းပေါ်သို့ ရောက်ရှိနေပါကြောင်း၊ ပြည်တွင်းအဖွဲ့အစည်းအချို့က ပြုပြင်ပြောင်းလဲမှုများ နှေးကွေးနေသည်ဟု ပြောဆိုသုံးသပ်ကြသော်လည်း မိမိတို့အမြင်တွင် ပြုပြင်ပြောင်းလဲမှုတိုင်းသည် တစ်ဆင့်ချင်းသွားရသည့် အနေအထားမျိုးတွင် ရှိကြောင်း၊ ထို့ကြောင့် နိုင်ငံတကာအမြင်နှင့် ကြည့်မည်ဆိုပါက ကောင်းမွန်သည့် အနေအထားမျိုးတွင် ရှိသည်ဟု သုံးသပ်လိုပါကြောင်း ပြောကြားသည်။


တပ်မတော် ကာကွယ်ရေးဦးစီးချုပ်က ဖက်ဒရယ်ကိုအခြေခံသည့် ပါတီစုံဒီမိုကရေစီစနစ်ကို လျှောက်လှမ်းရာတွင် နိုင်ငံတည်ငြိမ်အေးချမ်းရေးသည် အရေးကြီးကြောင်း၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့၏ တောင်းဆိုမှုများသည် ဒို့တာဝန်အရေးသုံးပါးကို ထိခိုက်စေမည့် အခြေအနေများ တွေ့ရှိရပြီး တည်ငြိမ်အေးချမ်းမှုကို ထိခိုက်စေသည့် လှုံ့ဆော်မှုများတွေ့ရှိရကြောင်း၊ ပြည်သူများ၏ဆန္ဒမှာ တည်ငြိမ်အေးချမ်းစွာဖြင့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းသို့ လျှောက်လှမ်းလိုကြောင်း၊ တပ်မတော်၏ဆန္ဒမှာ တည်ငြိမ်အေးချမ်းသည့် ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင်မာမာသွားလိုခြင်းဖြစ်ကြောင်း၊ ဥပဒေနှင့်အညီ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှု၊ မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု အခြေအနေများကို ဆွေးနွေးကြသည်။ **(မြဝတီ)**

# နယ်စပ်ဒေသတည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတိုးမြှင့်ဆောင်ရွက်ရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ် မစ္စတာ အဂျစ် ဒိုဗယ်အား ဇေယျာသီရိဗိမာန် ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ **(ယာပုံ)**



တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယ ဗိုလ်ချုပ်မှူးကြီး စိုးဝင်း၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး အိန္ဒိယနိုင်ငံ အမျိုးသားလုံခြုံရေး အကြံပေးပုဂ္ဂိုလ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံအမတ်ကြီး၊ စစ်သံမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် နှစ်နိုင်ငံတပ်မတော်နှစ်ရပ်အကြား ဆက်ဆံမှုတိုးမြှင့်ရေး၊ နယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတိုးမြှင့်ရေး၊ တပ်မတော်(ကြည်း) ကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန်စေလွှတ်ရေးကိစ္စရပ်များနှင့် တပ်မတော်နှစ်ရပ်အကြား ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးဆိုင်ရာများကို ညှိနှိုင်းဆွေးနွေးကြသည်။ **(မြဝတီ)**

*✻ ကျောဖုံးမှ*

လေဆိပ်ပြင်ပ ကားရပ်နားရာ ယာဉ်ဝန်းများအထိပါ ကွင်းပြည့်ကွင်းလျှံ မြင်ကွင်းအစုံစုံအဖုံဖုံကို မြန်မာ့အလင်းသတင်းအဖွဲ့ အနေဖြင့် ရောက်ရှိလာသည့် အားကစားသမားများ၏ ရင်တွင်းခံစားမှုနှင့် လှိုက်လှဲဝမ်းမြောက်စွာ ဆီးကြိုခဲ့သည့် ပြည်သူအချို့၏ ရင်တွင်းစကားသံများကို ရေးသားလိုက်ရပါသည်။

**ဦးစိုင်းဆမ်ထွန်း**
**(ရတနာပုံအသင်းပိုင်ရှင်)**

အခုပြန်ရောက်လာတဲ့ ယူ-၂၃ ဘောလုံးအသင်းရဲ့ စိတ်ဓာတ်ကို ချီးကျူးဂုဏ်ပြုပါတယ်။ ကြိုးစားမှုစိတ်ဓာတ်က ဘာမှပြောစရာမရှိပါဘူး။ ကျွမ်းကျင်မှုပိုင်းလိုတယ်ဆိုပေမယ့် ဒီလိုစိတ်ဓာတ်အပြည့်နဲ့သာ ကြိုးစားသွားရင် တစ်ချိန်မှာ မြန်မာ့ဘောလုံးလောကဟာ မအောင်မြင်စရာ အကြောင်းမရှိပါဘူး။ မြန်မာနိုင်ငံဘောလုံးလောက ရှေ့အလားအလာ အများကြီးကောင်းသွားမှာပါ။ အခုလို လူငယ်အားကစားသမားတွေကိုလည်း ဆရာတို့ ဆက်တိုက်မွေးထုတ်ပေးပါ့မယ်။ အခု ယူ-၂၃ အသင်းဟာ စိတ်ဓာတ်ပိုင်းရော၊ ကြိုးစားမှုပိုင်းပါ တော်တော်လေး ချီးကျူးဖို့ကောင်းပါတယ်။ စည်းကမ်းကောင်းတယ်၊ ညီညွတ်မှုကောင်းတယ်။ အခုလာရောက်ကြိုဆိုတဲ့ မြန်မာဘောလုံးပရိသတ်တွေကလည်း ရှုံးတာ၊ နိုင်တာထက် သူတို့တွေ နိုင်ငံအတွက် တတ်နိုင်တဲ့အားနဲ့ ကြိုးစားခဲ့မှုကိုဂုဏ်ပြုပြီး လာရောက်ကြိုဆိုကြတာပါ။

**ဦးကြည်လွင်**
**(ယူ-၂၃ အသင်းနည်းပြချုပ်)**

ကျွန်တော်တို့အသင်းကို အခုလို



ဦးကြည်လွင်



ကျော်ဇင်ဖြိုး



ထားထက်ထက်

ပြည်သူတွေ အားပေးကြိုဆိုတာ အလွန်ပဲဝမ်းသာပါတယ်။ ကျွန်တော်တို့ ပြည်သူတွေအပေါ် တာဝန်မကျေဘူးဖြစ်ခဲ့တယ်။ အတတ်နိုင်ဆုံးတော့ ကျွန်တော့်ကလေးတွေ ကြိုးစားခဲ့ပါတယ်။ ဒါကလည်း ပြည်သူတွေ အားကြောင့်ပါ။ ကျွန်တော့်အနေနဲ့ ကစားသမားဘဝရော နည်းပြဘဝမှာပါ အကြွေးထပ်တင်ခဲ့တယ်။ အဲဒီအကြွေးကိုအတတ်နိုင်ဆုံး ပြန်လည်ဆပ်နိုင်ဖို့ ကျွန်တော် ကြိုးစားသွားမှာပါ။ ဒုတိယဆုရလာတာတောင် ပြည်သူတွေ အခုလိုသောင်းသောင်းဖြဖြကြိုဆိုတာကို ကျွန်တော့်အနေနဲ့ အလွန်ပဲ ဝမ်းမြောက်မိသလို ကျေးဇူးလည်း အလွန်ပဲတင်ပါတယ်။ ကျွန်တော် တာဝန်ယူနေသမျှ မြန်မာဘောလုံးလောကကို အောင်မြင်မှု အထွတ်အထိပ် ရောက်အောင် အတတ်နိုင်ဆုံး ကြိုးစားသွားမယ်လို့ ပြည်သူတွေကို ကတိပေးချင်ပါတယ်။

**ကျော်ဇင်ဖြိုး (ယူ-၂၃ ဂိုး)**

ဒုတိယဆုနဲ့ ငွေတံဆိပ်ရရှိလာတာတောင် အခုလို ပြည်သူတွေ တစ်ခဲနက် အားပေးကြိုဆိုတာကို ကျွန်တော်ဝမ်းသာလွန်းလို့ ပြောမပြတတ်အောင်ပါပဲ။ ကျွန်တော်တို့ လေဆိပ်ကိုခြေချလိုက်တာနဲ့ ကွင်းထဲမှာ ကစားနေရတဲ့အသံမျိုး မြန်မာ---မြန်မာ--- လို့ အော်ဟစ်အားပေးတဲ့ မြန်မာဘောလုံးချစ်ပြည်သူတွေကို အလွန်ပဲအားနာမိပါတယ်။ ကျွန်တော်တို့ တာဝန်မကျေခဲ့ပါဘူး။ မြန်မာဘောလုံးချစ်ပရိသတ်အတွက် အောင်မြင်မှုဖလားရယူမပေးနိုင်ခဲ့လို့ အလွန်ပဲဝမ်းနည်းမိပါတယ်။ ပွဲစဉ်တစ်လျှောက်လုံး အခုလိုအားပေးတဲ့ မြန်မာဘောလုံးချစ် ပရိသတ်တွေကို ကျေးဇူးတင်လို့ မဆုံးပါဘူး။ ကျွန်တော့်အနေနဲ့ အတတ်နိုင်ဆုံး ဒီဘောလုံးအားကစားကို အစွမ်းကုန်ဆက်လက်ကြိုးစားသွားမှာပါ။

**ထားထက်ထက်**
**(မော်ဒယ်၊ သရုပ်ဆောင်)**

ဆီးဂိမ်းပြိုင်ပွဲမှာ ဒုတိယဆုရပြီး နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့တဲ့ ယူ-၂၃ ရဲ့ ကစားတဲ့စိတ်ဓာတ်ကို ကြိုက်လို့ အခုလို လာရောက်ကြိုဆိုတာဖြစ်ပါတယ်။ အခုလို ငွေတံဆိပ်ဆုရခဲ့တယ်ဆိုပေမယ့် မြန်မာပြည်သူတွေရဲ့ စိတ်ထဲမှာတော့ သူတို့က တာဝန်ကိုယ်စီကျေခဲ့တယ်လို့ယူဆပါတယ်။ အထူးသဖြင့် မြန်မာဘောလုံးချစ်ပရိသတ်တွေရဲ့ရင်ထဲမှာ သူတို့က အမြဲရှိနေပါတယ်။ ဒီ ယူ-၂၃ အသင်းဟာ တစ်သင်းလုံး အစုအဖွဲ့ကောင်းကြပါတယ်။ နိုင်လိုစိတ်လည်း ပြင်းထန်တဲ့အတွက် တစ်သင်းလုံးကို ကျွန်မအနေနဲ့ ကြိုက်ပါတယ်။ အထူးသဖြင့် နောက်ဆုံးထိုင်းနဲ့ကစားခဲ့တဲ့ပွဲမှာအတတ်နိုင်ဆုံး ကြိုးစားခဲ့တဲ့ ဂိုးသမား ကျော်ဇင်ဖြိုးကို အထူးပဲ ကျေးဇူးတင်ပါတယ်။

**ခင်ပြည့်စုံ**
**(ရန်ကင်းမြို့နယ်)**

အခုရောက်လာတဲ့ မြန်မာယူ-၂၃ အသင်းဟာ ဒီဆီးဂိမ်းပြိုင်ပွဲမှာ ရွှေနဲ့လွဲခဲ့ပေမယ့် မြန်မာပရိသတ်ရဲ့ ရင်ထဲမှာရှိတဲ့၊ ရင်ထဲကပေးတဲ့ ရွှေဆုကို တော့ရခဲ့တယ်လို့ ပြောရမှာပါ။ အခုလို အုပ်စုတက်ပြီး ဒုတိယဆုရရှိခဲ့တဲ့အတွက်လည်း ဂုဏ်ယူမိပါတယ်။ ဘာကြောင့်လဲဆိုတော့ မနှစ်က အိမ်ရှင်ဖြစ်တုန်းကတောင် အုပ်စုနဲ့ ထွက်ခဲ့ရတာ၊ အခုလို သူတစ်ပါးနိုင်ငံသွားကန်ရတာကို ဒုတိယဆုငွေရခဲ့တာ အားကစားသမားတွေအတွက် ဂုဏ်ယူပါတယ်။ နောက်လည်း ဆက်လက်ပြီး အခုလိုကြိုးစားကြပါ၊ ကျွန်မတို့ပြည်သူတွေအနေနဲ့ အမြဲတမ်း မြန်မာဘောလုံးအားကစားကို အားပေးနေမယ်လို့ ပြောချင်ပါတယ်။

ယခု သွားရောက်ယှဉ်ပြိုင်သည့် ဆီးဂိမ်းပြိုင်ပွဲတွင် မြန်မာအသင်းအနေဖြင့် ၁၉၇၃ ခုနှစ်တွင် နောက်ဆုံးအကြိမ် ရွှေတံဆိပ်ရရှိခဲ့သည်။ ၁၉၉၃၊ ၂၀၀၇ ခုနှစ်နှင့် ယခု ၂၀၁၅ ခုနှစ်တို့တွင် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်နိုင်ခဲ့ပြီး ဒုတိယအဖြစ်သာ ကျေနပ်ခဲ့ရသော်လည်း စင်ကာပူရောက် မြန်မာဘောလုံးချစ်ပြည်သူများ၏ မျိုးချစ်စိတ်ဓာတ်အပြည့်ဖြင့် အားပေးမှုကြောင့် ယခုကဲ့သို့ အနိုင်မခံ အရှုံးမပေးစိတ်ဓာတ်ကို အရင်းခံကာ ယှဉ်ပြိုင်ခဲ့၍ ငွေတံဆိပ်ဆုကို ဆွတ်ခူးရရှိ ခဲ့သည်။ ယင်းဆုအတွက် နိုင်ငံတော်သမ္မတကြီးကလည်း ဒီဆီးဂိမ်းပြိုင်ပွဲတွင် ရွှေတံဆိပ်မရရှိခဲ့သော်လည်း နိုင်ငံ့ဂုဏ်ဆောင်နိုင်ခဲ့မှုအပေါ် မြန်မာပြည်သူတစ်ရပ်လုံး ကိုယ်စား ဂုဏ်ယူမိပါကြောင်း၊ အသင်းသားအားလုံးပြည်သူသန်း ၅၀ ကျော်ရဲ့ ရင်ထဲကချစ်ခြင်းမေတ္တာကို ရရှိထားပြီးဖြစ်ကြောင်း၊ နည်းပြချုပ် ဦးကြည်လွင်နှင့် အသင်းသားအားလုံး ပြည်သူတွေရဲ့ ချန်ပီယံများသာဖြစ်သောကြောင့် အားပေးမှုသည် အင်အားတစ်ရပ်ဖြစ်၍ လာမည့်ပြိုင်ပွဲများတွင် ပြည်သူများ မျှော်လင့်ထားသည့်အတိုင်း အောင်မြင်မှုရရှိမည်မှာ အမှန်ပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ **ဓာတ်ပုံ-တင်စိုး၊ မိုးမခ**
**(မြန်မာ့အလင်း)**

*ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် ပတ်သက်ပြီး ရှုထောင့်အမျိုးမျိုးမှ သုံးသပ်ရေးသားသည့် ဆောင်းပါးများအနက် သတင်းနှင့် စာနယ်ဇင်းလုပ်ငန်း၏ အများပြည်သူ့ဝန်ဆောင်မှု မီဒီယာဆိုင်ရာ စံနှုန်းများနှင့်ကိုက်ညီသော ဆောင်းပါးများကို ရွေးချယ်ဖော်ပြပေးသွားမည် ဖြစ်ပါသည်။ ဆောင်းပါးတွင် ဖော်ပြထားသည့် သုံးသပ်ချက်များသည် ဆောင်းပါးရှင်၏ ကိုယ်ပိုင်ရှုမြင်သုံးသပ်ချက်များသာဖြစ်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ အယူအဆမဟုတ်ပါ။ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို စိတ်ဝင်စားသူများအနေဖြင့်လည်း ဆောင်းပါးများ ရေးသားပေးပို့နိုင်ပြီး သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း၏ မူဝါဒနှင့် ကိုက်ညီပါက ဖော်ပြပေးသွားမည်ဖြစ်ပါသည်။*

# မဲဆန္ဒရှင်တွေကို ကျေးဇူးတုံ့ပြန်သောအားဖြင့် လူထု၏မူလအခွင့်အရေးများကို ပိတ်ပင်တော့မှာလား

မောင်ကို

လွှတ်တော်က ထုတ်ပြန်လိုက်တဲ့ အခြေခံဥပဒေပြင်ဆင်တဲ့ ဥပဒေမူကြမ်းကို သေသေချာချာ ဖတ်ရှုပြီးတဲ့နောက် ဒီဆောင်းပါးကို ရေးသားလိုက်ရပါတယ်။ ကျွန်တော် နားလည်သလောက်ကတော့ ၂၀၀၈ ခုနှစ် အခြေခံဥပဒေဟာ သမ္မတစနစ်ကို အဓိက ဦးတည်ပုံဖော်ထားတာဖြစ်ပြီး ၁၉၄၇ ခုနှစ် အခြေခံဥပဒေ သဘောတရားတွေ စိမ့်ဝင်နေခဲ့ပါတယ်။ ဒါဟာ ဘာဖြစ်လို့လဲ ပြန်လည်လေ့လာကြည့်တော့ ဖွဲ့စည်းပုံအခြေခံဥပဒေ ရေးဆွဲခဲ့သူတွေဟာ ပါတီစုံဒီမိုကရေစီနိုင်ငံရေးစနစ်ကို အကောင်အထည်ဖော်ဖို့ တစ်ပါတီစနစ် ဖွဲ့စည်းပုံဖြစ်တဲ့ ၁၉၇၄ ခုနှစ် အခြေခံဥပဒေကို ကိုးကားနိုင်ခြင်းမရှိခဲ့တဲ့အတွက် ၁၉၄၇ အခြေခံဥပဒေကို အများဆုံး ကိုးကားရေးသားခဲ့ခြင်းဖြစ်ကြောင်း သိရှိရပါတယ်။ သို့သော်လည်း သမ္မတစနစ်ကို ပုံဖော်နိုင်အောင် အတတ်နိုင်ဆုံးကြိုးပမ်းအားထုတ်ထားတယ်ဆိုတာလည်း တွေ့ရှိရပါတယ်။

အစိုးရသတင်းစာတွေမှာ ဖော်ပြထားတဲ့ ပြင်ဆင်တဲ့ဥပဒေမူကြမ်း၊ အခြေခံဥပဒေ မူလပြဋ္ဌာန်းချက်များနဲ့ နှိုင်းယှဉ်ချက်ဇယားတွေအရ **ပထမဆုံးအချက်** အနေနဲ့ လွှတ်တော်ကို မေးချင်တာက ပါလီမန်စနစ်ကို ပြန်ပြီး အသက်သွင်းချင်တာလားဆိုတဲ့ မေးခွန်းပါပဲ။ အခွင့်အာဏာဟူသမျှ လွှတ်တော်ကရယူပြီး အာဏာရှင်လွှတ်တော်ပုံစံမျိုး ဖန်တီးနေတာဟာ သိပ်ကို အန္တရာယ်များတဲ့လုပ်ရပ်ဖြစ်ကြောင်း သတိပြုသင့်ပါတယ်။ ပါလီမန်ဒီမိုကရေစီခေတ်မှ အကွဲအပြဲတွေ ဘာကြောင့်ဖြစ်ခဲ့ရသလဲ၊ စစ်ဘက်အာဏာသိမ်းမှုတွေ ဘာကြောင့် ဖြစ်ခဲ့ရသလဲ၊ လွတ်လပ်ပြီးစ မြန်မာနိုင်ငံ ဒီကနေ့ အချိန်အထိ မပြီးနိုင် မစီးနိုင်တဲ့ ပဋိပက္ခမီးတွေဘာကြောင့် တောက်လောင်ခဲ့ရသလဲ။ ဒါတွေကို ပြည်သူ့ကိုယ်စားလှယ်တွေ နှိုင်းယှဉ်စဉ်းစားလေ့လာမှုတွေ လုပ်ခဲ့ပါသလား။ အင်္ဂလိပ်ပါလီမန်မှာ **"မိန်းမကို ယောကျာ်းဖြစ်အောင်၊ ယောကျာ်းကို မိန်းမဖြစ်အောင် မလုပ်နိုင်တာကလွဲလို့ ပါလီမန်ဟာ အရာရာလုပ်နိုင်တယ်" "Parliament can do everything but make a woman a man and a man a woman."** ဆိုတဲ့ စကားရှိပါတယ်။ ဒါက ပါလီမန်အာဏာရှင်ဖြစ်ကြောင်း ထင်ရှားစေတဲ့စကားဖြစ်ပါတယ်။ ဒါပေမယ့် သတိထားဖို့က အဲဒီလိုပြောခဲ့တဲ့ **ဗြိတိန်နိုင်ငံမှာ အခြေခံဥပဒေဆိုတာ မရှိဘူး** ဆိုတာပါပဲ။

Check And Balance ဆိုတဲ့ သဘောတရားကို တဖွဖွ ရေရွတ်ခဲ့ကြပါတယ်။ ကိုယ်က သူများတွေကို ထိန်းကျောင်းမှုပြုလုပ်ရင် ကိုယ့်ကိုလည်း သူများတွေက ပြန်ပြီး ထိန်းကျောင်းမှု ပြုတာကိုခံနိုင်ဖို့လိုပါတယ်။ အခုပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ မူလအာဏာပိုင်ရှင် ပြည်သူတွေကနေ ရွေးချယ်ပေးလိုက်တဲ့ ကိုယ်စားလှယ်တွေကို တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ပေးထားတဲ့ပုဒ်မကို ပယ်ဖျက်ထားပါတယ်။ Right to Recall လို့ခေါ်တဲ့ ဒီပုဒ်မကိုဘာကြောင့် ပယ်ဖျက်ရတာလဲဆိုတာနဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း သိလိုပါတယ်။ တောင်ဥက္ကလာပမြို့နယ်၊ တံတားဦးမြို့နယ်၊ ရခိုင်ပြည်နယ်က မြို့နယ်အချို့က ရွေးချယ်တင်မြှောက်ခဲ့တဲ့ အမတ်တွေကို အဲဒီမဲဆန္ဒနယ်က ပြည်သူတွေက ဖြုတ်ချဖို့ လက်မှတ်ရေးထိုးတောင်းဆိုခဲ့ကြကြောင်း သိခဲ့ရပါတယ်။ လိုအပ်တဲ့ ဥပဒေပြဋ္ဌာန်းထားတာ မရှိသေးလို့ဆိုတဲ့ အကြောင်းပြချက်နဲ့ ဥပဒေကြမ်းပြုစုပြီး အချိန်ဆွဲလာခဲ့တာ လွှတ်တော်သက်တမ်း ကုန်ဆုံးခါနီး ရက်ပိုင်းပဲလိုတဲ့အချိန်အထိ ဖြစ်ပါတယ်။ အခုတော့ ပေါ်ပေါ်ထင်ထင်ပါပဲ၊ ဒီပုဒ်မကို ပယ်ဖျက်ပစ်မယ်ဆိုတော့ မတင့်တယ်ဘဲ ရုပ်ဆိုးနေမယ်ထင်ပါတယ်။ ဒါဟာမဲဆန္ဒရှင် ပြည်သူတွေကို လှည့်စားရာ၊ မထီမဲ့မြင်ပြုရာ ရောက်နေပါတယ်။ လွှတ်တော်ရဲ့ ဥပဒေ ပြုခွင့်အာဏာကို အသုံးချပြီး လွှတ်တော်ကိုယ်စားလှယ်တွေရဲ့ အကျိုးစီးပွားတစ်ခုတည်းကို ရှေးရှုရာ ရောက်ပါတယ်။ တရားဥပဒေစိုးမိုးတဲ့ နိုင်ငံတွေမှာဆိုရင် ဒီလိုလုပ်ဆောင်ချက်မျိုးဟာ အာဏာအလွဲသုံးစားမှု၊ အဂတိလိုက်စားမှုတွေနဲ့ အရေးယူလို့ရပါတယ်။ မေးချင်တဲ့မေးခွန်းတစ်ခုက အပြန်အလှန်ထိန်းကျောင်းရေးဆိုတဲ့ ယန္တရားကို ဘာဖြစ်လို့ ဖျက်ပစ်ချင်တာလဲဆိုတာပါပဲ။ နောင်အစဉ်အဆက် အာဏာရှင်လွှတ်တော်၊ တစ်ပါတီအာဏာရှင်တွေ ပေါ်ထွန်းလာအောင် ဒီကနေ့ လွှတ်တော်အမတ်တွေက ကြိုးပမ်းခဲ့တယ်ဆိုတာမျိုး ပြောစမှတ် ဖြစ်လာနိုင်ပါတယ်။ အလေးအနက်ထားပြီး ထောက်ပြလိုပါတယ်။ ပြည်သူ့ကိုယ်စားလှယ်မှန်ရင် မူလအာဏာပိုင်ရှင် ပြည်သူလူထုရဲ့ ထိန်းကျောင်းခွင့်ကို ပယ်ဖျက်ခြင်း မပြုကြဖို့ တောင်းဆိုချင်ပါတယ်။ ကိုယ့်ကို ရွေးချယ် တင်မြှောက်ပေးလိုက်တဲ့ ပြည်သူတွေအပေါ် သစ္စာရှိပါ၊ ရိုးသားကြပါဆိုတာကို ပြောချင်ပါတယ်။ Right to Recall ပုဒ်မ ဖြစ်တဲ့ပုဒ်မ ၃၉၆ (ခ) ကို ဘာကြောင့် ပယ်ဖျက်ရတယ်ဆိုတဲ့ ရှင်းလင်းချက်နဲ့ ဒီကနေ့အထိ အဲဒီပုဒ်မ အသက်မဝင်အောင် ဆောင်ရွက်ထားတဲ့ အခြေအနေတွေကို ပြည်သူလူထုကို ရှင်းလင်းတင်ပြပေးဖို့ ပြည်သူတစ်ဦးအနေနဲ့ တောင်းဆိုလိုပါတယ်။ **လွှတ်တော်အနေနဲ့ ပြည်သူလူထုကို ဒီကိစ္စရှင်းလင်းပေးဖို့ တာဝန်ရှိပါတယ်။**

**ဒုတိယအချက်** အနေနဲ့ ပုဒ်မ ၃၉၆ (ခ)ကို ပယ်ဖျက်လိုက်ခြင်းဟာ အခြေခံမူတွေနဲ့ ညီညွတ်ခြင်း ရှိ-မရှိ စဉ်းစားသုံးသပ်ကြဖို့လိုပါတယ်။ အခြေခံ ဥပဒေ၊ အခန်း(၁) အခြေခံမူများ၊ ပုဒ်မ ၃၈ မှာ ဒီလိုမျိုး ပြဋ္ဌာန်းထားပါတယ်-

"၃၈။ (က) နိုင်ငံသားတိုင်းသည် ဥပဒေနှင့်အညီ ရွေးကောက်တင်မြှောက်ခွင့်နှင့်ရွေးကောက်တင်မြှောက်ခံပိုင်ခွင့်ရှိသည်။

(ခ) ရွေးကောက်တင်မြှောက်ထားသော ပြည်သူ့ကိုယ်စားလှယ်ကို သက်ဆိုင်ရာ မဲဆန္ဒရှင်များက ဤဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပြဋ္ဌာန်းထားသော ပြဋ္ဌာန်းထားချက်များနှင့်အညီ တာဝန်မှ ပြန်လည်ရုပ်သိမ်းခွင့်ရှိသည်။"

ပုဒ်မ ၃၉၆ (ခ) ဟာ အခြေခံမူများရဲ့ ပုဒ်မ ၃၈ အရ ပြဋ္ဌာန်းထားခြင်းပဲဖြစ်ပါတယ်။ မူလမဲဆန္ဒရှင်တွေရဲ့ အထူးအခွင့်အရေးဆိုတာ လွှတ်တော်အမတ်တွေ သဘောပေါက်ကြစေလိုပါတယ်။ ဒီနေရာမှာ လွှတ်တော်အနေနဲ့ နားလည်ဖို့လိုတာက မူလမဲဆန္ဒရှင် ပြည်သူတွေရဲ့ အခွင့်အရေးကို ပယ်ဖျက်ချင်တယ်ဆိုရင် ပထမဆုံး ပုဒ်မ ၃၈ ကို ပယ်ဖျက်ဖို့လိုပါတယ်။ ပုဒ်မ ၃၈ ကို ပယ်ဖျက်မယ်ဆိုရင် ပြည်သူ့ဆန္ဒခံယူဖို့လိုပါတယ်။ ပုဒ်မ ၄၃၆ ပြဋ္ဌာန်းထားချက်အရ ပြည်သူလူထုရဲ့ သဘောတူညီမှုကို ရယူဖို့လိုပါတယ်။ မူလမဲဆန္ဒရှင်တွေရဲ့ အခွင့်အရေးကို မူလမဲဆန္ဒရှင် ပြည်သူတွေကို ပြန်ပြီးအတည်ပြုချက် ရယူရခြင်းဖြစ်တယ်ဆိုတာ နားလည်သဘောပေါက်ကြစေလိုပါတယ်။ ဒီအတိုင်းဆိုရင်တော့ ဒီအခြေခံဥပဒေကြီးဟာ ရှေ့နောက်မညီတဲ့ အခြေခံဥပဒေဖြစ်လာမှာ ကျိန်းသေပါတယ်။

**တတိယအချက်** အနေနဲ့ နိုင်ငံသားတွေရဲ့ မူလအခွင့်အရေးတစ်ရပ်ဖြစ်တဲ့ Right to Recall ကို ပယ်ဖျက်ဖို့ကြိုးစားခြင်းဟာ နိုင်ငံတော်ရဲ့အခြေခံမူ တစ်ရပ်ကို ပယ်ဖျက်ဖို့ကြိုးစားခြင်းဖြစ်ပါတယ်။ မဲဆန္ဒရှင်တွေကို မဖြစ်မနေ ပေးအပ်ရမယ့် ဒီအခွင့်အရေးကို ပိတ်ပင်ပယ်ဖျက်ခြင်းဟာ လွှတ်တော်အမတ်နဲ့ ပြည်သူအကြားက ပဋိညာဉ်ကိုချိုးဖောက်ရာရောက်နေပါတယ်။ ဒီအခွင့်အရေးကို **၁၉၄၇ ခုနှစ် အခြေခံဥပဒေ** ရဲ့ပုဒ်မ ၇၈ အရ ပေးအပ်ထားပါတယ်။ ဒါ့အပြင် **၁၉၇၄ ခုနှစ် အခြေခံဥပဒေ**၊ ပုဒ်မ ၁၅ နဲ့ ပုဒ်မ ၁၅၅ တို့အရလည်း ပေးအပ်ထားခဲ့ပါတယ်။ ဒါကြောင့် ၂၀၀၈ အခြေခံဥပဒေမှာ ပါဝင်နေတာပဲဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ အခြေခံဥပဒေသုံးခုစလုံးမှာ ထည့်သွင်းပြဋ္ဌာန်းခဲ့တဲ့ ဒီပြဋ္ဌာန်းချက်တွေကို ဘာဖြစ်လို့ ပယ်ဖျက်ဖို့စဉ်းစားခဲ့ကြတာလဲ နားလည်၍မရနိုင်ပါ။ လွှတ်တော်ကိုယ်စားလှယ်တွေ အနေနဲ့ လွှတ်တော်ထဲရောက်သွားပြီဆိုတာနဲ့ မိမိတို့ကိုရွေးချယ်ပေးလိုက်တဲ့ မဲဆန္ဒရှင်တွေကို လျစ်လျူရှုလို့မရနိုင်အောင် အစဉ်အဆက်အခြေခံဥပဒေရေးဆွဲခဲ့သူတွေက ရည်ရွယ်ချက်ရှိရှိ ထည့်သွင်းပြဋ္ဌာန်းခဲ့တာဖြစ်ပါတယ်။ ဒီပုဒ်မကို သာပယ်ဖျက်လိုက်ပြီဆိုရင် ရှေးလူတွေက အမြော်အမြင်ရှိရှိ လက်နဲ့ရေးခဲ့တာကို နောက်လူတွေက ခြေနဲ့ဖျက်ရာရောက်ရှိသွားစေနိုင်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ လူထုရဲ့ထိန်းကျောင်းမှုစောင့်ကြည့်မှုကို ခံယူဖို့လိုပါတယ်။ ရဲရဲရင့်ရင့် သတ္တိရှိရှိထိန်းကျောင်းခံရဲဖို့ အရေးကြီးပါတယ်။ ဒါမှသာ အချုပ်အခြာအာဏာသည် နိုင်ငံသားများထံမှ သက်ဆင်းသည်ဆိုတဲ့အဓိပ္ပာယ် ပြည့်ဝစေမှာဖြစ်ပါတယ်။ လွှတ်တော်ကို ပြည်သူက ပြန်ပြီးထိန်းကျောင်းနိုင်ဖို့၊ လွှတ်တော်အမတ်တွေ အမတ်ဖြစ်ပြီးတာနဲ့ **ကိုယ့်ကျေးဇူးရှင်တွေရဲ့ အကျိုးကို ဆောင်ရန် မမေ့စေဖို့** လူထုကိုထိန်းကျောင်းခွင့် အပ်နှင်းထားတာဖြစ်ပါတယ်။

နောက်ဆုံး **စတုတ္ထအချက်** အနေနဲ့ ဒီကိစ္စဟာ တစ်နိုင်ငံလုံးအတွက်သာမက နောင်လာမယ့် မျိုးဆက်သစ်တွေအတွက်ပါ အရေးကြီးလှတဲ့အတွက် နိုင်ငံသားတွေ ဘယ်လိုနိုင်ငံမျိုး တည်ဆောက်ချင်သလဲဆိုတာ ရှင်းရှင်းလင်းလင်းဖြစ်စေဖို့ လူထုသဘောထားကိုရယူဖို့ တောင်းဆိုလိုပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပြင်ဆင်ဖို့အတွက် လွှတ်တော်ရဲ့ဥပဒေကြမ်းဟာ ပါလီမန်စနစ်ကိုပြန်လည် အသက်သွင်းနေခြင်းပဲဖြစ်တာကြောင့် ပြည်သူတွေအနေနဲ့ သမ္မတစနစ်နဲ့ သွားချင်သလား၊ ပါလီမန် ဒီမိုကရေစီစနစ်ကိုပဲပြန်ပြီးသွားချင်သလား မေးဖို့လိုပါတယ်။ နိုင်ငံကို ဘယ်စနစ်၊ ဘယ်ပုံစံနဲ့ထူထောင်ချင်သလဲဆိုတဲ့ မေးခွန်းကို ရှင်းရှင်းလင်းလင်းဖြစ်အောင်မေးဖို့၊ အဖြေရှာဖို့ လိုပါတယ်။ ဒါဟာ အနာဂတ်နိုင်ငံတော်အတွက် သိပ်ကိုအရေးကြီးပါတယ်။ ပြည်သူထဲက ပြည်သူတစ်ယောက်အနေနဲ့ ဖြစ်စေချင်တာပြောပါဆိုလို့ရှိရင် သမ္မတစနစ်သွားမယ်ဆိုရင် သမ္မတစနစ်ကိုပီပီပြင်ပြင်ဖြစ်အောင် အခြေခံဥပဒေပြင်ပေးပါ။ ပြည်သူတွေကိုယ်တိုင် သမ္မတကိုတိုက်ရိုက်ရွေးချယ်တင်မြှောက်တဲ့ အခွင့်အရေးတွေ ရရှိလာအောင် အင်ဒိုနီးရှားနိုင်ငံရဲ့ သမ္မတရွေးကောက်တင်မြှောက်ပုံမျိုး၊ အမေရိကန်နိုင်ငံရဲ့ သမ္မတရွေးချယ်ရေးစနစ်လိုမျိုး၊ တောင်ကိုရီးယားနိုင်ငံရဲ့ သမ္မတရွေးချယ်ရေးစနစ်လိုမျိုးဖြစ်အောင် ပြင်ဆင်ပေးပါ။ သတ္တိရှိရှိ ရဲရဲဝံ့ဝံ့နဲ့ လူထုအနေနဲ့ တိုက်ရိုက်သမ္မတရွေးချယ်ခွင့်ရရှိအောင် ၂၀၀၈ အခြေခံဥပဒေကိုပြောင်းလဲပစ်လိုက်ပါ။ လူထုကို တိုက်ရိုက်ရွေးချယ်တင်မြှောက်ခွင့်ပေးလိုက်ပါ။ ပြီးတော့ လူထုကိုပြန်လည်ဖြုတ်ချခွင့် ပေးလိုက်ပါ။ ဒါဟာ အာဏာ (၃)ရပ်ရဲ့ မူလပိုင်ရှင်ပြည်သူလူထုရဲ့ ရပိုင်ခွင့်ဖြစ်တာကြောင့် ထိခိုက်ခံလို့ မရပါဘူး။

ဒီမိုကရေစီအပြောင်းအလဲမှာ လွှတ်တော်တွေရဲ့ အခန်းကဏ္ဍဟာသိပ်ကိုအရေးကြီးပါတယ်။ ဒါပေမယ့် လွှတ်တော်အာဏာရှင်စနစ်ကိုတော့ လုံးဝမလိုချင်ပါဘူး။ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံရဲ့ သမိုင်းကြောင်းကိုပြန်ကြည့်လိုက်ရင် ပါလီမန် စနစ်ကိုကျင့်သုံးခဲ့ပြီးပါပြီ။ ဒီပါလီမန်စနစ်ရဲ့ အားနည်းချက်နဲ့ နိုင်ငံရေးသမားတွေရဲ့ လောဘ၊ အာဃာတတွေကို နိုင်ငံ့အရေးအရာဆုံးဖြတ်တဲ့ ပါလီမန်ထဲသယ်ယူအသုံးချခဲ့တာတွေကြောင့် တိုင်းပြည်ပြိုကွဲရမယ့် အခြေအနေအထိရောက်ရှိခဲ့တဲ့ သမိုင်းသင်ခန်းစာရှိပြီးဖြစ်လို့ပါပဲ။ တစ်ပါတီအာဏာရှင်စနစ်ကို ကျင့်သုံးခဲ့ပြီးပါပြီ။ တိုင်းပြည် ချွတ်ခြုံကျပြီး ဆင်းရဲတွင်းထဲရောက်ရှိခဲ့ရပါတယ်။ တိုင်းပြည်နောက်ကျကျန်ရစ်ခဲ့ပြီး သူများနိုင်ငံတွေက ဖြတ်ကျော်သွားခဲ့ပါတယ်။ အခု Hybrid သမ္မတစနစ်နဲ့ ကျင့်သုံးလာတာ ငါးနှစ်ပြည့်ပါတော့မယ်။ အနည်းဆုံး လူရိုသေ ရှင်ရိုသေတော့ ဖြစ်လာခဲ့တယ်ဆိုတာ ငြင်းလို့မရပါဘူး။

အခြေခံဥပဒေပြင်ရမယ်ဆိုတာ လက်ခံပါတယ်။ ပြင်ချင်ရင်လည်း ရဲရဲကြီး ပြင်ပါ။ လူထုကိုရှင်းရှင်းလင်းလင်းဖြစ်အောင် ရှင်းပြပါ။ လူထုရဲ့ သဘောထားကို ရယူပါ။ ပါလီမန်စနစ်ကို လူထုကကြိုက်ရင် ပါလီမန်ဒီမိုကရေစီကိုပြန်သွားပါ။ သမ္မတစနစ်ကိုလူထုကလိုလားရင် သမ္မတစနစ်ကိုပြတ်ပြတ်သားသား ပုံဖော်ပါ။ လက်ရှိ လွှတ်တော်ထဲက အမတ်တွေဟာ လူထုကိုယ်စားရွေးကောက်တင်မြှောက်ထားတဲ့ တစ်ဆင့်ခံကိုယ်စားလှယ်တွေဖြစ်ပါတယ်။ အမှန်ကတော့ အခြေခံဥပဒေ ပြင်တော့မယ်ဆိုရင် ကိုယ့်မဲဆန္ဒနယ်က ပြည်သူတွေဆီပြန်သွား၊ မဲဆန္ဒရှင်တွေရဲ့ သဘောထားကိုရယူ၊ ပြီးတော့မှ လွှတ်တော်ထဲကိုပြန်သွား၊ ကိုယ့်ကိုရွေးချယ်ပေးခဲ့တဲ့ လူထု သဘောထားအတိုင်း ရပ်တည်ရမှာဖြစ်ပါတယ်။ ကိုယ်တစ်ဦးတည်း သဘောထားနဲ့ ရပ်တည်မရတာကို နားလည်သဘောပေါက်ဖို့လိုပါတယ်။ လွှတ်တော်ထဲမှာ မဲပေးမှုတိုင်း၊ ဆွေးနွေးမှုတိုင်းမှာ လွှတ်တော်အမတ်တစ်ဦးချင်း မဲပေးနေတာ၊ ဆွေးနွေးနေတာမဟုတ်ဘူး၊ ဒီအမတ်ကိုရွေးချယ်ပေးလိုက်တဲ့ ပြည်သူတွေရဲ့ သဘောထားကို ကိုယ်စားပြုပေးနေတယ်ဆိုတာ သတိပြုစေလိုပါတယ်။ ဒီလိုမျိုးမူလမဲဆန္ဒရှင် ပြည်သူတွေကို ပြန်လှည့်မကြည့်ဘူး၊ ဂရုမစိုက်ဘူးဆိုရင် ပြည်သူတွေက ဒီလိုအမတ်မျိုးကိုဖြုတ်ချပစ်ရမှာပါပဲ။ ဒါကတကယ့်ကို ပီပြင်တဲ့ Check And Balance သဘောတရားပါ။ လူထုကို လေးစားမှုနဲ့ပေးထားတဲ့ ဒီလိုပုဒ်မမျိုးကို အဲဒီလူထုကပဲ တင်မြှောက်ပေးလိုက်တဲ့ လွှတ်တော်အမတ်တွေက ပြင်ဆင်ဖို့ကြိုးစားလာခဲ့တာဟာ အမှန်တော့ ဝမ်းနည်းစရာကောင်းပါတယ်။

နေပြည်တော်က လွှတ်တော်ခန်းမကြီးတွေထဲမှာ ပထမအကြိမ်လွှတ်တော် အစည်းအဝေးတွေကျင်းပခဲ့တဲ့ ၂၀၁၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်နေ့က လွှတ်တော် အမတ်တွေရဲ့ ခံစားခွင့်၊ ရပိုင်ခွင့်တွေကို ပြန်စဉ်းစားပြီး လက်ရှိအချိန်မှာ လွှတ်တော် အမတ်တစ်ဦးချင်း ဘာတွေဘယ်လိုတိုးတက်ရရှိလာပြီလဲဆိုတာ သတိပြုစေလိုပါတယ်။ မိမိကိုယ်တိုင်ဘာတွေပြောင်းလဲသွားပြီလဲဆိုတာ ပြောရရင် အနည်းဆုံးတော့တစ်လဆယ်သိန်း၊ တစ်လအသုံးစရိတ်ခြောက်သိန်း စုစုပေါင်းတစ်လကို ဆယ့်ခြောက်သိန်းရရှိနေပါပြီ။ ကဲဒါဆိုရင်အဲဒီလို ခံ့ခံ့ညားညားကြီးဖြစ်စေဖို့ တင်မြှောက်ပေးလိုက်တဲ့ပြည်သူတွေရောဘာတွေတိုးတက်လာပြီလဲ။ ပြည်သူတွေမှာတော့ အခြေခံဥပဒေကပေးထားတဲ့အခွင့်အရေးတောင်ပယ်ဖျက်ခံရတော့မယ့်အခြေအနေနဲ့ ရင်ဆိုင်နေရပါပြီ။ ဒီလွှတ်တော်သက်တမ်းမှာ လွှတ်တော်အမတ်တွေရဲ့အကျိုးစီးပွား၊ ရပိုင်ခွင့်တွေဘယ်လောက်အထိလုပ်ဆောင်နိုင်ခဲ့သလဲ ဆိုတဲ့အချက်ကို အကျယ်ချဲ့ပြီးမရေးလိုပါဘူး။ တော်တော်ကြီးကို လုပ်ခဲ့ကြတယ်ဆိုတာပြည်သူတွေကသိပါတယ်။ အခုပြင်ဆင်တဲ့ ဥပဒေကြမ်းမှာ သမ္မတရဲ့အခွင့်အာဏာတွေကို လျှော့ချထားတာတွေထင်ထင်ရှားရှားတွေ့မြင်ရသလိုမဏ္ဍိုင်(၃)ရပ်အကြားအရှုပ်ရှုပ်အထွေးထွေး ဖြစ်စေမယ့်ပြင်ဆင်ချက်တွေပါရှိနေတာကိုလည်း တွေ့ရှိရပါတယ်။ တရားရေးမဏ္ဍိုင်ရဲ့ လွတ်လပ်မှုကို ကန့်သတ်တဲ့ပြင်ဆင်ချက်တွေ ပါဝင်နေတာတွေ့ရှိရတဲ့အတွက် လွတ်လပ်မှုမရှိတဲ့ တရားစီရင်ရေးစနစ်ကို ဖြစ်ပေါ်လာစေမှာဖြစ်ပါတယ်။ မဏ္ဍိုင်ကြီး တစ်ရပ်ရပ်က ဩဇာကြီးထွားလာပြီး အာဏာရှင်ဆန်ဆန်ထိန်းချုပ်တာတွေ မဖြစ်အောင်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဆိုတာထည့်သွင်းဖွဲ့စည်းထားပါတယ်။ ဒါပေမယ့်လက်ရှိအနေအထားမှာ ခုံရုံးဆိုတာဟာလည်း လွှတ်တော်ရဲ့ဥပဒေပြင်ဆင်ချက်တွေကြောင့် သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ဖို့ခက်ခဲနေပါတယ်။ ခုံရုံးအပါအဝင် တရားစီရင်ရေးမဏ္ဍိုင် တစ်ရပ်လုံးဟာ လွတ်လပ်စွာရပ်တည်နိုင်ရမယ်၊ သီးခြားရပ်တည်ရမယ်၊ မည်သူ့ ဩဇာလွှမ်းမိုးမှုအောက်ကိုမှ ရောက်လို့မရပါဘူး။

**အခြေခံဥပဒေပြင်ရမယ်ဆိုတာ လက်ခံပါတယ်။ ပြင်ချင်ရင်လည်း ရဲရဲကြီးပြင်ပါ။ လူထုကိုရှင်းရှင်းလင်းလင်းဖြစ်အောင်ရှင်းပြပါ။ လူထုရဲ့ သဘောထားကို ရယူပါ။ ပါလီမန်စနစ်ကို လူထုကကြိုက်ရင် ပါလီမန်ဒီမိုကရေစီကိုပြန်သွားပါ။ သမ္မတစနစ်ကိုလူထုကလိုလားရင် သမ္မတ စနစ်ကိုပြတ်ပြတ်သားသား ပုံဖော်ပါ။**

*စာမျက်နှာ ၇ သို့*

ပြည်ထောင်စုလွှတ်တော်အစည်းအဝေး

# လွှတ်တော်နှစ်ရပ်သဘောကွဲလွဲသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဆွေးနွေး



ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ကျင်းပစဉ်။ (သတင်းစဉ်)

**နေပြည်တော် ဇွန် ၁၇**

လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ယနေ့ကျင်းပသည့် ပြည်ထောင်စုလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၀ ရက်မြောက်နေ့တွင် ဆွေးနွေးသည်။

အစည်းအဝေး၌ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့်ဥပဒေကြမ်းကို လွှတ်တော်က အတည်ပြု မှတ်တမ်းတင်သည်။

ထို့နောက် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်က တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုနိုင်ရေး လွှတ်တော်ကိုယ်စားလှယ်များက ပါဝင်ဆွေးနွေးကြသည်။

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီက အမျိုးသားလွှတ်တော်က ပညာရှင်ကို အမှီအခိုကင်းသည့် ပညာရှင်ဟု တင်ပြခဲ့ခြင်းရည်ရွယ်ချက်မှာ ပညာရှင်ဖြစ်ရုံသာမက ဘက်မလိုက်ခြင်း၊ လွတ်လပ်စွာ ရပ်တည်သော၊ အမှီအခိုကင်းသောဟု ဆိုလိုပါကြောင်း၊ ပြီးခဲ့သည့် အမျိုးသားပညာရေးဥပဒေကိုအကြောင်းပြု၍ ဖြစ်ပေါ်ခဲ့သည့် နောက်ဆက်တွဲကိစ္စများတွင် ပါဝင်ပတ်သက်ခဲ့သူများသည် အမှီအခိုကင်းစွာ မရပ်တည်နိုင်ခဲ့၍ ဖြစ်ပါကြောင်း၊ အမျိုးသားပညာရေးအဆင့် အတန်းနှင့် အရည်အသွေးအာမခံ အကဲဖြတ်မှုကော်မတီတွင် ထိပ်တန်းပညာရှင်များပါဝင်သင့်ပြီး အမှီအခိုကင်းသည့် ပညာရှင်များဖြစ်ရန် လိုအပ်ပါကြောင်း၊ ထို့ကြောင့် အမျိုးသားလွှတ်တော်အတိုင်း အတည်ပြုပေးနိုင်ပါရန် ဆွေးနွေးခဲ့သည်။

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်က ကျောင်းသားသမဂ္ဂများ၏ အသံ၊ ခံစားချက်များကို တင်ပြနိုင်ရန်အတွက် သမဂ္ဂမှ ရွေးချယ်ပေးလိုက်သည့်ပညာရှင်များ၏ အခန်းကဏ္ဍကို ထင်ဟပ်ရန်လိုအပ်ပါကြောင်း၊ ယနေ့တွင် ကျောင်းသားသမဂ္ဂကိုယ်စားလှယ် အခန်းကဏ္ဍကို ငြင်းပယ်ခြင်းသည် သမိုင်းတွင် ပြန်လည်မေးခွန်းထုတ်ခံရမည်ဖြစ်ပါကြောင်း၊ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် တင်ပြလိုပါကြောင်း ဆွေးနွေးသည်။

ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ် ဦးမြင့်ထွန်းက ဥပဒေကြမ်းတွင်ပါဝင်သည့် အပိုဒ်အချို့သည် လွှတ်တော်နှစ်ရပ် သဘောကွဲလွဲသော်လည်း အဓိပ္ပာယ်တူညီမှုရှိသဖြင့် ဥပဒေသဘောအရ စကားလုံးကျစ်လျစ်စွာဖြင့် ရေးဆွဲသင့်ပါကြောင်း ဆွေးနွေးသည်။

**(သတင်းစဉ်)**

ပြည်သူ့လွှတ်တော်အစည်းအဝေး

# ဗဟိုဘဏ်အနေဖြင့် ငွေကြေးဆိုင်ရာအစီရင်ခံစာနှင့် ငွေရေးကြေးရေးတည်ငြိမ်ရေးဆိုင်ရာ အစီရင်ခံစာနှစ်ခုထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၁၇**

ပြည်သူ့လွှတ်တော် (၁၂) ကြိမ်မြောက် ပုံမှန်အစည်းအဝေး ၆၆ ရက်မြောက်နေ့ကို ယနေ့နံနက်ပိုင်းတွင် ကျင်းပသည်။

အစည်းအဝေး၌ လှည်းကူး မဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်းက **မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်နှင့်အညီ ပြည်ထောင်စုလွှတ်တော်သို့ အစီရင်ခံတင်ပြခဲ့ခြင်း ရှိ၊ မရှိနှင့် နိုင်ငံတော်၏ ငွေကြေးမူဝါဒနှင့် ငွေရေးကြေးရေး တည်ငြိမ်ရေးဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သတင်းအချက်အလက်များကို အများပြည်သူ သိရှိစေရန်အတွက် ဥပဒေပါပြဋ္ဌာန်းချက်အတိုင်း ထုတ်ပြန်ကြေညာခဲ့ခြင်းရှိ၊ မရှိ** မေးခွန်းနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦးက မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ အစိုးရအဖွဲ့နှင့် ပြည်ထောင်စုလွှတ်တော်သို့ ဗဟိုဘဏ်၏ အဓိကတာဝန်ကြီးသုံးရပ်ဖြစ်သော ငွေကြေးတည်ငြိမ်ရေး၊ ငွေရေးကြေးရေးစနစ် တည်ငြိမ်ရေးနှင့် ထိရောက်သော ငွေပေးချေမှုနှင့် စာရင်းရှင်းလင်းမှုစနစ်များ ခိုင်မာတိုးတက်ရေးတို့နှင့် စပ်လျဉ်းသည့် ဆောင်ရွက်ချက်များကို ၂၀၁၃ ခုနှစ် နိုဝင်ဘာလနှင့် ၂၀၁၄ ခုနှစ် မတ်လ တို့တွင် လွှတ်တော်သို့ ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌများက တင်ပြအစီရင်ခံခဲ့ပါကြောင်း။

ဥပဒေပါ ပြဋ္ဌာန်းချက်နှင့်အညီ သတင်းအချက်အလက် ထုတ်ပြန်မှု ဆောင်ရွက်နိုင်ရန် မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ငွေကြေးဆိုင်ရာ အစီရင်ခံစာနှင့် ငွေရေးကြေးရေး တည်ငြိမ်ရေးဆိုင်ရာ အစီရင်ခံစာနှစ်ခု ထုတ်ပြန်နိုင်ရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ ငွေရေးကြေးရေးဆိုင်ရာ စာရင်းအင်းများကို အမှန်ကိန်းဂဏန်းများ မရရှိနိုင်သေးသည့်



မြန်မာနိုင်ငံတော် ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်စောဦး ဖြေကြားစဉ်။ (သတင်းစဉ်)

အတွက် တင်ပြနိုင်ခြင်းမရှိသေးသော်လည်း အမှန်ကိန်းဂဏန်းများ ရရှိသည့်အခါတွင် လွှတ်တော်သို့ တင်ပြခြင်းကိုလည်းကောင်း၊ အများပြည်သူသိရှိစေရန်အတွက် ထုတ်ပြန်ကြေညာခြင်းကိုလည်းကောင်း ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

မော်လမြိုင်မဲဆန္ဒနယ်မှ ဒေါ်ခင်ဌေးကြွယ်က **သံလွင်မြစ်ပေါ်တွင် တည်ဆောက်မည့် ရေကာတာစီမံကိန်းများကြောင့် ဒေသခံများ၏ လယ်ယာမြေများ၊ ဥယျာဉ်ခြံမြေများ ဆုံးရှုံးရမှုအတွက် မည်သို့လျော်ကြေးပေးမည်နှင့် ရေကာတာ ဧရိယာအတွင်းရှိ သစ်များခုတ်ခြင်း၊ သဘာဝသယံဇာတများ တူးဖော်ထုတ်ယူခြင်းများကို မည်သို့လုပ်ဆောင်မည်ကို သိလိုခြင်း** မေးခွန်းနှင့်စပ်လျဉ်း၍ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအောင်သန်းဦးက စီမံကိန်းများဆောင်ရွက်ရာတွင် လူမှုစီးပွားဘဝ တာဝန်ယူမှုဆိုင်ရာ ဆောင်ရွက်မှု အခြေအနေများကိုလည်း ကွင်းဆင်းညှိနှိုင်းပြီးဖြစ်ပါကြောင်း၊ ဒေသအခြေအနေနှင့် လိုက်လျောညီထွေရှိမည့် သီးနှံ၊ သစ်ပင်များကိုညှိနှိုင်းပေးလျော်ရန် ဆွေးနွေးပြီးဖြစ်ပါကြောင်း။

ကွမ်းလုံစီမံကိန်းမှလွဲ၍ သံလွင်မြစ်ပေါ်ရှိ အခြားသောစီမံကိန်းများအတွက် ဖြစ်ပေါ်လာနိုင်မည့် အကျိုးသက်ရောက်မှုများကို တင်ပြနိုင်ခြင်း မရှိသေးပါကြောင်း၊ ကွမ်းလုံရေအားလျှပ်စစ်စီမံကိန်း ဆောင်ရွက်ခြင်းကြောင့် ထိခိုက်မည့်ရော်ဘာပင်များ



လှည်းကူး မဲဆန္ဒနယ်မှ ဦးဖြိုးမင်းသိန်း မေးမြန်းစဉ်။ (သတင်းစဉ်)

အတွက် နစ်နာကြေးများ ညှိနှိုင်းပေးချေလျက်ရှိပါကြောင်း၊ ပြောင်းရွှေ့ပေးရမည့် အိမ်ထောင်စု ၆၄ စုကိုလည်း ESIA အစီရင်ခံစာပါ တင်ပြချက်များအတိုင်း ပြည်သူလူထုကျေနပ်သည့် အဆင့် ရောက်ရှိသည်အထိ ဝန်ကြီးဌာန ရှမ်းပြည်နယ်အစိုးရအဖွဲ့နှင့် ဒေသခံရွာသားများ ညှိနှိုင်းပြီးစီးပြီဖြစ်ပါကြောင်း၊ ထိခိုက်ဆုံးရှုံးသည့် သဘာဝပတ်ဝန်းကျင်အား ပြန်လည်ကုစားပေးရေး၊ သစ်တောများ ပြန်လည်ပြုစုရေး၊ ဇီဝမျိုးစုံမျိုးကွဲများ ထိခိုက်မှုများ ပြန်လည်ကုစားရေးများကိုပါ ဆောင်ရွက်သွားရန် ဖက်စပ်ကုမ္ပဏီမှ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ သံလွင်မြစ်ပေါ်၌ တည်ဆောက်မည့် စီမံကိန်းများကြောင့် ထိခိုက်နစ်နာမှုများကိုလည်း ဖြေရှင်းဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်းဖြင့် ဖြေကြားသည်။

**(သတင်းစဉ်)**

*စာမျက်နှာ ၆ မှ*

တရားဥပဒေအထက်မှာ ဘယ်သူမှ ရှိလို့မရပါဘူး။ လွှတ်တော်အပါအဝင် ဘယ်သူမှ ဥပဒေအထက်မှာ နေချင်လို့မရပါဘူး။ လွှတ်တော်ကို ပြန်ပြီး ထိန်းကျောင်းနိုင်မယ့် ခုံရုံးဟာ ဥပဒေပြင်ဆင်ချက်တွေကြောင့် လွတ်လပ်စွာ ရပ်တည်နိုင်မှုအားနည်းခဲ့ရပြီး ဖြစ်ပါတယ်။ ယခုတစ်ခါ ပြည်သူလူထုရဲ့ ပြန်လည်ထိန်းကျောင်းခွင့်ကိုပယ်ဖျက်ဖို့အားထုတ်လာတာကို တွေ့ရပါတယ်။ ဒါဟာ ကိုယ့်ကိုတင်မြှောက်ပေးလိုက်တဲ့ လူထုရဲ့ကျေးဇူးတရားကိုမသင့်မလျော်ပိတ်ပင်တဲ့လုပ်ရပ်ဖြစ်တာကြောင့် အချိန်မီ တားဆီးကာကွယ်ကြဖို့လိုပါတယ်။ **မဲဆန္ဒရှင်တွေကို ကျေးဇူးတုံ့ပြန်သောအားဖြင့် မူလအခွင့်အရေးတွေ ပယ်ဖျက်လိုက်သည်**ဆိုတာမျိုးက ကြားလို့တောင် မကောင်းနိုင်ပါဘူး။

အချုပ်အားဖြင့်တင်ပြရရင် အခြေခံဥပဒေပြင်ဆင်တဲ့ဥပဒေကြမ်းဟာ **"ပါလီမန်သည်သာအခရာ"** Parliament is the King **ဆိုတဲ့ ပုံစံမျိုးကို ဦးတည်ပြီး ပြင်ဆင်ထားတယ်**လို့ပဲ ပွင့်ပွင့်လင်းလင်းအားမနာတမ်း ဝေဖန်ချင်ပါတယ်။ ဒါကြောင့် တစ်ကျော့ပြန်ပါလီမန်အကွဲအပြဲ အဆိုးသံသရာဇာတ်လမ်းအတိုင်း တိုင်းပြည်ကို အန္တရာယ်ကြားထဲ ဆွဲမသွင်းကြဖို့ မဲဆန္ဒရှင်ပြည်သူတွေရဲ့ မူလအခွင့်အရေးဆိုတာ ပိတ်ပင်ကောင်းတဲ့အရာမဟုတ်တဲ့အတွက် အချုပ်အခြာအာဏာရဲ့ မူလပိုင်ရှင်တွေကို လေးစားကြဖို့ အလေးအနက်ထား မေတ္တာရပ်ခံတင်ပြလိုက်ရပါတယ်။

## နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကျင်းပ

**နေပြည်တော် ဇွန် ၁၇**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ဆွစ်ကွန်ဖက်ဒရေးရှင်းနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာနတို့အကြား ချုပ်ဆိုသော နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲအခမ်းအနားအား ယနေ့နံနက် ၁၁ နာရီခွဲက နိုင်ငံခြားရေးဝန်ကြီးဌာန စတုရဂ်ဗလခန်းမ၌ ကျင်းပသည်။

အဆိုပါနားလည်မှုစာချွန်လွှာအား နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင်ဦးလွင်နှင့် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံဆိုင်ရာ ဆွစ်ဇာလန်သံအမတ်ကြီး မစ္စတာ ခရစ္စတော့ပ် ဘာဂျီနာတို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

ယင်းအခမ်းအနားသို့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ရန်ကုန်မြို့ ဆွစ်ဇာလန်နိုင်ငံ သံရုံးမှတာဝန်ရှိသူများ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

## မတ္တရာမြို့နယ်၌ မဲစာရင်းပြင်ဆင်ပေးရန် လျှောက်ထားသူ ၁၇၃၂ ဦးရှိ

**မတ္တရာ ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် မတ္တရာမြို့နယ်တွင် မဲဆန္ဒရှင်စာရင်းများကို ဇွန် ၈ ရက်မှစတင်၍ ရပ်ကွက်/ကျေးရွာ အထွေထွေရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများ၌ ကြေညာထားရာ ဇွန် ၁၆ ရက်အထိ လာရောက်ကြည့်ရှုသူ ၅၀၉၇၀ ဦးရှိခဲ့ပြီး ပြင်ဆင်ပေးရန် ပုံစံ(၃)ဖြင့် လျှောက်ထားသူ ၈၉၅ ဦး၊ ပုံစံ(၄) ဖြင့် လျှောက်ထားသူ ၂၀၈ ဦး၊ ပုံစံ(၄-က)ဖြင့် လျှောက်ထားသူ ၆၂၉ ဦး စုစုပေါင်း ၁၇၃၂ ဦးရှိခဲ့သည်။

မတ္တရာမြို့နယ်၌ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် မဲဆန္ဒပေးခွင့်ရှိသူပေါင်း ၁၆၇၅၁၄ ဦးရှိပြီး အဆိုပါမဲစာရင်းများကို ဇွန် ၂၁ ရက်အထိ ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**စိုးကျော်သူထွေး(မတ္တရာ)**

❋ ရှေ့ဖုံးမှ

ထိုသို့တွေ့ဆုံရာ၌ နိုင်ငံတော်သမ္မတက နိုင်ငံတော်ကို စီးပွားရေးအရ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နေသကဲ့သို့ ပြည်သူများ စိတ်ချမ်းသာပျော်ရွှင်အောင် အနုပညာမှတစ်ဆင့် ဆောင်ရွက်ပေးရန်လည်း မိမိတို့တွင် တာဝန်ရှိပါကြောင်း၊ ယဉ်ကျေးမှုအနုပညာများ၏ အဆင့်အတန်းသည်လည်း နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုကို တိုင်းတာသည့် စံတစ်ခုပင်ဖြစ်ပါကြောင်း၊ အနုပညာအဆင့်အတန်းမြင့်မားစေရန်အတွက် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု အပါအဝင် ပန်း(၁၀)မျိုးကို မြှင့်တင်ပေးရန်လိုပါကြောင်း။

နိုင်ငံတော် ဖွံ့ဖြိုးတိုးတက်ရေးတွင် အလုပ်သမား၊ လယ်သမား၊ အသိပညာရှင်၊ အတတ်ပညာရှင်များ အရေးကြီးသကဲ့သို့ အနုပညာရှင်များလည်း အရေးကြီးပါကြောင်း၊ ထို့ကြောင့် ရုပ်ရှင်၊ ဂီတ၊ သဘင်၊ ပန်းချီ၊ ပန်းပု ပြပွဲများကို တစ်နှစ်ပတ်လုံး တင်ဆက်နိုင်မည့် အနုပညာဗဟိုဌာနတစ်ခုကို ရန်ကုန်နှင့် မန္တလေးမြို့များ၌ တည်ဆောက်ပေးမည်ဖြစ်ကြောင်း၊ ထိုဗဟိုဌာနများ၏ စီမံခန့်ခွဲမှုကိုမူ အနုပညာရှင်များပါဝင်သည့် သီးခြားလွတ်လပ်သည့် အဖွဲ့အစည်းက တာဝန်ခံဆောင်ရွက်ရန် ဖြစ်ပါကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် နိုင်ငံတကာ အဆင့်မီ အနုပညာဗဟိုဌာန အကောင်အထည်ဖော်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နိုင်ငံတကာ အဆင့်မီ မြန်မာအနုပညာဗဟိုဌာန (ရန်ကုန်)နှင့်(မန္တလေး) တည်ဆောက်ရေးစီမံကိန်းများနှင့် ပတ်သက်၍ စီမံကိန်းဖြစ်ပေါ်လာမှု၊ စီမံကိန်း၏ ရည်ရွယ်ချက်၊ မြေနေရာသတ်မှတ်ရွေးချယ်မှုနှင့် တည်ဆောက်မည့် ဗိသုကာပုံစံများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးအေးမြင့်ကြူနှင့် ဒုတိယဝန်ကြီး ဦးစိုးတင့်တို့က နိုင်ငံတကာ အဆင့်မီ မြန်မာအနုပညာဗဟိုဌာန (ရန်ကုန်)နှင့် (မန္တလေး)တည်ဆောက်ရေး စီမံကိန်းများနှင့်ပတ်သက်၍ လိုအပ်သည်များကို ဖြည့်စွက်ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တက်ရောက်လာကြသည့် အနုပညာရှင်၊ အတတ်ပညာရှင်များက နိုင်ငံတကာအဆင့်မီ မြန်မာအနုပညာဗဟိုဌာန တည်ဆောက်ရေးစီမံကိန်းနှင့်ပတ်သက်၍ သက်ဆိုင်ရာနယ်ပယ်အလိုက် လိုအပ်ချက်များကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက ယခုတည်ဆောက်မည့် အဆောက်အအုံများသည် အဖွဲ့အစည်းတစ်ခုအတွက် ရည်ရွယ်တည်ဆောက်ခြင်း မဟုတ်ဘဲ နိုင်ငံတော်တည်ဆောက်ရေးတွင် ကဏ္ဍတစ်ရပ်အနေဖြင့် ဦးတည်ချက်ထား တည်ဆောက်ပေးခြင်းဖြစ်ပါကြောင်း။

ထို့ကြောင့် အဆိုပါ အဆောက်အအုံများ တည်ဆောက်ရေးစီမံကိန်းတွင် စနစ်တကျ စီမံခန့်ခွဲနိုင်ရန်အတွက် သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးမှ ကိုယ်စားလှယ်များ ပါဝင်သော ဗဟိုကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းဆောင်ရွက်သင့်ပါကြောင်း၊ ယခုဖြစ်ပေါ်လာမည့် အဆောက်အအုံများအား ရေရှည်တည်တံ့ခိုင်မြဲရေးအတွက် ထိန်းသိမ်းဆောင်ရွက်နိုင်ရန်လည်း လိုအပ်သော အုပ်ချုပ်မှုအဖွဲ့အား ဖွဲ့စည်းဆောင်ရွက်သွားရန် လိုအပ်ပါကြောင်းဖြင့် ပြန်လည်ရှင်းလင်းပြောကြားသည်။

တွေ့ဆုံပွဲ၌ ပြည်ထောင်စုဝန်ကြီး ဦးစိုးသိန်း၊ ဦးတင်နိုင်သိန်း၊ ဦးမြင့်လှိုင်၊ ဦးအုန်းမြင့်၊ ဦးအေးမြင့်ကြူ၊ ဦးရဲထွဋ်၊ ဒုတိယဝန်ကြီး ဦးစိုးတင့်၊ မြန်မာနိုင်ငံရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံးဗဟိုတို့မှ တာဝန်ရှိသူများ တက်ရောက်ဆွေးနွေးခဲ့ကြသည်။

(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် မြန်မာနိုင်ငံ ရုပ်ရှင်၊ သဘင်နှင့် ဂီတအစည်းအရုံး၊ မြန်မာနိုင်ငံ ပန်းချီ၊ ပန်းပု အစည်းအရုံးဗဟိုတို့မှ တာဝန်ရှိသူများနှင့် တွေ့ဆုံစဉ်။** (သတင်းစဉ်)

# လူကုန်ကူးမှုပူးပေါင်းဆောင်ရွက်မှု လမ်းညွှန်ချက်များနှင့် တရားစီရင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပ

နေပြည်တော် ဇွန် ၁၇

**လူကုန်ကူးမှု တားဆီးကာကွယ်ရေးဗဟိုအဖွဲ့၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် ဩစတြေးလျ-အာရှ လူကုန်ကူးမှုတိုက်ဖျက်ရေးစီမံကိန်း(AAPTIP)တို့က အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များအရ ဥပဒေအရာရှိများနှင့် လူကုန်ကူးမှုစုံစမ်းစစ်ဆေးသူ အမှုစစ်များအတွက် လူကုန်ကူးမှုပူးပေါင်းဆောင်ရွက်မှု လမ်းညွှန်ချက်များနှင့် တရားစီရင်ရေးဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဇွန် ၁၆၊ ၁၇ ရက်တို့တွင် နေပြည်တော် The Lake Garden Hotel ၌ ကျင်းပသည်။**



**လူကုန်ကူးမှုတားဆီးကာကွယ်ရေးဗဟိုအဖွဲ့ကိုယ်စား တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်း အမှာစကား ပြောကြားစဉ်။**

ဆွေးနွေးပွဲ ပထမနေ့တွင် လူကုန်ကူးမှု တားဆီးကာကွယ်ရေး ဗဟိုအဖွဲ့ကိုယ်စား တွဲဖက်အတွင်းရေးမှူး ရဲမှူးချုပ် ဝင်းနိုင်ထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါ်ခင်ချိုအုန်းက အမှာစကားပြောကြားသည်။ ထို့နောက် တက်ရောက်လာသူများက လူကုန်ကူးမှုဆိုင်ရာ နိုင်ငံတကာ၏ အနက်အဓိပ္ပာယ် ဖွင့်ဆိုချက်ကို ပြန်လည်ဆန်းစစ်သုံးသပ်ခြင်း၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတားဆီးကာကွယ်ရေးဥပဒေအပေါ် ခြုံငုံသုံးသပ်ခြင်း၊ ဥပဒေပါ ပြစ်မှုအင်္ဂါရပ်များ၊ သက်သေအထောက်အထားများနှင့်စပ်လျဉ်း၍ တိုက်ဆိုင်စစ်ဆေးရန် စာရင်းပြုစုခြင်းကဏ္ဍများကို ဆွေးနွေးကြသည်။ ဆက်လက်၍ အုပ်စုငယ်များခွဲ၍ ဖြစ်စဉ်(၃)ခုကို စိစစ်သုံးသပ်ပြီး လူကုန်ကူးမှု ဟုတ်/မဟုတ်နှင့် အဘယ့်ကြောင့်ဖြစ်သည်တို့ကို ဆုံးဖြတ်ခြင်းများ ဆွေးနွေးခဲ့ကြသည်။

ဒုတိယနေ့တွင် လူကုန်ကူးမှုများနှင့်ပတ်သက်ပြီး ရဲအရာရှိများနှင့် ဥပဒေအရာရှိများ ပူးပေါင်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အတားအဆီးများနှင့် စိန်ခေါ်မှုများကို စိစစ်သတ်မှတ်ခြင်း၊ စိစစ်သတ်မှတ်ထားသော အတားအဆီးများနှင့် စိန်ခေါ်မှုများကိုကျော်လွှားနိုင်မည့် နည်းလမ်းများ၊ ရဲအရာရှိများနှင့် ဥပဒေအရာရှိများအကြား ပေါင်းစပ်ညှိနှိုင်းမှု အားကောင်းစေမည့် အစီရင်ခံစာနှင့် အကြံပြုချက် မူကြမ်းပြုစုခြင်းနှင့် အချောသပ်ခြင်းကဏ္ဍများကို အုပ်စုငယ်များခွဲ၍ ဆွေးနွေးခဲ့ကြသည်။

အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို လူကုန်ကူးမှုဖြစ်စဉ်များတွင် ရဲတပ်ဖွဲ့ဝင်များနှင့် ဥပဒေအရာရှိများ၏ တာဝန်များ ထိရောက်စွာ ပူးပေါင်းဆောင်ရွက်ရေး၏ အရေးပါမှုကို နားလည် သဘောပေါက်စေရန်၊ မြန်မာနိုင်ငံရှိ ဥပဒေများအောက်တွင် လူကုန်ကူးမှုဆိုင်ရာ အမှုအကြောင်းခြင်းရာများ၊ သက်သေတို့နှင့်စပ်လျဉ်း၍ တရားစွဲဆိုသူများ ရင်ဆိုင်ကြုံတွေ့ရသည့် ဝန်ထုပ်ဝန်ပိုးကို ရဲတပ်ဖွဲ့ဝင်များ၊ ဥပဒေအရာရှိများနှင့် တရားသူကြီးများအကြား ဘုံနားလည် သဘောပေါက်မှုတစ်ရပ် ဖန်တီးရန် စသည့် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

# တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ(ယာယီ)နှင့် မြန်မာတိုင်းမ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

တရုတ်-မြန်မာနှစ်နိုင်ငံ သတင်းစာဆရာကိုယ်စားလှယ်အဖွဲ့များ အပြန်အလှန် လေ့လာရေးအစီအစဉ်အရ တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာအသင်း (All-China Journalists Association-ACJA) Farmer's Daily မှ President Mr.Tang Yuanjie ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ဥပ္ပါတသန္တိစေတီတော်အား ဖူးမြော်ကြည်ညိုပြီး ဆင်ဖြူတော်များကို လေ့လာကြည့်ရှုသည်။

မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ယုဇနတာဝါရှိ မြန်မာနိုင်ငံစာနယ်ဇင်းကောင်စီ (ယာယီ)ဒုတိယဥက္ကဋ္ဌ ဦးခင်မောင်လေး(ဖိုးသောကြာ)နှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးသည်။

ထို့နောက် တရုတ်ပြည်လုံးဆိုင်ရာ သတင်းစာဆရာအသင်းမှ ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် ဗိုလ်အောင်ကျော်လမ်းရှိ မြန်မာတိုင်းမ် သတင်းစာတိုက် အမှုဆောင်အရာရှိချုပ် Mr. Tony Child နှင့်အဖွဲ့အား တွေ့ဆုံဆွေးနွေးပြီး **(အောက်ပုံ)** ညပိုင်းတွင် လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

**(သတင်းစဉ်)**



# မဲဆန္ဒရှင်စာရင်းပြုစုခြင်း လုပ်ငန်းညှိနှိုင်းဆွေးနွေး

**ဗန်းမော် ဇွန် ၁၇။** ကချင်ပြည်နယ် ဗန်းမော်မြို့ ခရိုင်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲများနှင့် အရပ်ဘက်လူမှုအဖွဲ့အစည်းများ၏ မဲဆန္ဒရှင်စာရင်းပြုစုခြင်းဆိုင်ရာ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၁၁ ရက်က ဖရန့်ရှစ်ဟိုတယ်ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ခရိုင်ကော်မရှင်အတွင်းရေးမှူး ဦးကျော်ထူးက အမှာစကားပြောကြားပြီး ဒေသဘက်စုံဖွံ့ဖြိုးရေးအဖွဲ့တာဝန်ခံ ဦးဇော်ဂျာက တွေ့ဆုံပွဲကျင်းပရခြင်းနှင့် ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ဗန်းမော်၊ မိုးမောက်၊ မံစီ၊ ရွှေကူမြို့နယ် ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌများက မိမိတို့မြို့နယ်အလိုက် အခြေခံမဲစာရင်းပြုစုထားရှိမှုအခြေအနေ များကို ဆွေးနွေးတင်ပြကြသည်။ ဗန်းမော်ခရိုင်အတွင်း၌ အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၂၂ ရက်မှစတင်၍ ဇူလိုင် ၅ ရက်အထိ သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာများ၌ ထုတ်ပြန်ကြေညာထားမည်ဖြစ်ကြောင်း သိရသည်။

(ခရိုင် ပြန်/ဆက်)

# ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေပြဋ္ဌာန်း

## ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေ

(၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၃၂ ။)

၁၃၇၇ ခုနှစ်၊ ပထမဝါဆိုလဆန်း ၁ ရက်

(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကိုပြဋ္ဌာန်းလိုက်သည်။

၁။ ဤဥပဒေကို ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲဥပဒေကို ဒုတိယအကြိမ်ပြင်ဆင်သည့်ဥပဒေဟု ခေါ်တွင်စေရမည်။

၂။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၂)ကို ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ် (၁)တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ" ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ"ဆိုသည့်စကားရပ်ဖြင့် အစားထိုး၍ ပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)၊ ပုဒ်မခွဲငယ်(၂)အဖြစ် ပြောင်းလဲအမှတ်စဉ်ရမည်။

၃။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေပုဒ်မ ၂၂၊ ပုဒ်မ ၂၄၊ ပုဒ်မ ၂၅၊ ပုဒ်မ ၂၆၊ ပုဒ်မ ၄၉၊ ပုဒ်မခွဲ(က)နှင့် ပုဒ်မ ၅၅ တို့တွင်ပါရှိသော "နေပြည်တော်ကော်မရှင်အဖွဲ့ခွဲ"ဆိုသည့်စကားရပ်ကို "ပြည်ထောင်စုနယ်မြေ ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ"ဆိုသည့် စကားရပ်ဖြင့် အသီးသီးအစားထိုးရမည်။

၄။ ပြည်သူ့လွှတ်တော် ရွေးကောက်ပွဲဥပဒေတွင် -

(က) ပုဒ်မ ၆၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ရွေးကောက်ပွဲစတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်ပြီး ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူ၊"

(ခ) ပုဒ်မ ၁၄၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်း အစားထိုးရမည် -

"(က) ဤဥပဒေပါ ပြဋ္ဌာန်းချက်များနှင့် မဆန့်ကျင်သော နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် မဲဆန္ဒနယ်တစ်နယ်တွင် နေထိုင်သူလည်းဖြစ်၍ ရွေးကောက်ပွဲ စတင်ကျင်းပသည့်နေ့တွင် အသက် ၁၈ နှစ်ပြည့်သူလည်းဖြစ်လျှင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲက သက်ဆိုင်ရာမဲစာရင်း၌ ထည့်သွင်းဖော်ပြရမည်။"

(ဂ) ပုဒ်မ ၁၅၊ ပုဒ်မခွဲ (က)ကို အောက်ပါအတိုင်းအစားထိုးရမည်-

"(က) မဲဆန္ဒနယ်တစ်နယ်၏ မဲစာရင်းတွင် အမည်ပါဝင်သောနိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူတိုင်းသည် ယင်းမဲဆန္ဒနယ်တွင်သာ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည်။"

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

(ပုံ) သိန်းစိန်
နိုင်ငံတော်သမ္မတ
ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# မြန်မာနှင့် ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာရေးဆွေးနွေး



**မော်စကို ဇွန် ၁၇**

ရုရှားနိုင်ငံ မော်စကိုမြို့တွင် ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ရုရှားနိုင်ငံ လုံခြုံရေးကောင်စီ အတွင်းရေးမှူး မစ္စတာ နီကိုလိုင်း ပီပက်ထရစ်ရှက်ဖ် ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ဒေသစံတော်ချိန် နံနက် ၁၀ နာရီတွင် မော်စကိုမြို့ရှိ ခေတ္တတည်းခိုသည့် ပရဲစီးဒင့်တ်ဟိုတယ်ရှိ LIBRARY HALL ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီးဝေလွင်၊ ဒေါက်တာကိုကိုဦး၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်အောင်လင်းဒွေး၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း၊ ဦးသန့်ကျော်နှင့် တာဝန်ရှိသူများ၊ ရုရှားနိုင်ငံမှ ဒုတိယဝန်ကြီးများ၊ ရုရှားတပ်မတော် ကြည်းတပ် ဦးစီးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနှင့် ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှု တိုးတက်ခိုင်မာရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးကဏ္ဍများတွင် နှစ်နိုင်ငံ ပူးပေါင်းဆောင်ရွက်မှုများနှင့် နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုးနိုင်ရေးအတွက် ဆောင်ရွက်ထားရှိမှုများကိုလည်းကောင်း၊ သိပ္ပံနှင့် နည်းပညာကဏ္ဍတွင် မြန်မာနိုင်ငံ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနနှင့် ရုရှားနိုင်ငံပိုင် အဏုမြူစွမ်းအင်ကော်ပိုရေးရှင်း "ROSATOM" တို့အကြား နျူကလီးယားဆိုင်ရာ ဘေးအန္တရာယ်ကင်းရှင်းမှု၊ ရုပ်ပိုင်းဆိုင်ရာနှင့်ဓာတ်ရောင်ခြည်ဆိုင်ရာ ကာကွယ်မှု၊ နျူကလီးယားစွမ်းအင်၏ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ဓာတ်ရောင်ခြည်သက်ရောက်မှုအပေါ် ဆန်းစစ်မှု၊ နျူကလီးယားဆေးပညာ အသုံးပြုကုသသော ရောဂါကာကွယ်နည်းကုထုံးဆိုင်ရာ နည်းပညာနှင့်လုပ်ငန်းစဉ်၊ ဆက်စပ်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းစဉ်များပါဝင်သည့် ငြိမ်းချမ်းသော ရည်ရွယ်ချက်များအတွက် နျူကလီးယား စွမ်းအင်အသုံးချရေးနယ်ပယ်တွင် ပူးပေါင်းဆောင်ရွက်မှုအပေါ် နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးနိုင်ရေးနှင့် ပတ်သက်၍လည်းကောင်း၊ မူးယစ်ဆေးဝါးထိန်းချုပ်မှု ပူးပေါင်းဆောင်ရွက်ရေး၊ အကြမ်းဖက်မှုတိုက်ဖျက်ရေး၊ ပြစ်မှုဆိုင်ရာကိစ္စရပ်များ၊ နိုင်ငံတကာဆက်ဆံရေးတွင် နှစ်နိုင်ငံ အကျိုးဖြစ်ထွန်းစေမည့် ပူးပေါင်းဆောင်ရွက်မှုများ အာဆီယံ-ရုရှား ဆွေးနွေးပွဲကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း အပြန်အလှန် ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**(သတင်းစဉ်)**

# မြန်မာ-ရုရှား နှစ်ဖက်သောပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေး

မော်စကို ဇွန် ၁၇

**ရုရှားနိုင်ငံ မော်စကိုမြို့တွင်ရောက်ရှိနေသည့် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးညဏ်ထွန်းသည် ယမန်နေ့ ဒေသစံတော်ချိန် ညနေ ၅ နာရီခွဲတွင် မော်စကိုမြို့ရှိ ခေတ္တတည်းခိုနေထိုင်ရာ ပရဲစီးဒင့်တ်ဟိုတယ်၌ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းဥက္ကဋ္ဌ၊ အငြိမ်းစားဗိုလ်ချုပ်ကြီး Mr.Michael Dmitriev ဦးဆောင်သည့် တာဝန်ရှိသူများအား လက်ခံတွေ့ဆုံသည်။**(ယာပုံ)



ယင်းသို့ တွေ့ဆုံရာတွင် ဒုတိယသမ္မတနှင့်အတူ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

တွေ့ဆုံစဉ် မြန်မာနိုင်ငံ၌ မြန်မာ-ရုရှား ချစ်ကြည်ရေးအသင်း ဖွဲ့စည်းသွားရေး၊ မြန်မာ-ရုရှား နှစ်ဖက်သော ပြည်သူများအကြား ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးခဲ့ကြသည်။

ထို့အပြင် ဒုတိယသမ္မတ ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တွင် လိုက်ပါလာသည့် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသန့်ကျော်သည် ယနေ့ ဒေသစံတော်ချိန် နံနက် ၁၁ နာရီတွင် ရုရှားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီးဌာန၌ ဒုတိယနိုင်ငံခြားရေးဝန်ကြီး Mr.Igor V.Morgulov နှင့် သွားရောက်တွေ့ဆုံ၍ နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးကိစ္စရပ်များ၊ ခရီးစဉ်အတွင်း လက်မှတ်ရေးထိုးရန်ရှိသည့် နားလည်မှုစာချွန်လွှာများနှင့် သဘောတူစာချုပ်ကိစ္စရပ်များနှင့် ပတ်သက်၍လည်းကောင်း၊ ညနေ ၄ နာရီတွင် ရုရှားနိုင်ငံ၊ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာန၌ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး Mr. Sergey Donskoy နှင့် တွေ့ဆုံကာ နှစ်နိုင်ငံအကြား သဘာဝအရင်းအမြစ်များ ထိန်းသိမ်းရေးနယ်ပယ်၌ ပူးပေါင်းဆောင်ရွက်ရေးနှင့် ပတ်သက်၍လည်းကောင်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် မြန်မာနိုင်ငံ သတ္တုတွင်းဝန်ကြီးဌာနနှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနတို့အကြား ဘူမိဗေဒနယ်ပယ်၌ ကျွမ်းကျင်မှုဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး နားလည်မှုစာချွန်လွှာကို ဒုတိယဝန်ကြီး ဦးသန့်ကျော်နှင့် ရုရှားနိုင်ငံ သဘာဝအရင်းအမြစ်နှင့် ပတ်ဝန်းကျင်ရေးရာဝန်ကြီး Mr. Sergey Donskoy တို့က လက်မှတ်ရေးထိုးခဲ့ကြသည်။

**(သတင်းစဉ်)**

# တာဝန်ကိုယ်စီ တက်ညီလက်ညီ ထမ်းရွက်မည်

မေး/ရေး-မိုးသူဇာစိုး
ဓာတ်ပုံ-မုဒြာ

**ဇွန်လ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန (MICC-I) ၌ ကျင်းပတော့မည့် (၇)ကြိမ်မြောက် စီအယ်လ်အမ်ဗွီထိပ်သီးအစည်းအဝေးနှင့် (၆)ကြိမ်မြောက် အက်မက်စ်ထိပ်သီးအစည်းအဝေးများနှင့် ပတ်သက်၍ အောင်မြင်စွာ ကျင်းပ နိုင်ရေး အတွက် တက်ညီလက်ညီ ဆောင်ရွက်လျက်ရှိကြရာ ကဏ္ဍအလိုက် တာဝန်ထမ်းဆောင်လျက်ရှိနေသူများအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ကောက်နုတ်စုစည်းဖော်ပြလိုက်ပါသည်။**

**ဦးမြင့်သူ**
**ဒုတိယညွှန်ကြားရေးမှူးချုပ်**
**အာဆီယံရေးရာဦးစီးဌာန**

(၇)ကြိမ်မြောက် CLMV Summit နဲ့ (၆)ကြိမ်မြောက် ACMECS Summit မှာ အခမ်းအနားပြင်ဆင်ရေး ဆပ်ကော်မတီရဲ့ အတွင်းရေးမှူးအဖြစ်နဲ့ တာဝန်ယူဆောင်ရွက်နေပါတယ်။ အခမ်းအနားမှာ အဓိကအားဖြင့် ထိပ်သီးအစည်းအဝေးကြီးနှစ်ခုနဲ့ CLMV နဲ့ ACMECS နိုင်ငံခြားရေးဝန်ကြီး အစည်းအဝေး၊ အဆင့်မြင့်အရာရှိကြီးများအစည်းအဝေးဆိုပြီး အစည်းအဝေးခန်းတွေ ပြင်ဆင်ဆောင်ရွက်လျက်ရှိပါတယ်။ ဒါ့အပြင် နိုင်ငံတော်သမ္မတကြီးက အစည်းအဝေးတွေ တက်ရောက်လာတဲ့ နိုင်ငံတော်အကြီးအကဲတွေကို ကြိုဆိုဖို့အတွက် နောက်ခံစင်မြင့်နဲ့ Back Drop တွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီး ဖြစ်ပါတယ်။ ဒါ့အပြင် ကိုယ်စားလှယ်များအတွက် နားထောင်ဖို့ အခန်း (Listerning Room)တွေ၊ ကိုယ်စားလှယ်အဖွဲ့တွေ အတွက် Country Room တွေ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။

ထိပ်သီးအစည်းအဝေး နှစ်ခုနဲ့ဆက်စပ် အစည်းအဝေးတွေကို တက်ရောက်လာမယ့်ကိုယ်စားလှယ်အဖွဲ့ဝင်တွေနဲ့ သတင်းမီဒီယာအဖွဲ့ဝင်တွေကို အကျွေးအမွေး အစီအစဉ်အတွက်လည်း ဆောင်ရွက်ထားပြီးဖြစ်ပါတယ်။ မီဒီယာစင်တာကိုလည်း ပြန်ကြားရေးဝန်ကြီးဌာနနဲ့ ပူးပေါင်းပြီး စီစဉ်ထားပြီးဖြစ်ပါတယ်။



ဦးမြင့်သူ

အစည်းအဝေးမှာ အဓိကအနေနဲ့ ကမ္ဘောဒီးယား၊ လာအို၊ ထိုင်း၊ ဗီယက်နမ်နဲ့ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက ကိုယ်စားလှယ်တွေ တက်ရောက်မှာ ဖြစ်ပါတယ်။ တစ်နိုင်ငံချင်းစီအလိုက် အဆင့်မြင့်အရာရှိကြီးများ၊ နိုင်ငံခြားရေး ဝန်ကြီးနဲ့ အခြားဝန်ကြီးများ တက်ရောက်လာမှာ ဖြစ်ပါတယ်။ စုစုပေါင်းလူ ၂၀၀ ဝန်းကျင်လောက် တက်ရောက်လာမယ်လို့ ခန့်မှန်းထားပါတယ်။ မီဒီယာကလည်း တစ်ရာ့ငါးဆယ်လောက် တက်ရောက်မယ်လို့ ခန့်မှန်းထားပါတယ်။

အခမ်းအနားပြင်ဆင်ရေးအပြင် ဇွန်လ ၂၂ ရက်နေ့ ညမှာ နိုင်ငံတော်သမ္မတကြီးနဲ့ ဇနီးကနေ ညစာစားပွဲနဲ့ တည်ခင်းဧည့်ခံဖို့ ရှိပါတယ်။ ဒါ့အပြင် ဇွန်လ ၂၃ ရက်နေ့ ထိပ်သီးအစည်းအဝေးအပြီးမှာ ACMECS နိုင်ငံအကြီးအကဲများနဲ့ ACMECS ငါးနိုင်ငံက စီးပွားရေး ကိုယ်စားလှယ်ခေါင်းဆောင်တွေနဲ့ တွေ့ဆုံဖို့ အစီအစဉ်ရှိပါတယ်။ ဒီအတွက်လည်း လိုအပ်တဲ့ ပြင်ဆင်မှုတွေ ဆောင်ရွက်နေပါတယ်။ ညစာစားပွဲဆိုရင်လည်း ယဉ်ကျေးမှုဝန်ကြီးဌာနကနေ အကပဒေသာများနဲ့ ဖျော်ဖြေဖို့အတွက် ဆက်တိုက်လေ့ကျင့်မှုတွေ ဆောင်ရွက်နေပြီ ဖြစ်ပါတယ်။

မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ်က အာဆီယံဥက္ကဋ္ဌတာဝန်ထမ်းဆောင်ခဲ့ပါတယ်။ ၁၉၉၇ ခုနှစ်မှာ အာဆီယံအဖွဲ့ဝင်ဖြစ်ပြီးနောက်ပိုင်း ပထမဆုံးအကြိမ်အဖြစ် အောင်အောင်မြင်မြင်နဲ့ ဥက္ကဋ္ဌတာဝန်ကို ထမ်းဆောင်နိုင်ခဲ့ခြင်းဖြစ်ပါတယ်။ အဲ့ဒီအတွေ့အကြုံကို အခြေခံပြီး အခုလာမယ့် ထိပ်သီးအစည်းအဝေးတွေကိုလည်း အောင်မြင်အောင် ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။နိုင်ငံခြားရေးဝန်ကြီးဌာန အနေနဲ့၂၀၁၄ခုနှစ် အာဆီယံဥက္ကဋ္ဌ တာဝန်ယူဆောင်ရွက်စဉ်က ဘာသာရပ်ပိုင်းနဲ့ အခမ်းအနားပြင်ဆင်မှုအပိုင်းကို တာဝန်ယူခဲ့ပါတယ်။ မကြာခင်ကျင်းပတော့မယ့် CLMVနဲ့ ACMECS Summit မှာလည်း ဘာသာရပ်ပိုင်း၊ အခမ်းအနားပြင် ဆင်ရေးအပိုင်းနဲ့ သံတမန်အပိုင်းတွေ တာဝန်ယူဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။



ကိုဇော်ဦး



မအေးမြင့်ကြူ

**မအေးမြင့်ကြူ**
**သန့်ရှင်းရေးဝန်ထမ်း**
**MICC-I**

ကျွန်မက ဒီမှာ အလုပ်လုပ်နေတာ တစ်နှစ်လောက်ရှိပါပြီ။ လယ်ဝေးမြို့နယ် ခရမ်းကိုင်းရွာက လာပြီး အလုပ်လုပ်တာပါ။ သန့်ရှင်းရေးပိုင်းမှာ အာဆီယံပွဲတုန်းကတည်းက တောက်လျှောက် လုပ်လာခဲ့တာပါ။ ကျောင်းကတော့ ရှစ်တန်းအထိပဲ တက်ခဲ့ပါတယ်။ လစာက ကိုးသောင်းရပါတယ်။ အခုလည်း ဒီအစည်းအဝေးကြီးလုပ်ဖို့အတွက် တာဝန်ပေးထားတာမို့ တက်တက်ကြွကြွ ဆောင်ရွက်နေတာဖြစ်ပါတယ်။

**ကိုဇော်ဦး**
**သန့်ရှင်းရေးဝန်ထမ်း**
**MICC-I**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ညောင်စဉ်ရွာကပါ။ ဒီမရောက်ခင်တော့ တောင်သူပါ။ အခု ဒီရောက်တာ ကုမ္ပဏီတုန်းက သုံးနှစ်၊ အခု စည်ပင်နဲ့ တစ်နှစ်ဆိုတော့ လေး နှစ်လောက်ရှိပြီ။ သန့်ရှင်းရေးမှာ ခေါင်းဆောင်တော့ မဟုတ်ဘူး။ ဇုန်ခွဲပေးထားတာပါ။ တစ်ဇုန်မှာ ငါးယောက်၊ ခြောက်ယောက်၊ ခုနစ်ယောက်ရှိပါတယ်။ ဇုန်ကျယ်ရင် ကျယ်သလို လူအနည်းအများခွဲပြီး လုပ်ရပါတယ်။ ကိုယ့်ဇုန်နဲ့ကိုယ်သန့်ရှင်းရေးကို တာဝန်ယူရပါတယ်။ ပစ္စည်းတွေ အားလုံးထုတ်ပေးထားပါတယ်။

ကျွန်တော်တို့ ဌာနမှူးတွေက အခု ဇွန်လ ၂၂၊ ၂၃ ရက်နေ့မှာ အစည်းအဝေးရှိတယ်လို့ ပြောပါတယ်။ ကိုယ့်ဘက်ကကြိုတင်ပြင်ဆင်ထားဖို့၊ လုပ်တာကိုင်တာနဲ့ အဝတ်အစားဝတ်တာ သပ်သပ်ရပ်ရပ်ရှိဖို့၊ လူကြီးတွေနဲ့ တွေ့ရင်လည်း ရည်ရည်မွန်မွန်ဆက်ဆံဖို့ မှာထားပါတယ်။ အဓိကက တာဝန်ဖြစ်တဲ့ သန့်ရှင်းမှုအပိုင်းကို သေချာလုပ်ဖို့မှာထားပါတယ်။

ကျွန်တော့် အနေအထားနဲ့ ပြောရမယ်ဆိုရင်တော့ ဒီလိုနေရာကို ရောက်လာလိမ့်မယ်လို့ မျှော်လင့်မထားပါဘူး။ ဒီလိုအစည်းအဝေးကြီးကျင်းပမယ့် နေရာမှာ အလုပ်လုပ်ရတဲ့အတွက် ပျော်လည်း ပျော်ပါတယ်။လုပ်ရတာလည်း ဂုဏ်ယူပါတယ်။ ရွာမှာနေတာနဲ့တော့ မတူဘူးပေါ့။ မမြင်ဖူးတာတွေ မြင်ရတာလည်းရှိတယ်။ ကျွန်တော့်အနေနဲ့ ကြည်နူးမှုအများကြီးရှိပါတယ်။



မသင်းသင်းဝေ

**မသင်းသင်းဝေ**
**မြေယာရှုခင်းလုပ်သား**

ကျွန်မတို့က ဒီမှာလုပ်နေတာ ကြာပါပြီ။ ရွှေတောင်ကုမ္ပဏီနဲ့ကတည်းက လုပ်နေတာပါ။ အခုဆိုရင် စည်ပင်နဲ့ကတော့ လေးငါးလလောက်ရှိပါပြီ။ အခု ပန်းပင်တွေ စိုက်ရတယ်။ အဖျားတွေညီအောင် လိုက်ညှိရပါတယ်။ မနက်ခင်းပိုင်း ဒီကို ခုနစ်နာရီခွဲ ရောက်ပါတယ်။ ၁၂ နာရီထိုးရင် ခဏနားပါတယ်။ နေ့ခင်းဆို တစ်နာရီခွဲဆင်းပြီး ၅ နာရီဆို ပြီးပါတယ်။ ကျွန်မတို့က ခရမ်းကိုင်းကျေးရွာ လယ်ဝေးမြို့နယ်ကပါ။

မွေးချင်း ခုနစ်ယောက်မှာ ကျွန်မက ဒုတိယသမီးပါ။ ကျန်တဲ့ မောင်လေးက ပရိဘောဂ လုပ်ပါတယ်။ ညီမလေးတစ်ယောက်က ဒီနှစ် ဆယ်တန်းကို ဂုဏ်ထူး တစ်ဘာသာနဲ့ အောင်ပါတယ်။ ကျွန်မက အစ်မကြီးတစ်ဦးဆိုတော့ မိသားစုကို ဦးဆောင်ရပါတယ်။

လစာ ကိုးသောင်းရပါတယ်။ အခုက နေ့စားပါပဲ။ အမြဲတမ်းဝန်ထမ်းတော့ မဖြစ်သေးပါဘူး။ အကြိုအပို့အနေနဲ့ကတော့ မနက်ဆိုလာကြိုပြီး ညနေ ပြန်ပို့ပါတယ်။ ကျွန်မနေတဲ့ ခရမ်းကိုင်းရွာအထိ လာကြို၊ လိုက်ပို့ပါတယ်။

## မဲဆန္ဒရှင်စာရင်းများ လာရောက်ကြည့်ရှုသူနှင့်ပြင်ဆင်ဖြည့်စွက်သူများရှိ

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ခရိုင်လေးခရိုင်အတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန် ၈ ရက်မှ စတင်၍ထုတ်ပြန်ကြေညာခဲ့ရာ ဇွန် ၁၅ ရက်အထိ မန္တလေးခရိုင်အတွင်း လာရောက်ကြည့်ရှုသူ ၃၁၈၁၈ ဦးနှင့် ပြင်ဆင်ဖြည့်စွက်ကန့်ကွက်ရန်လျှောက်ထားသူမဲဆန္ဒရှင် ၉၉၂၀ ဦးအထိ ရှိလာပြီဖြစ်ကြောင်းသိရှိရသည်။



မန္တလေးခရိုင်၊ ကျောက်ဆည်ခရိုင်၊ ပြင်ဦးလွင်ခရိုင်နှင့်မြင်းခြံခရိုင်အတွင်းရှိ မြို့နယ် ၂၀ အတွက် ကြေညာပြသထားသော အခြေခံမဲဆန္ဒရှင်စာရင်းများအနက် မန္တလေးခရိုင် ခုနစ် မြို့နယ်စာရင်းတွင် မိမိအမည်မပါရှိ၍ပုံစံ-၃ဖြင့် လျှောက်ထားသူ ၄၆၁၇ ဦး၊ အမည်(သို့)မှတ်ပုံတင်နှင့်မွေးသက္ကရာဇ်တို့မှားယွင်းနေ၍ပုံစံ၄-(က) ဖြင့် ပြင်ဆင်လျှောက်ထားသူ ၃၀၈၀၊ မဲစာရင်းတွင် မပါဝင်သင့်သောသူများ ပါဝင်နေခြင်းအတွက် ပုံစံ-၄ ဖြင့် ကန့်ကွက် လျှောက်ထားသူ၂၂၂၄ ဦးတို့ရှိကြောင်း မန္တလေးခရိုင်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်မင်းအေးက ပြောသည်။

"ကြေညာတဲ့ရက်အစပိုင်းမှာ လာရောက်ကြည့်ရှုသူနည်းပါးခဲ့ပေမယ့် နောက်ပိုင်းရက်တွေမှာတော့ သိရှိပြီးစိတ်ဝင်တစား လာရောက်ကြည့်ရှုသူများလာတဲ့အပြင် ပြင်ဆင်ဖြည့်စွက်မှုတွေလည်းရှိလာပါပြီ။ အခုလျှောက်ထားမှုတွေကို ပြန်လည်စိစစ်ပြီး နောင်ကြေညာမယ့် မဲစာရင်းမှာပြုပြင်ထည့်သွင်းပေးမှာဖြစ်ပါတယ်။ အဓိကအနေနဲ့ကတော့ မဲဆန္ဒရှင်များအနေနဲ့ လာရောက်ကြည့်ရှုပြီး ပူးပေါင်းပါဝင်ဖို့လိုပါတယ်။ ဒီလိုလာကြည့်မှ မှားယွင်းနေတာတွေ သိရှိပြီး ပြင်ဆင်ပေးနိုင်မှာဖြစ်ပါတယ်"ဟု ၎င်းကပြောသည်။

၂၀၁၅ ခုနှစ်အောက်တိုဘာလကုန်မှ နိုဝင်ဘာလဆန်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကြီးတွင် မန္တလေးတိုင်းဒေသကြီးခရိုင် ခုနစ်ခရိုင်အတွက် အခြေခံမဲဆန္ဒရှင်စာရင်းမှာ လေးသန်းကျော်ရှိပြီး မန္တလေးခရိုင်တွင် မဲပေးပိုင်ခွင့်ရှိသူ ကိုးသိန်းကျော်ရှိကြောင်းနှင့် ကျန် သုံးခရိုင်အတွင်းရှိ မြို့နယ်များအတွက် အခြေခံမဲဆန္ဒရှင်စာရင်းများကို ဇွန်၂၂ ရက်မှ ဇူလိုင် ၅ ရက်အထိ အပြီးသတ်ကြေညာပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

## မိုးစပါးပုလဲသွယ် အရှိန်အဟုန်မြှင့်တင် စိုက်ပျိုးရေး ဆွေးနွေး

**နေပြည်တော် ဇွန် ၁၇**

နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏခရိုင် ဇမ္ဗူသီရိမြို့နယ်တွင် ၂၀၁၅-၂၀၁၆ မိုးစပါးပုလဲသွယ် အရှိန်အဟုန်မြှင့်တင်ရေးအတွက် ပညာပေးဟောပြောဆွေးနွေးခြင်းကို ဇွန် ၁၅ ရက်က တဲကြီးကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် နေပြည်တော် စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးတင်ဦးကြိုင်နှင့် ဒက္ခိဏခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှူး ဒေါ်အေးအေးမြင့်တို့က စိုက်ပျိုးတောင်သူများကို မိုးစပါးပုလဲသွယ်အရှိန်အဟုန်မြှင့်တင်ရေးအတွက် ပညာပေးဟောပြောဆွေးနွေးခဲ့သည်။ ဇမ္ဗူသီရိမြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးအောင်ဒင်က အထွက်တိုးပုလဲသွယ်စပ်မျိုးစပါးစိုက်ပျိုးထားရှိမှုများကို ရှင်းလင်းတင်ပြပြီး တောင်သူများသိရှိလိုသည့် မေးမြန်းချက်များကိုစိုက်ပျိုးရေးဦးစီးမှူးက ပြန်လည်ဖြေကြားခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (ရှုပဗေဒ)**

နိုင်ငံ့ဘက်စုံ တည်ဆောက်ရေး
မှန်မှန်ကန်ကန်အခွန်ပေး

# နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန အကောင်အထည်ဖော်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၇**

နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန အကောင်အထည်ဖော်ရေးကော်မတီ ပထမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၁၀ နာရီခွဲတွင် ဆောက်လုပ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီး ဦးစိုးတင့်က ပထမအကြိမ် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို လုပ်ငန်းများ အမြန်ဆုံးစတင် အကောင်အထည် ဖော်နိုင်ရေးအတွက် ကျင်းပရခြင်းဖြစ်ပါကြောင်း၊ အစည်းအဝေးတွင် အဆောက်အအုံ တည်ဆောက်ပုံ၊ အဆောက်အအုံအတွင်းပိုင်းရှိ စက်မှု၊ အသံ၊ လျှပ်စစ်နှင့် အခြားဆက်စပ် တည်ဆောက်ပုံနည်းစနစ်များ၏ အကြံဉာဏ်များရယူပြီး နိုင်ငံတော်အစိုးရ၏ ကျန်ရှိသည့် အချိန်ကာလတွင် နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန အဆောက်အအုံကို အမြန်ဆုံး အကောင်အထည်ဖော် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ ကော်မတီဝင်များနှင့် အနုပညာရှင်များက အကြံပြုဆွေးနွေးကြရန်နှင့် သတ်မှတ်ကာလအတွင်း အမြန်ဆုံးပြီးစီးရေး ဝိုင်းဝန်းပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် ဖြစ်ကြောင်း၊ တည်ဆောက်ရေးအပိုင်းတွင် မြို့ပြ၊ ရေသန့်၊ လျှပ်စစ်အင်ဂျင်နီယာများကို ခေါ်ယူပြီး နိုင်ငံတကာအတွေ့အကြုံရှိသူများနှင့် ကျွမ်းကျင်ပညာရှင်များ၏ နည်းပညာပိုင်းနှင့် အကြံဉာဏ်များ ရယူဆောင်ရွက်မည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကော်မတီဒုတိယဥက္ကဋ္ဌ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်မြင့်လှိုင်က နိုင်ငံတကာအဆင့်မီ အနုပညာဗဟိုဌာန တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကော်မတီအတွင်းရေးမှူးနှင့် ကော်မတီဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဗိသုကာ၊ ရေသန့်၊ လျှပ်စစ်တို့မှ တာဝန်ရှိသူများ၊ ရုပ်ရှင်၊ သဘင်၊ ဂီတ၊ ပန်းချီ၊ ပန်းပု အစည်းအရုံးတို့မှ အနုပညာရှင်များနှင့် တာဝန်ရှိသူများက သက်ဆိုင်ရာ ကဏ္ဍအလိုက် အကြံပြု ဆွေးနွေးတင်ပြကြရာ ကော်မတီဥက္ကဋ္ဌက ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

**(သတင်းစဉ်)**







# (၈)ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွားကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံ ဆဌမအကြိမ် အမျိုးသားအဆင့် ဦးစီးကော်မတီအစည်းအဝေးကျင်းပ

**နေပြည်တော် ဇွန် ၁၇**

မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းမှ (၈) ကြိမ်မြောက် အာရှပစိဖိတ်ဒေသ မျိုးဆက်ပွား ကျန်းမာရေးနှင့် အခွင့်အရေးဆိုင်ရာ ညီလာခံကျင်းပရန် ဆဌမအကြိမ် အမျိုးသားအဆင့် ဦးစီးကော်မတီအစည်းအဝေးကို ဇွန် ၁၆ ရက် နံနက် ၉ နာရီက အသင်းရုံး ဗဟိုအလုပ်အမှုဆောင် အစည်းအဝေးခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အဆိုပါ အစည်းအဝေးသို့ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေး၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း နာယကများ ဥက္ကဋ္ဌဒေါ်သဇင်နွယ်နှင့် တာဝန်ရှိပုဂ္ဂိုလ်များ၊ မျိုးဆက်ပွားကျန်းမာရေးဆိုင်ရာလုပ်ငန်းများ ဆောင်ရွက်နေသော လူမှုရေးအဖွဲ့အစည်းများ၊ ဖောင်ဒေးရှင်းများ၊ ပညာရှင်များ တက်ရောက်ခဲ့ကြပြီး ဒုတိယဝန်ကြီး ဒေါက်တာ ဒေါ်သိန်းသိန်းဌေးက အဖွင့်အမှာစကားပြောကြားခဲ့သည်။ ဆက်လက်၍ ညီလာခံကျင်းပရေး အမျိုးသားအဆင့် ဦးစီးကော်မတီ ဥက္ကဋ္ဌက ကြိုဆိုနှုတ်ဆက်စကား ပြောကြားခဲ့သည်။

ထို့နောက် 8th APCRSHR အစီအစဉ်ညှိနှိုင်းရေးမှူးက (၅)ကြိမ်မြောက်အမျိုးသားအဆင့် ဦးစီးကော်မတီအစည်းအဝေးနှင့် (၃)ကြိမ်မြောက်နိုင်ငံတကာအဆင့် ဦးစီးကော်မတီ အစည်းအဝေးများမှ အကြံပြုချက်များကို လည်းကောင်း၊ သက်ဆိုင်ရာ Sub-committeeများ၏ တာဝန်ရှိသူများက ရှေ့ဆက်လက်ဆောင်ရွက်ရမည့် လုပ်ငန်းများကို လည်းကောင်း အတည်ပြုကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ပင်လယ်ခရုစားရာမှ အစာအဆိပ်သင့်၍ လူ ၇၃ ဦး ဆေးရုံတက်ကုသရ

**မြိတ် ဇွန် ၁၇**

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် စန္ဒဝတ်ကျေးရွာအုပ်စု ရေမြစ်ကြီးကျေးရွာတွင် ဒေသခံပြည်သူများ ခရင်း(ပင်လယ်ခရု)ကို စားမိရာမှ အစာအဆိပ်သင့်မှုကြောင့် ဇွန် ၁၆ ရက် ညနေ ၃ နာရီကျော်က ဒေသခံရွာသူ ရွာသား ၇၃ ဦးသည် မြိတ်မြို့အထွေထွေရောဂါကုပြည်သူ့ဆေးရုံကြီးတွင် တက်ရောက်ကုသမှုခံယူလျက်ရှိကြောင်း သိရသည်။

ဖြစ်စဉ်မှာ စန္ဒဝတ်ကျေးရွာအုပ်စု ရေမြစ်ကြီးကျေးရွာ၌ ဇွန် ၁၅ ရက်က ၄င်းခရင်း(ပင်လယ်ခရု)များကို နို့ဆီဘူးတစ်ဘူးလျှင် ငွေကျပ် ၅၀၀ ဖြင့် အမျိုးသမီးတစ်ဦးက လာရောက်ရောင်းချသဖြင့် ရွာသူ၊ ရွာသားများက ဝယ်ယူစားသုံးရာ ဇွန် ၁၆ ရက်တွင် အစာအဆိပ်သင့်သူ သံဃာတစ်ပါး၊ အမျိုးသား ၂၈ ဦး၊ အမျိုးသမီး ၄၁ ဦး စုစုပေါင်း ၇၀ (မစိုးရိမ်ရ)တို့ မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ တက်ရောက် ဆေးဝါးကုသမှု ခံယူလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ ဇွန် ၁၇ ရက် နံနက် ၈ နာရီတွင် မြိတ်မြို့ ပြည်သူ့ဆေးရုံကြီးသို့ ရေမြစ်ကြီးကျေးရွာမှ ခရင်း(ပင်လယ်ခရု)စားမိသူ အစာအဆိပ်သင့်လူနာသုံးဦး ထပ်မံရောက်ရှိလာရာ မြိတ်မြို့ ပြည်သူ့ဆေးရုံကြီး၌ အတွင်းလူနာအဖြစ် တက်ရောက်ဆေးကုသမှု ခံယူလျက်ရှိပြီး ၄င်းအစာအဆိပ်သင့် လူနာများသည် ဗိုက်နာ၍ ဝမ်းအနည်းငယ်သွားကြောင်း၊ လူနာများ၏ အသက်အန္တရာယ် စိုးရိမ်စရာမရှိကြောင်းနှင့် ဆေးစစ်ဆေးမှုအရ သက်သာသောသူများကို ဆေးရုံမှ ဆင်းခွင့်ပြုမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ အစာအဆိပ်သင့်မှုဖြစ်ပွားသည့် ရေမြစ်ကြီးကျေးရွာသို့ မြိတ်မြို့ပြည်သူ့ ဆေးရုံကြီးမှ ဆေးရုံအုပ်ဒေါက်တာ သန္တာမျိုးဝင်း ကြီးကြပ်မှုဖြင့် အထူးကု ဆရာဝန်ကြီးများအဖွဲ့နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန ဝန်ထမ်းများသည် နံနက် ၁၀ နာရီက ရေမြစ်ကြီးကျေးရွာ မဟာဗောဓိ ဘုန်းတော်ကြီးကျောင်း၌ အခြေပြု ဆေးဝါးကုသပေးလျက်ရှိကြောင်း သိရသည်။

**မြင့်ဦး(မြိတ်)**



# စည်းလုံးညီညွတ်သော ကရင်အမျိုးသား ဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**
**နေပြည်တော်**
**ကြေညာချက်အမှတ်(၁၈/၂၀၁၅)**
**၁၃၇၇ ခုနှစ်၊ ဝါဆိုလဆန်း ၁ ရက်**
**(၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်)**

**စည်းလုံးညီညွတ်သောကရင်အမျိုးသားဒီမိုကရက်တစ်ပါတီအား နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း**

ကရင်ပြည်နယ်၊ ဘားအံမြို့၊ ရတနာဒီပ အမှတ်(၉)ရပ်ကွက်၊ ဗိုလ်ချုပ်လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**အား ၂၀၁၅ ခုနှစ်၊ ဇွန်လ ၁၇ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်း ဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုလိုက်ကြောင်း ကြေညာအပ်ပါသည်။

**စည်းလုံးညီညွတ်သော ကရင်အမျိုးသားဒီမိုကရက်တစ်ပါတီ**၏ မှတ်ပုံတင်အမှတ်မှာ (၈၈) ဖြစ်ပါသည်။

**အမိန့်အရ**

**(တင်ထွန်း)**
**အတွင်းရေးမှူး**
**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# မော်လမြိုင်မှ ရန်ကုန်သို့ထွက်ခွာမည့် အမှတ်(၉၀)အစုန်အမြန် လူစီးရထားစက်ခေါင်းလမ်းချော်

**မော်လမြိုင် ဇွန် ၁၇**

မော်လမြိုင်ဘူတာမှ ရန်ကုန်ဘူတာသို့ထွက်ခွာမည့် စက်ခေါင်းမောင်း ဦးစိုးမင်းမောင်းနှင်လာသော အမှတ်(၉၀) အစုန်အမြန်လူစီးရထား စက်ခေါင်း DF-1345 သည် စက်ခေါင်းစက်ရုံမှ ထွက်ခွာလာပြီး မော်လမြိုင်တောင်ဘူတာနှင့် သရက်ကုန်းဘူတာကြား ရထားလမ်း မိုင်တိုင်အမှတ် (၁၈၃/၁၃ မှ ၁၄) ကြားတွင် ဇွန် ၁၇ ရက် နံနက် ၆ နာရီ ၃၅မိနစ်ခန့်တွင် DF-1345 စက်ခေါင်းသည် သံလမ်းအတွင်းသို့ ကပ်လျက်ကျသွားပြီး ဘီးပြုတ်ထွက်သွားကာ သံလမ်းပေါ်သို့တင်နေကြောင်း သိရသည်။

ယင်းစက်ခေါင်း လမ်းချော်ကျသည့်နေရာသို့ မော်လမြိုင် အမှတ်(၈) တိုင်း မှ ဦးဇော်လွင်(မန်နေဂျာ၊ သွားလာရေး)ဦးသန်းရှိန်ဦး(လက်ထောက်မန်နေဂျာ /သွားလာ)၊ စက်မှုအင်ဂျင်နီယာဌာနမှ ဦးစန်းအောင်(အင်ဂျင်နီယာမှူး)၊ မြို့ပြအင်ဂျင်နီယာဌာနမှ ဦးသန်းအောင်(အင်ဂျင်နီယာမှူး)၊ လမ်းဗိုလ်ကြီးနှင့် လမ်းလုပ်သားများက အချိန်နှင့်တစ်ပြေးညီ ဂျိုက်များဖြင့် စက်ခေါင်းကို မတင်လျက်ရှိကြောင်း သိရသည်။ အမှတ်(၉၀) အစုန်အမြန်လူစီးရထားမှာ စက်ခေါင်းအစားရောက်ရှိလာပြီး မော်လမြိုင်ဘူတာမှ ခုနစ်နာရီနောက်ကျ၍ ရန်ကုန်ဘက်သို့ ထွက်ခွာသွားကြောင်း သိရသည်။

**(လ/၀၁၂)**



## ဝန်းကျင်လှပသာယာဖို့ ဆေးစွဲသူကိုဝိုင်းကူစို့

၂၀၁၅ ခုနှစ် ဇွန် ၂၆ ရက်တွင် ကျရောက်မည့် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင် ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ကို အထူးအလေးထားလျက် မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ပြည်သူဗဟိုပြု လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ပြည်သူများ ပူးပေါင်း ပါဝင်နိုင်ရေးအတွက် ပြည်ထဲရေးဝန်ကြီးဌာန မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများအန္တရာယ် တားဆီးကာကွယ်ရေးဗဟိုအဖွဲ့က အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။

# ဖားကန့်တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူများ ဖမ်းဆီးရမိ

**ဖားကန့် ဇွန် ၁၇**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာ ကွက်သစ်တွင် စိတ်ကြွရူးသွပ်ဆေးပြားနှင့် ဘိန်းဖြူ ၃၇ ဒသမ ၅ ဂရမ်တို့ကို ဇွန် ၁၄ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ဆိပ်မူရဲကင်းစခန်းမှူး ဒုရဲအုပ် အောင်ကျော်မြင့်နှင့် မူးယစ်ဆေးဝါး ပူးပေါင်းအဖွဲ့သည် ဖားကန့်မြို့နယ် ဆိပ်မူကျေးရွာအုပ်စု ဆိုင်းအောင်ကျေးရွာ ကွက်သစ်နေ ဒေါ်ဂျာနန်၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား စုစုပေါင်း ၂၀၅ ပြား၊ အလေးချိန် ၂၀ ဒသမ ၅ ဂရမ်နှင့် ဘိန်းဖြူ အလေးချိန် ၁၂ ဂရမ်စီပါ ဆပ်ပြာခွက်သုံးခွက်၊ ကော်ဘူးအတွင်း ဘိန်းဖြူအလေးချိန် ၁ ဒသမ ၅ ဂရမ်ပါ တစ်ဘူး စုစုပေါင်း အလေးချိန် ၃၇ ဒသမ ၅ ဂရမ်တို့ကို သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

(ဝ၆၄)

# နောင်ချို၌ မူးယစ်စိတ်ကြွရူးသွပ်ဆေးပြားများ ဖမ်းဆီးရမိ

**နောင်ချို ဇွန် ၁၇**

ရွှေလီစစ်ဆင်ရေး ယင်းမာစီမံချက်အရ မူးယစ်ဆေးဝါးတားဆီး နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၁ ရက်က မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များသည် အေးရှားဝေါလ် တိုးဂိတ်အနီး၌ လုပ်ငန်းများ ဆောင်ရွက်ကြစဉ် သီပေါဘက်မှ နောင်ချိုဘက်သို့ ဦးကြည်ခိုင်မြင့်ထွန်းနှင့် ဇော်မြင့်တို့မောင်းနှင်လာသည့် ဆိုင်ကယ်တို့ကို စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၂၆ ပြား ရှာဖွေ သိမ်း ဆည်းရမိသည်။

မူးယစ်စိတ်ကြွ ရူးသွပ်ဆေးပြားများ သယ်ဆောင်လာသူ ဦးကြည်ခိုင်မြင့်ထွန်း (၂၃ နှစ်) စက်ရုံရပ် သီပေါမြို့နယ်နေသူနှင့် မူးယစ်ဆေးဝါးတစ်ပြားပေးပြီး သယ်ဆောင်ခိုင်းသူ ဇော်မြင့် (၄၂ နှစ်) သီပေါမြို့နယ်နေသူတို့အား နောင်ချိုမြို့မ ရဲစခန်းက အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(ဝ၆၁)



# တရားမဝင်သစ်ကား ချောက်အတွင်းထိုးကျရာမှ အမျိုးသားခြောက်ဦးသေဆုံး

**ပခုက္ကူ ဇွန် ၁၇**

ပခုက္ကူခရိုင် ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆောကားလမ်းတွင် ဇွန် ၁၆ ရက်က သစ်တင်ကားတစ်စီး တိမ်းမှောက်ခဲ့သဖြင့် ယာဉ်ပေါ်လိုက်ပါလာသူအမျိုးသား ၂၀ အနက် ခြောက်ဦး အခင်းဖြစ်နေရာတွင် သေဆုံးမှုဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်မှာ ဆိပ်ဖြူမြို့နယ် ဆိပ်ဖြူ-ဆော ကားလမ်းအတိုင်း ဆောမြို့မှ ဆိပ်ဖြူမြို့သို့ စိုးလင်း (ခ) ဖိုးဇော် အသက်(၃၈) နှစ် ဆိပ်ဖြူမြို့နယ်နေသူ မောင်းနှင်လာသော ၂ခ/--- နီဆန်း (၁၀)ဘီး ယာဉ်သည် မိုင်တိုင်အမှတ် ၃၄/၆ နှင့် ၃၄/၇ အကြား ကုန်ဆင်းအရောက်တွင် ဂီယာပြုတ်၍ အရှိန်မထိန်းနိုင်ဘဲ လမ်း၏ဝဲဘက် ၁၀ ပေခန့်ရှိ ချောက်အတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ခြင်းဖြစ်သည်။

ထိုယာဉ်ပေါ်တွင် သစ်များနှင့် အမျိုးသား ၂၀ တင်ဆောင်လာခဲ့ပြီး ကဇွန်းမကျေးရွာနေသူများဖြစ်ကြသည့် ဦးမြင့်သန်း(ခ)ညိုသိး၊ ဦးဝင်းလွင်၊ ဦးကျော်အောင်၊ ဦးသန်းနိုင်မင်း(ခ) ဦးသောင်းမြင့်၊ ဦးအောင်တိုးဝင်း၊ ဦးကိုကိုရာစသည့် အမျိုးသားခြောက်ဦးမှာ အခင်းဖြစ်နေရာတွင် သေဆုံးခဲ့သည်။ ဦးကျော်ရွှေ၊ ဦးခိုင်မင်းထွန်း၊ ဦးအောင်ကျော်ဝင်း၊ဦးအေးမင်းစိုး၊ ဦးတင်မောင်ထွန်း၊ ဦးအောင်လွင်နှင့် ကျန်အမျိုးသားရှစ်ဦးမှာ ဒဏ်ရာများ ရရှိခဲ့သည်။

ထိုယာဉ် တိမ်းမှောက်မှုနှင့် ပတ်သတ်၍ ယာဉ်မောင်း စိုးလင်း(ခ)ဖိုးဇော်အား ဆိပ်ဖြူမြို့နယ် ကဇွန်းမနယ်မြေရဲစခန်းမှ အမှုဖွင့်အရေးယူထားကြောင်း၊ ထိုယာဉ်ပေါ်တွင် တင်ဆောင်လာသော သစ်များကို စစ်ဆေးခဲ့ရာ တရားမဝင် သယ်ဆောင်လာသည်ကို တွေ့ရှိခဲ့သဖြင့် ယာဉ်မောင်း စိုးလင်း (ခ)ဖိုးဇော်နှင့် သစ်ပိုင်ရှင် အောင်တိုးဝင်းတို့နှစ်ဦးအား ကဇွန်းမနယ်မြေရဲစခန်းက ဆက်လက် အမှုဖွင့်ထားရှိကြောင်း သိရသည်။

**ကျော်ဖေယျ**

# နှစ်လုံးသုံးလုံးထီ လောင်းကစားပြုလုပ်သူ အမျိုးသမီးတစ်ဦးကို ဖမ်းမိ

**ဒလ ဇွန် ၁၇**

ဒလမြို့နယ်၌ လောင်းကစားပြုလုပ်သူများကို အရှိန်အဟုန်မြင့် ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိရာ ဇွန် ၁၆ ရက်က ကျန်စစ်သားရပ်ကွက် ၄လုံး လက်ဖယ်လမ်းရှိ နေအိမ်၌ နှစ်လုံး သုံးလုံးထီ လောင်းကစားပြုလုပ်နေသူ အမျိုးသမီးတစ်ဦးကို ဝင်ရောက် ဖမ်းဆီးခဲ့ကြောင်း ဒလမြို့မရဲစခန်းမှ သိရသည်။

ဖြစ်စဉ်မှာ ဒလမြို့မရဲစခန်းမှ စခန်းမှူး ဒုတိယရဲမှူး ခင်မောင်လွင်နှင့် တပ်ဖွဲ့ဝင်များသည် အဆိုပါ လမ်းတွင် နေထိုင်သူ ဒေါ်လဲ့လဲ့ဝင်း၏နေအိမ်၌ နှစ်လုံး သုံးလုံးထီ လောင်းကစားနေကြောင်း သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်နောက်ဖေးခန်းတွင် နှစ်လုံးသုံးလုံးထီ ဂဏန်းနှင့် ငွေတန်ဖိုးများရေးထားသည့် ဘောက်ချာစာရွက်လေးရွက်ကို တွေ့ရှိခဲ့သည်။

နှစ်လုံးသုံးလုံးထီ လောင်းကစားပြုသူ ဒေါ်လဲ့လဲ့ဝင်းကို အမှုဖွင့် အရေးယူ ဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

**သန်းငွေး(ဒလ)**

# မီးမပါဘဲ မောင်းနှင်လာသော ဆိုင်ကယ် လမ်းလွှဲဆိုင်းဘုတ်ကိုတိုက်မိ

**မြိုင် ဇွန် ၁၇**

ဇွန် ၁၃ ရက်က ဂန့်ဂေါကားလမ်း မိုင်တိုင်အမှတ် (၃၆/၇ နှင့် ၃၇)အကြား ပူတွင်းကျေးရွာအနီး တံတားတည်ဆောက်နေသည့် နေရာ၌ ဆိုင်ကယ် တိမ်းမှောက်မှုဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်မှာ ယင်းလမ်းအတိုင်း ရေစကြိုမြို့နယ် ကုက္ကိုစုကျေးရွာဘက်မှ မြိုင်မြို့နယ် ပူတွင်းကျေးရွာဘက်သို့ ရေစကြိုမြို့နယ် ကုက္ကိုစုကျေးရွာနေ သောင်းစု(၂၃ နှစ်) မောင်းနှင်သော ၂၅ယ/---- အနက်ရောင်ဆိုင်ကယ်သည် မီးမပါဘဲ တစ်ဦးတည်း မောင်းနှင်လာစဉ် တံတားအသစ်တည်ဆောက်နေ၍ လမ်းလွှဲပြုလုပ်ထားသည့် ဆောက်လုပ်ရေးဆိုင်းဘုတ်ကို ဝင်ရောက်တိုက်မိခဲ့သည်။ ဆိုင်ကယ်မဆင်မခြင် မောင်းနှင်သူ သောင်းစုကို မြိုင်မြို့နယ် လင်းကတောနယ်မြေရဲစခန်းက အရေးယူထားကြောင်း သိရသည်။

**သန်းနိုင်ဦး(ငဖဲ)**

## လူကုန်ကူးမှုတားဆီးရေး ဝိုင်းဝန်းကူညီ ဆောင်ရွက်ပေး


**မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း**
**Basic Aircon & Refrigeration သင်တန်းသားခေါ်ယူခြင်း**

မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၊Aircon & Refrigeration TD မှကြီးမှူး၍ Basic Aircon & Refrigeration သင်တန်းကို မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း၌ အပတ်စဉ် (ကြာသပတေး) နေ့တိုင်း စာတွေ့နှင့် လက်တွေ့ ပေါင်းစပ်၍ ဖွင့်လှစ်သင်ကြားမည် ဖြစ်ပါသည်။ သင်တန်းပြီးဆုံးပါက သင်တန်းဆင်း လက်မှတ် ထုတ်ပေးမည် ဖြစ်ပါသည်။

| | |
|---|---|
| သင်တန်းကြေး | ➢ ၅၅,၀၀၀/- |
| သင်တန်းသားအရည်အချင်း | ➢ (၁၀)တန်းအောင်၊AGTI,B.Tech, B.E |
| သင်တန်းသားဦးရေ | ➢ ၃၀ ဦး |
| သင်တန်းအချိန် | ➢ ၉း၀၀ နာရီ မှ ၃း၀၀ နာရီထိ |

သင်တန်းနှင့်ပတ်သက်၍ အသေးစိတ်သိရှိလိုပါက မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း ဖုန်း-၅၁၉၆၇၃-၇၆ လိုင်းခွဲ (၂၁၆)သို့ ဆက်သွယ်စုံစမ်း မေးမြန်းနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် အောက်ဖော်ပြပါ ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရေးအတွက် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူအပ်ပါသည်-

| | | |
|---|---|---|
| (က) | Laboratory Glassware | 1.Lot |
| (ခ) | Reference Standard Material | 1.Lot |
| (ဂ) | Chemical Reagent | 1.Lot |
| (ဃ) | ဓာတ်ခွဲခန်းသုံးစက်ပစ္စည်းကိရိယာများ | |

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ
**တင်ဒါပုံစံလက်ခံမည့်ရက်** - ၂၉-၆-၂၀၁၅ရက်မှ ၉-၇-၂၀၁၅ရက်အထိ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါ လိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်**
**(စံပယ်အိမ်ရာအရှေ့)**
**ဖုန်း-၀၆၇-၄၀၃၁၇၀၊ ၀၆၇-၄၀၃၄၉၀**

**ကျန်းမာရေးဝန်ကြီးဌာန**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်မည့် အောက်ဖော်ပြပါ လုပ်ငန်း(၂)ခု အတွက် ကုမ္ပဏီများနှင့် လုပ်ငန်းရှင်များအား တင်ဒါခေါ်ယူအပ်ပါသည်-

(က) မကွေးတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများ ဆောက်လုပ်ခြင်းလုပ်ငန်း၊
(ခ) ကချင်ပြည်နယ် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာန ရုံးအဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများဆောက်လုပ်ခြင်းလုပ်ငန်း၊
(ဂ) တနင်္သာရီတိုင်းဒေသကြီးအစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများဆောက်လုပ်ခြင်းလုပ်ငန်း၊
(ဃ) ဧရာဝတီတိုင်းဒေသကြီး အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနရုံး အဆောက်အအုံ၊ ဝန်ထမ်းအိမ်ရာနှင့် ဆက်စပ်လုပ်ငန်းများဆောက်လုပ်ခြင်းလုပ်ငန်း၊

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၁၉-၆-၂၀၁၅ရက်မှ၂၆-၆-၂၀၁၅ရက်အထိ
**တင်ဒါပုံစံလက်ခံမည့်ရက်** - ၂၉-၆-၂၀၁၅ ရက်မှ ၉-၇-၂၀၁၅ ရက်ထိ

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ဖော်ပြပါလိပ်စာတွင် လာရောက်စုံစမ်းဝယ်ယူနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးလုပ်ငန်းကော်မတီ**
**အစားအသောက်နှင့်ဆေးဝါးကွပ်ကဲရေးဦးစီးဌာန**
**ပြည်ကြီးဖေယျာလမ်း၊ ဇမ္ဗူသီရိမြို့နယ်၊ (စံပယ်အိမ်ရာအရှေ့)**
**ဖုန်း-၀၆၇-၄၀၃၁၇၀၊ ၀၆၇-၄၀၃၄၉၀**

**ပျောက်ဆုံးကြောင်း**

ကျွန်တော် ဦးဇေယျာမင်း CDC No. 31737 psc-4 TICKET ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၅၀၉၄၆၂၄**

**ဖခင်အမည်မှန်**

သံဖြူဇရပ်မြို့နယ်၊ နှစ်ကိုင်းကျေးရွာအထက(ခွဲ) တက္ကသိုလ်ဝင်တန်းမှ မောင်ဖြိုးသူရဦး၏ဖခင်အမည်မှန်မှာ ဦးမြို့နိုင် ၉/တသန(နိုင်)၁၁၆၆၅၇ ဖြစ်ပါကြောင်း။
**ဦးမြို့နိုင် ၉/တသန(နိုင်)၁၁၆၆၅၇**

**အောင်ပြည့်စုံ**
ဒဂုံမြို့သစ်မြောက်ပိုင်း၊ အရှေ့ပိုင်း၊ တောင်ပိုင်း ဆိပ်ကမ်းမြို့နယ်များ ဈေးကောင်းပေးဝယ်သည်။
09-5232770
09-5134770

**ပြင်ဆင်ဖတ်ရှုပါရန်**

၁၃-၆-၂၀၁၅ရက်နှင့်၁၄-၆-၂၀၁၅ရက်ထုတ် ဤသတင်းစာ စာမျက်နှာ (၂၄)ပါ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု ဝန်ကြီးဌာန၊ ဗဟိုစက်ပစ္စည်းစာရင်းအင်းနှင့် စစ်ဆေးရေးဦးစီးဌာန အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း ကြော်ငြာ အမှတ်စဉ်(၆)တွင် ရုံးအမှတ် (၁၂)အစား ရုံးအမှတ် (၃၂)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

**ကျေးဇူးဆပ်ပါမည်**

ကျွန်တော်များ Junction River Trading Co., Ltd. ၏ သွင်းကုန်လိုင်စင်အမှတ် MQIL 114150590 30/04/2014 မှာလုပ်ငန်းဆောင်ရွက်နေစဉ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက ပြန်လည်ပေးပို့ပါရန် ကျေးဇူးဆပ်ပါမည်။
**ကိုမျိုးဝင်းလတ်**
**ဖုန်း-၀၉-၂၅၄၂၀၂၀၁၄**

**အမည်ပြောင်း**

ဦးအောင်မျိုးဇော် ၁၂/မဘန(နိုင်)၀၉၂၃၃၄၏သမီး မှော်ဘီမြို့နယ်၊ လေထီးလမ်း၊ အင်းတန်ကျေးရွာ၊ ပဥ္စမတန်းအောင်မှ မသဲနှင်းစုအား ယနေ့မှစ၍ မသဲနှင်းဆုဟု ပြောင်းလဲခေါ်ပါရန်။ **မသဲနှင်းဆု**

**ကန့်ကွက်နိုင်ပါကြောင်း**

ပုသိမ်မြို့၊ အမှတ်(၁၃)ရပ်ကွက်၊ ရုံးရပ်ကွက်လမ်းရှိ အကွက်အမှတ်(၁၆၃-C)၊ မြက်တိုဘူတာရုံ (ရုံးရပ်ကွက်)အကွက်၊ ဦးပိုင်အမှတ်(E-၇၁)၊ ဧရိယာ ၀ ဒသမ ၀၈၃ ဧကရှိမြေအား ဗိုလ်ကြီးအောင်ရွှေ (ငြိမ်း)က မြေပေးမိန့်ထုတ်ယူခွင့်ပြုပါရန် လျှောက်ထားခြင်းနှင့် ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ဤသတင်းစာတွင် ကြေညာသည့်ရက်မှစ၍ ၁၅ရက်အတွင်း ပုသိမ်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။
**မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပုသိမ်မြို့နယ်**

# အထူးဂရုပြုဖွယ် သဘာဝဘေးအန္တရာယ်

မောင်ခိုင်မာ(အထက်မင်းလှ)



ကမ္ဘာမြေကြီးသည် လူသားတို့၏ ပယောဂကြောင့် ပျက်စီးစပြုနေပါပြီ။ ကမ္ဘာ့သဘာဝပတ်ဝန်းကျင်ပျက်စီးမှု၏ အကြောင်းရင်းများမှာ လေထုညစ်ညမ်းမှု ၊ ရေထုညစ်ညမ်းမှု၊ အိုဇုန်းလွှာပျက်စီးမှု၊ သစ်တောပြုန်းတီးမှုနှင့်ရာသီဥတု ဖောက်ပြန်ပြောင်းလဲမှုတို့ကြောင့် ဖြစ်သည်။ အကျိုးဆက်အားဖြင့် တစ်နှစ်ထက်တစ်နှစ် အပူချိန်မြင့်မားလာခြင်း၊ လေဆင်နှာမောင်းနှင့် လေပြင်းမုန်တိုင်းများ တိုက်ခတ်ခြင်း၊ လျှပ်စစ်မိုးကြိုးများပစ်ခတ်ခြင်း၊ ရေကြီးခြင်း၊ ပင်လယ်ဒီရေဖုံးလွှမ်းခြင်း၊ မိုးခေါင်ခြင်း၊ အပူအအေးမမျှတခြင်း၊ မိုးတိမ်တောင်များ အန္တရာယ်ဖြစ်ခြင်း၊ ငလျင်လှုပ်ခြင်း၊ မီးတောင်ပေါက်ကွဲခြင်း၊ အပူလှိုင်းကျခြင်း၊ တောမီးလောင်ခြင်း၊ ကန္တာရဖြစ်ထွန်းခြင်း၊ နှင်းမုန်တိုင်းကျခြင်းစသည့် သဘာဝဘေးအန္တရာယ်မျိုးစုံကို ကျွန်ုပ်တို့ ခံစားနေကြရပြီဖြစ်သည်။

ကမ္ဘာတစ်လွှားတွင် လတ်တလောကာလမှာပင် သဘာဝဘေးအန္တရာယ်အသွယ်သွယ်ကျရောက် ခံစားနေကြသည်ကို နေ့စဉ်မီဒီယာများ၌ တွေ့မြင်ကြားသိ ဖတ်ရှုနေရပါသည်။ ဧပြီ ၂၅ ရက်နေ့က လူထောင်ပေါင်းများစွာ သေဆုံးပြီး နေအိမ် ငါးသိန်းကျော် ပြိုကျပျက်စီးခဲ့သည့်အင်အား ၇ ဒသမ ၈ ရှိသော ငလျင်နှင့် ဒုတိယအကြိမ် အင်အား ၇ ဒသမ ၄ ရှိသော ငလျင်လှုပ် ခတ်ခြင်း၊ ၎င်းနှင့်ဆက်စပ်ပြီး နောက်ဆက်တွဲအဖြစ် တောင်ပြိုမြေပြိုမှုများ ဖြစ်ပေါ်ကာ မြစ်ကြောင်းပိတ်ဆို့မှုများ၊ ရေလွှမ်းမိုးမှုများ၊ နီပေါနိုင်ငံတွင် ဖြစ်ပေါ်ခြင်း၊ မေ ၂၅ ရက်နံနက်ပိုင်းက မက္ကဆီကိုနိုင်ငံမြောက်ပိုင်း စီဒက်အာကူနာ နယ်စပ်မြို့၌ ကြောက်မက်ဖွယ် အဖျက်စွမ်းအားကြီးသော လေဆင်နှာမောင်းတိုက်ခတ်ခြင်း ၊ မေလအတွင်းတွင် အိန္ဒိယနိုင်ငံ၌ စံချိန်တင် အပူလှိုင်းဖြတ်ရာမှတစ်ဆင့် ရက်သတ္တပတ်အတွင်း လူတစ်ထောင်ကျော် သေဆုံးခြင်းတို့ ဖြစ်ပေါ်ခံစားခဲ့ကြရပါသည်။

သဘာဝဘေးအန္တရာယ်ကျရောက်မှုအများစုသည် မိုးတွင်းကာလဖြစ်ပါသည်။ မိုးကြိုကာလတွင် အထူးသဖြင့် မိုးတိမ်တောင်အန္တရာယ်ကျရောက်ခြင်းဖြစ်ကြောင်း၊ အိန္ဒိယ၊ ဘင်္ဂလားဒေ့ရှ်နှင့်မြန်မာနိုင်ငံတို့တွင် နေရာအနှံ့အပြားတွေ့ရတတ်ကြောင်း၊ အောက်ခံမြေပြင်များ အလွန်ပူပြင်းမှုကြောင့် လေထုအတွင်း ပူပွပေါ့ဖြစ်စဉ်များဖြစ်လာပြီး ယင်းဖြစ်စဉ်များသည်အရှေ့တောင်ပိုင်းအရပ်များသို့ ရွေ့လျားလာသောအခါ ပူနွေးစိုစွတ်သောလေများ (ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းမှ တိုးဝင်လာသောလေများ) နှင့် ထိတွေ့မိသောအခါ လေထုမတည်မငြိမ်မှုများ ဖြစ်ပွားရာမှ မိုးတိမ်တောင်များကို ဖြစ်ပွားစေကြောင်း၊ ကုန်းပေါ်တွင် ဖြစ်ပေါ်လာသော မိုးတိမ်တောင်များမှာ ရေပြင်တွင်ဖြစ်ပေါ်သည့် မိုးတိမ်တောင်များထက် ပို၍ အားကောင်းတတ်သောကြောင့် ပြည်တွင်းရေကြောင်းသွား သင်္ဘောများ အထူးဂရုပြုသင့်ကြောင်း၊ အထူးသဖြင့် ညနေပိုင်းတွင် ဖြစ်ပေါ်တတ်သည့် စိုက်ဆင်းလေပြင်း၏ အန္တရာယ်ကို ပိုမိုကြုံတွေ့ရတတ်ကြောင်း၊ မိုးတိမ်တောင်များကြောင့် မိုးရွာခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးခြိမ်းခြင်း၊ ရံဖန်ရံခါ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းတို့ကို ဖြစ်ပေါ်စေကြောင်း၊ အဆိုးဆုံးအခြေအနေ (Worst Scenario) အဖြစ် လေဆင်နှာမောင်းတိုက်ခတ်ခြင်းနှင့် စိုက်ဆင်းလေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်း မှုကြောင့် မြေပြိုခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းများကြောင့် မြန်မာနိုင်ငံ အနေဖြင့် အထူးသတိထားသင့်ကြောင်း၊ မြန်မာတစ်နိုင်ငံလုံးသို့ မုတ်သုံလေဝင်ရောက်လာပြီဖြစ်သော်လည်း အင်အားအကောင်းဆုံး မဟုတ်သေးသည့် အတွက် လေထုမတည်ငြိမ်မှုကြောင့် မိုးတိမ်တောင်ဖြစ်ပေါ်နိုင်ကြောင်းတို့ကို မိုးလေဝသပညာရှင် ဒေါက်တာ ဦးထွန်းလွင်က ပြောပါသည်။

မြန်မာနိုင်ငံအနေဖြင့် ထပ်မံဂရုထားရမည်မှာ ငလျင်ဘေးဖြစ်သည်။ မြန်မာနိုင်ငံသည် ကုလားတန်-မြောက်ဦးပြတ်ရွေ့ကြော၊ ကဘော်ပြတ်ရွေ့ကြော၊ စစ်ကိုင်းပြတ်ရွေ့ကြော၊ မိုးမိတ်ပြတ်ရွေ့ကြော၊ နန်းမာ့ပြတ်ရွေ့ကြောနှင့် အခြားသော ငလျင်ကြောငယ်များတည်ရှိရာ နိုင်ငံဖြစ်၍ အချိန်အခါမရွေးဖြစ်ပွားတတ်သည့် ငလျင်ဘေးအန္တရာယ်အတွက် အထူးအလေးထားရမည်ဖြစ်ပါသည်။ ငလျင်နှင့် ဆက်စပ်၍ ဆူနာမီဘေးအန္တရာယ်ကိုလည်း ဂရုပြုရပါမည်။ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်တွေ့ကြုံခံစားပြီးသည့် သဘာဝဘေးအန္တရာယ်အချို့မှာ နာဂစ်ဆိုင်ကလုန်းမုန်တိုင်း၊ ဂီရိမုန်တိုင်း၊ တာလေငလျင်၊ ပခုက္ကူရေဘေး၊ သပိတ်ကျင်းငလျင် စသည်တို့ဖြစ်သည်။ ဆွိဒင်နိုင်ငံ ကိုပင်ဟေဂင်မြို့၌ ကျင်းပသော ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်း ညီလာခံမှထုတ်ပြန်သည့် ရာသီဥတုပြောင်းလဲခြင်းကြောင့် သဘာဝဒဏ်ခံစားရသည့် ဖွံ့ဖြိုးဆဲနိုင်ငံ ၂၀ တွင် မြန်မာနိုင်ငံလည်း ပါဝင်သည်။ ထို့ပြင် အာရှဖွံ့ဖြိုးရေးဘဏ်၏ ၂၀၁၄ ထုတ်ပြန်ကြေညာချက်တွင် ရာသီဥတုပြောင်းလဲမှုကြောင့် ဆုံးရှုံးရသည့် ငွေကြေးပမာဏသည် မြန်မာပြည်အသားတင်ရငွေ၏ ၂ ဒသမ ၅၅ ရာခိုင်နှုန်းရှိကြောင်း၊ လွန်ခဲ့သည့် နှစ် ၂၀ အတွင်း သဘာဝဘေးဒဏ်ကြောင့် တစ်နှစ်လျှင် ပျမ်းမျှလူ ၄၅၀၀ ခန့် သေဆုံးနေကြောင်း သိရသည်။ ထို့ကြောင့် မြန်မာနိုင်ငံအနေဖြင့် မိမိနိုင်ငံ၏ ရေမြေရာသီအခြေအနေများအရ ဖြစ်ပွားနိုင်သည့် သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်ပြီး ကောင်းမွန် သောသဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုလုပ်ငန်းများကို ပြည်သူများကပါ သတိရှိရှိဖြင့် ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်သည်။

**မြန်မာနိုင်ငံသည် ကုလားတန်-မြောက်ဦးပြတ်ရွေ့ကြော၊ ကဘော်ပြတ်ရွေ့ကြော၊ စစ်ကိုင်းပြတ်ရွေ့ကြော၊ မိုးမိတ်ပြတ်ရွေ့ကြော၊ နန်းမာ့ပြတ်ရွေ့ကြောနှင့် အခြားသော ငလျင်ကြောငယ်များတည်ရှိရာ နိုင်ငံဖြစ်၍ အချိန်အခါမရွေးဖြစ်ပွားတတ်သည့် ငလျင်ဘေးအန္တရာယ်အတွက် အထူးအလေးထားရမည်**

ထိုသို့ ဆောင်ရွက်ရာတွင် သဘာဝဘေးဒဏ်မှ လျော့ပါးသက်သာစေရေး (Reduction)၊ ကြိုတင်ပြင်ဆင်မှုလုပ်ငန်းများ ဆောင်ရွက်ခြင်း (Readiness)၊ တုံ့ပြန်ဆောင်ရွက်ခြင်း (Response)နှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း (Recovery) စသည့်အဆင့်အားလုံးကို ပကတိအခြေအနေနှင့် လိုက်လျောညီထွေ ပူးပေါင်းဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ သဘာဝဘေးအန္တရာယ်ကျရောက်လျှင် ဆင်းရဲပြည်သူများ ပိုမိုခံစားရသည်ဟု ဆိုသော်လည်း ယေဘုယျအားဖြင့် နေရာဒေသ၊ အချိန်ကာလ၊ လုပ်ငန်းကဏ္ဍနှင့် ဆင်းရဲချမ်းသာမရွေး တစ်ပြေးညီ ခံစားရတတ်ပါသည်။ နိုင်ငံတော်ဘက်က ကြည့်လျှင်လည်း သဘာဝဘေးအန္တရာယ်ကြောင့် ပျက်စီးဆုံးရှုံးမှုများအတွက် ပြန်လည်ထူထောင်ပေးရသဖြင့် နိုင်ငံတော်ဘဏ္ဍာနှင့် အရင်းအမြစ်များစွာကို အသုံးပြုရပါသည်။

သို့အတွက် ဘေးအန္တရာယ်ဖြစ်လာမှ ချက်ချင်းစီမံဆောင်ရွက်ခြင်းထက် ကြိုတင်ပြင်ဆင် စီမံဆောင်ရွက်ထားခြင်းက ထိခိုက်မှုလျော့နည်းစေသည်ဖြစ်၍ အမျိုးသားသဘာဝဘေးကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ ဒုတိယသမ္မတ ဦးညဏ်ထွန်းက ပြည်သူလူထုကိုယ်တိုင်ပါဝင်သည့် သရုပ်ပြလေ့ကျင့်မှုများ ဆောင်ရွက်ရန် လမ်းညွှန်ခဲ့ပါသည်။ ဥက္ကဋ္ဌကြီး၏ လမ်းညွှန်ချက်နှင့်အညီ မြန်မာနိုင်ငံတစ်ဝန်း ဒေသအသီးသီးတွင် ဒေသအလိုက်ဖြစ်ပွားနိုင်သည့် ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်ပြင်ဆင်မှုများနှင့်အတူ သရုပ်ပြလေ့ကျင့်ခန်းများကို ဆောင်ရွက်လျက်ရှိကြသည်။

ထိုကဲ့သို့ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးသရုပ်ပြလေ့ကျင့်မှုများ ပြုလုပ်ထားခြင်းအားဖြင့် ထိခိုက်ဆုံးရှုံးမှုလျော့နည်းခြင်း၊ ဘေးအန္တရာယ်ကျရောက်ပါကလည်း ဆောင်ရန်၊ ရှောင်ရန်များကို သိထားသဖြင့် စနစ်တကျ စီမံခန့်ခွဲနိုင်ခြင်း၊ ဘေးလွတ်ရာသို့ အချိန်မီရွှေ့ပြောင်းနိုင်ခြင်းစသည့် အကျိုးကျေးဇူးများ ရရှိနိုင်သည်ဖြစ်၍ နိုင်ငံတော်အပါအဝင် စေတနာ့ဝန်ထမ်းလူငယ်များ၊ တိုင်းရင်းသားပြည်သူများအားလုံးက ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးဒဏ်ကို သတိထားကာ ကြံ့ကြံ့ခံ၍ အကောင်းဆုံးရင်ဆိုင် တုံ့ပြန်ဖြေရှင်းရန်ဖြစ်ပါကြောင်း နှိုးဆော်တိုက်တွန်းအပ်ပါသည်။

## အချိန်မီထွန်ယက်စိုက်ပျိုးနိုင်ရေး စက်မှုလယ်ယာဝန်ဆောင်မှု ရွေ့တန်းစခန်းဖွင့်

**မုံရွာ ဇွန် ၁၇**

၂၀၁၅-၂၀၁၆ ဘဏ္ဍာနှစ် မိုးစပါးနှင့်အခြားသီးနှံများ စိုက်ပျိုးရာသီတွင်အချိန်မီ စိုက်ပျိုးနိုင်ရေး လယ်ယာသုံး စက်ကိရိယာများကို တောင်သူများ ဈေးနှုန်းချိုသာစွာဖြင့် ငှားရမ်း အသုံးပြုနိုင်ရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ရွာတုံစံပြကျေးရွာတွင် အမှတ်(၄) စက်မှုလယ်ယာစခန်း(မုံရွာ) မှစက်မှုလယ်ယာဝန်ဆောင်မှု ရွေ့တန်းစခန်းကို ဇွန် ၁၃ ရက်က စတင်ကာ ဖွင့်လှစ်ပေးလျက်ရှိကြောင်း မြို့နယ် စက်မှုလယ်ယာဦးစီးဌာနမှ သိရသည်။



စက်မှုလယ်ယာ ဝန်ဆောင်မှု ရွေ့တန်းစခန်း ဖွင့်လှစ်ရခြင်းနှင့် ပတ်သက်၍ "တောင်သူတွေအနေနဲ့ စိုက်ပျိုးရေးကို အချိန်မီလုပ်ဆောင်နိုင်ရေးအတွက် ကျွန်တော်တို့စက်မှုလယ်ယာဦးစီးဌာနက ထွန်စက်ကြီးတွေ၊ လက်တွန်းထွန်စက်တွေကို ဈေးနှုန်းချိုသာစွာနဲ့ ငှားရမ်းအသုံးပြုနိုင်ရန်အတွက် ဖွင့်လှစ်ခြင်းဖြစ်ပါတယ်။ မည်သည့် တောင်သူမဆို လာရောက် ငှားရမ်းအသုံးပြုနိုင်ပြီး ရိတ်သိမ်း ခြွေလှေ့ချိန်ရောက်ရင်လည်း ရိတ်သိမ်းခြွေလှေ့စက်ကြီးနဲ့ ဝန်ဆောင်မှု ပေးသွားမှာဖြစ်ပါတယ်" ဟု စက်မှုလယ်ယာဦးစီးဌာနမှ မြို့နယ်ဦးစီးမှူးက ပြောသည်။

မြို့နယ်စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ယခုကဲ့သို့ စိုက်ပျိုးရေး လုပ်ငန်းများကို လယ်ယာသုံးစက်ကိရိယာများဖြင့် ဝန်ဆောင်မှုပေးခြင်းကို ရွေ့တန်းစခန်းများ ဖွင့်ပြီး ဝန်ဆောင်မှုပေးခြင်းမရှိဘဲ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနရုံးတွင် လာရောက်ငှားရမ်းမှသာလျှင် လိုက်လံဝန်ဆောင်မှုပေးသဖြင့် ထိုသို့ငှားရမ်းအသုံးပြုနိုင်သည်ကို တောင်သူများက သိရှိသူနည်းပါးခဲ့ရာ စက်မှုလယ်ယာဦးစီးဌာန အနေဖြင့် ပိုမိုဝန်ဆောင်ပေးနိုင်ရန် အတွက်ရွေ့တန်းဖွင့်လှစ်ဆောင်ရွက်ပေးခြင်းဖြစ်သည်။

"ကျွန်တော်တို့ဒေသက မိုးနည်းတဲ့ ဒေသဖြစ်တဲ့အတွက် မိုးရွာသွန်းချိန်အမီ ထယ်ရေး၊ ထွန်ရေးကို ပြင်ဆင်ကြတယ်။ အဲဒီလိုပြင်ဆင်တဲ့အခါမှာ နွားတွေနဲ့ ထွန်ယက်ဖို့အတွက်ဆိုရင် ကုန်ကျစရိတ်များတယ်၊ ထွန်စက်တွေနဲ့ထွန်ရင်တော့ အချိန်ကုန်၊ ငွေကုန် သက်သာတဲ့ စက်တွေကို အသုံးပြုချင်ပါတယ်၊ မြို့နယ်စက်မှုလယ်ယာဦးစီးဌာနက ကျွန်တော်တို့ ကျေးရွာမှာလာပြီး ရွေ့တန်းစခန်း လာဖွင့်တဲ့အတွက် ပိုပြီးအဆင်ပြေသွား တယ်" ဟု ရွာတုံစံပြကျေးရွာမှ တောင်သူ ဦးအောင်မောင်းက ပြောသည်။

အဆိုပါစက်မှုလယ်ယာ ဝန်ဆောင်မှု ရွေ့တန်းစခန်းတွင် မြို့နယ်စက်မှုလယ်ယာဦးစီးဌာနမှ ဆိုနာလီကာ ထွန်စက်ကြီး လေးစီး၊ ရိတ်သိမ်းခြွေလှေ့စက်ကြီးနှစ်စီး၊ လက်တွန်းထွန်စက်များထားရှိကာ တောင်သူများ၏လယ်ယာများအချိန်မီ ထွန်ယက်နိုင်ရေးအတွက် ဝန်ဆောင်မှု ပေးလျက်ရှိကြောင်း သိရသည်။

**ဖိုးချမ်း(မုံရွာ)**




# တောင်ငူတွင် မဟာမြတ်မုနိပုံတူကြေးသွန်းဘုရားကြီး လှည့်လည်ပူဇော်

**တောင်ငူ ဇွန် ၁၇**

တောင်ငူမြို့(၁၃)ရပ်ကွက်ရှိ သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး အရှေ့ဘက်မုခ် ရွှေသရဖူအာရုံခံတန်ဆောင်းအတွင်း ကိန်းဝပ်စံပယ်တော်မူမည့် မန္တလေးမဟာမြတ်မုနိဘုရားပုံစံတူ ဉာဏ်တော် ၁၁ ပေ ၁ လက်မ၊ ဒူးတော် ၉ပေ ၄ လက်မ၊ မကိုဋ်တော် ၃ ပေ ၆ လက်မရှိပြီး ကြေးပိဿချိန် ၁၂၀၀ ရှိ မဟာအတုလသကျမုနိဇိနထွတ်ထားမြတ်စွာဘုရားကြီးကို ဘုရားဒါယကာ ဦးအိမ်ဝှာ ဘုရားဒါယိကာမ ဒေါ်ရွှေတီ သားသမီးမြေးတစ်စုက လှူဒါန်းခဲ့ပြီး မန္တလေးမြို့မှ ဇွန် ၁၃ ရက်တွင် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီးအတိုင်း တောင်ငူမြို့သို့ ပင့်ဆောင်ပူဇော်လာကြောင်း သိရသည်။

တောင်ငူမြို့သို့ ဇွန် ၁၄ ရက် ညတွင်ရောက်ရှိရာ ရပ်ကွက်(၁)ထီးလှိုင်ရွှေဂူကြီး ဘုရားအနောက်ဘက်မုခ်တွင် ယာယီကိန်းဝပ်စံပယ်တော်မူပြီး နိဗ္ဗာန်ဆော်ယာဉ်များဖြင့် တောင်ငူမြို့ပေါ်ရှိ သံဃာတော်များ၊ ဂေါပကအဖွဲ့များ၊ စည်တော်အဖွဲ့များ၊ ဆိုင်းဘုတ်ကိုင်အဖွဲ့များ၊ ဝတ်အသင်းအဖွဲ့များ၊ မြို့မိ မြို့ဖများ၊ ဓမ္မတေးဖျော်ဖြေမည့်အဖွဲ့များနှင့် တောင်ငူမြို့ပေါ်ရှိ လမ်းများသို့တစ်လမ်းဝင်တစ်လမ်းထွက် လှည့်လည်အပူဇော်ခံပြီး သမိုင်းဝင်ရွှေဆံတော်စေတီတော်မြတ်ကြီး အရှေ့ဘက်မုခ် ရွှေသရဖူအာရုံခံတန်ဆောင်းအတွင်းတွင် ကိန်းဝပ်စံပယ်တော်မူထားရှိမည်ဖြစ်ကြောင်း သိရသည်။

**သူရ(တောင်ငူ)**

# ဂန့်ဂေါမြို့နယ်တွင် သမဝါယမလယ်ထွန်စက်များဖြင့် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်

**ဂန့်ဂေါ ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး ဂန့်ဂေါခရိုင် ဂန့်ဂေါမြို့နယ်တွင် လယ်ယာမြေများ အချိန်မီ ထွန်ယက်စိုက်ပျိုးနိုင်ရေးအတွက် သမဝါယမ ထွန်စက်များဖြင့် စိုက်ပျိုးရေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေး လျက်ရှိကြောင်း သိရသည်။

"သမဝါယမ ဝန်ကြီးဌာနက သမဝါယမအသင်းသားတွေ ကာလရှည် အရစ်ကျငွေချေစနစ်နဲ့ လယ်ထွန်စက်ဝယ်ယူ အသုံးပြုနိုင်အောင် စီမံ ဆောင်ရွက်ပေးထားပါတယ်။ လယ်ထွန်စက်နဲ့ ထွန်ယက်စိုက်ပျိုးတော့ မိမိပိုင်လယ်ယာမြေတွေကို အချိန်တိုအတွင်း ထွန်ယက်စိုက်ပျိုးနိုင်တဲ့အပြင် ကျန်ရှိတဲ့အချိန်တွေမှာ လယ်ထွန်စက် အငှားလိုက်ထွန်ယက်ပေးပါတယ်။ အငှားလိုက်ထွန်ယက်ခက လယ်ယာမြေ တစ်ဧကကို ငွေကျပ် ၁၂၀၀၀ ဖြစ်ပါတယ်"ဟု သမဝါယမ လယ်ထွန်စက်ဝယ်ယူ အသုံးပြုသူ သမဝါယမအသင်းသား ဦးဇော်မင်းနိုင်က ပြောသည်။

ယခုအခါ ဂန့်ဂေါမြို့နယ်တွင် သမဝါယမဝန်ကြီးဌာန၏ အစီအမံဖြင့် လယ်ထွန်စက် အစီးရေ ၂၀ ရောင်းချပေးထားပြီး ထပ်မံရောင်းချပေးနိုင်ရန် စီမံဆောင်ရွက်လျက်ရှိကြောင်း ဂန့်ဂေါမြို့နယ် သမဝါယမဦးစီးဌာနမှ သိရသည်။

ဂန့်ဂေါမြို့နယ်တွင် လယ်မြေ ၃၄၄၅၇ ဧက၊ ယာမြေ ၄၆၀၈၄ ဧက၊ ကိုင်းမြေ ၇၀၄၉ ဧက၊ ဥယျာဉ်ခြံမြေ ၈၂ ဧကနှင့် တောင်ယာမြေ ၄၀၉ ဧက စုစုပေါင်း စိုက်ပျိုးမြေဧက ၈၈၀၈၁ ရှိပြီး လယ်ထွန်စက်ကို အသုံးပြု၍ထွန်ယက်စိုက်ပျိုးသူ တိုးပွားလာကြောင်း သိရသည်။

**ကြီးမြင့်နိုင်(လှိုင်ကော်)**



ရေဆင်းစိုက်ပျိုးရေးတက္ကသိုလ် စာပေနှင့် အနုပညာအသင်း အိမ်တွင်းမှု ဆပ်ကော်မတီမှ ကြီးမှူးကျင်းပသည့် အဆောင်အလိုက် ဟင်းချက်ပြိုင်ပွဲကို ဇွန် ၁၄ ရက်က ပတ္တမြားရတုခန်းမ၌ ကျင်းပရာ ပါမောက္ခချုပ် ဒေါက်တာမျိုးကြွယ်က ပြိုင်ပွဲတွင်ဆုရအသင်းများအား ဆုချီးမြှင့်စဉ်။
မေမိုးသဲ

# မိတ္ထီလာကန်ကူးတံတားတည်ဆောက်မှု အမြန်ဆုံးပြီးစီးရေး ဒေသခံပြည်သူများမျှော်လင့်

**မိတ္ထီလာ ဇွန် ၁၇**

မိတ္ထီလာ-ကျောက်ပန်းတောင်းကားလမ်းပေါ်တွင် တည်ဆောက်လျက်ရှိသည့် မိတ္ထီလာကန်ကူးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းခွင်တွင် အသုံးပြုသည့် ဝန်ချီကရိန်းစက်ကြီး ကန်ကူးတံတားဟောင်းပေါ်၌ လုပ်ငန်းလုပ်ကိုင်ချိန်တိုင်း ယာဉ်ကြောပိတ်ဆို့မှု မကြာခဏ ကြုံတွေ့နေရသဖြင့် ကန်ကူးတံတားသစ် တည်ဆောက်ခြင်းလုပ်ငန်း အမြန်ဆုံးပြီးစီးနိုင်ရေးအတွက် ဒေသခံပြည်သူများက မျှော်လင့်လျက်ရှိကြောင်း သိရသည်။

"ကန်ကူးတံတားသစ် တည်ဆောက်ပေးလို့ ဖြတ်သန်းသွားလာရေးအတွက် အရင်ကထက် ပိုမိုအဆင်ပြေချောမွေ့မှာမို့ ဒေသခံတစ်ဦးအနေနဲ့ ဝမ်းမြောက်မိပါတယ်။ ဆောင်ရွက်ပေးတဲ့ တာဝန်ရှိသူတွေကိုလည်း ကျေးဇူးတင်ပါတယ်။ ဒါပေမယ့် ကန်ကူးတံတားသစ်တည်ဆောက်ရေးလုပ်ငန်းမှာ အသုံးပြုတဲ့ ဝန်ချီကရိန်းစက်ကြီးက တံတားဟောင်းပေါ်မှာ ရပ်ပြီး လုပ်ငန်းလုပ်ရင် တံတားပေါ် ယာဉ်ကြောပိတ်ဆို့မှုဖြစ်တာ အချိန်တော်တော်ကြာတယ်။ ဒီနေ့ဆို မိနစ် ၂၀ လောက် တံတားပေါ်မှာ ပိတ်မိနေတယ်။ ဒါကြောင့် ကန်ကူးတံတားသစ် တည်ဆောက်ရေးလုပ်ငန်းတွေ အမြန်ဆုံးပြီးစီးစေချင်ပါတယ်"ဟု နေ့စဉ် ကန်ကူးတံတားပေါ်မှ မော်တော်ဆိုင်ကယ်ဖြင့် ဖြတ်သန်းမောင်းနှင် သွားလာသူ ဒေသခံအမျိုးသားတစ်ဦးက ပြောသည်။ မိတ္ထီလာကန် ကူးတံတားဟောင်းပေါ်တွင် ဝန်ချီကရိန်းစက်ရပ်နား၍ လုပ်ငန်းခွင်လုပ်ကိုင်ချိန်နှင့် ကန်၏ အနောက်ဘက်အထက(၁) ကျောင်းတက်/ ကျောင်းဆင်းချိန်များတွင် ကန်ကူးတံတားပေါ်၌ ယာဉ်ကြောပိတ်ဆို့မှု မဖြစ်ပေါ်စေရေး၊ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် နယ်မြေခံ ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များက ကူညီဆောင်ရွက်ပေးလျက် ရှိသည်။

မိတ္ထီလာကန်ကူးတံတားသစ်တည်ဆောက်ရေး လုပ်ငန်းများကို ဇွန်လကုန်ပိုင်းတွင် ပြီးစီးအောင်ဆောင်ရွက်သွားမည်ဖြစ်ပြီး မကြာမီ ဖြတ်သန်းသွားလာ အသုံးပြုနိုင်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ (မိတ္ထီလာ)**

# သွေးလွန်တုပ်ကွေး ကြိုတင်ကာကွယ်ရေးဆောင်ရွက်

**ကော့ကရိတ် ဇွန် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့အတွင်း သွေးလွန်တုပ်ကွေးကြိုတင်ကာကွယ်ရေးအနေဖြင့် ခြင်ဆေးဖျန်းခြင်း နှင့် အဘိတ်ဆေးခတ်ခြင်းလုပ်ငန်းကို ဇွန် ၁၆ ရက်က ကော့ကရိတ်မြို့ပေါ်ရှိရပ်ကွက်များမှ လူနေအိမ်များနှင့် ဘုရားပန်းအိုးများ၊ ရေမြောင်းများ၊ ရေတွင်း၊ ရေကန်များ တစ်ပြိုင်တည်းကွင်းဆင်းဆောင်ရွက်ကြသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ အမျိုးသမီးရေးရာများ၊ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းများနှင့် ဆရာ၊ ဆရာမများ ပူးပေါင်းပါဝင်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**စိုးထက်အောင်(iprd)**

# မိုးပွင့် စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေး

**မြင်းမူ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်(အထူး) စီမံချက်ဖြင့် ဇွန် ၁၁ ရက်က မြင်းမူမြို့ အနောက်ပိုင်းရပ်ကွက်သို့ ကွင်းဆင်းပြီး နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ကြောင်း သိရသည်။

မြင်းမူမြို့ အနောက်ပိုင်းရပ်ကွက်သို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်လင်းနှင့်ဝန်ထမ်းများသည် အနောက်ပိုင်း ရပ်ကွက်မှ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူ ၁၅၃ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့သည်။

မြင်းမူမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနသည် မိုးပွင့်(အထူး) စီမံချက်ဖြင့် မြို့နယ်အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ အသက် ၁၀ နှစ်ပြည့်နှင့် ၁၈ နှစ်ပြည့်ပြီးသူ ၄၆၁၇ ဦးကို နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပြုလုပ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

**ဖိုးခါး(iprd)**



# ပေါက်ခေါင်းမြို့နယ်တွင် ကလေးစာဖတ်ဝိုင်း ပြုလုပ်

**ပေါက်ခေါင်း ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး ပြည်ခရိုင် ပေါက်ခေါင်းမြို့နယ်အတွင်း ကလေးသူငယ်များ စာဖတ်သည့် အလေ့အထကောင်းများရရှိစေရန်နှင့် အသိပညာဗဟုသုတများ တိုးပွားစေရေးအတွက် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနဝန်ထမ်းများနှင့် (SVA) ရှန်တီစေတနာ့ဝန်ထမ်းများအဖွဲ့မှ ပူးပေါင်း၍ ဇွန် ၁၅ ရက်က ပေါက်ခေါင်းမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ကျင်းပသည်။ ဆက်လက်၍ ပြန်/ဆက်ဦးစီးဌာန ကလေးစာဖတ်ခန်းသို့ သဖန်းချိုအုပ်စု လေးကြီးကျေးရွာ အခြေခံပညာမူလတန်းလွန်ကျောင်းမှ ကလေးသူငယ် ၃၂ ဦး၊ ဆရာ ဆရာမများနှင့်အတူလာရောက်၍ ပြန်/ဆက်ဝန်ထမ်းများနှင့် (SVA)ရှန်တီ စေတနာ့ဝန်ထမ်းများမှ ကလေးသူငယ်များကို ပုံပြောခြင်း၊ ကလေးသူငယ်များနှင့် ဆော့ကစားခြင်း၊ ကလေးသူငယ်များကို စာဖတ်စေခြင်းတို့ ကလေးသူငယ်များက ပျော်ရွှင်စွာ ပြုလုပ်ကြကြောင်း သိရသည်။

**မောင်ရွှေဝင်း(ပြည်)**

# အခြေခံပညာမူလတန်းကျောင်း ဖွင့်ပွဲကျင်းပ

**ဟုမ္မလင်း ဇွန် ၁၇**

ဟုမ္မလင်းမြို့နယ် မောင်းခမ်းစံပြကျေးရွာတွင် အခြေခံပညာမူလတန်းကျောင်းဖွင့်ပွဲကို ဇွန် ၁၁ ရက်က မောင်းခမ်းစံပြ အခြေခံပညာမူလတန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဟုမ္မလင်းမြို့နယ် ပညာရေးမှူးကိုယ်စား အမှတ် (၂) ကျောင်းအုပ်ဆရာမကြီး ဒေါ်ဝင်းယဉ်က အမှာစကားပြောကြားပြီး မောင်းခမ်းစံပြအုပ်စု အုပ်ချုပ်ရေးမှူး ဦးစန်းလွင်၊ မောင်းခမ်းစံပြကျောင်းအုပ်ဆရာမကြီး ဒေါ်ခင်မာဝင်းတို့က ကျောင်းဆောက်လုပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**လင်းလင်း(iprd)**



# လေကိုသာမကရေကိုပါလှူဒါန်းလျက်ရှိသော မြတ်ဒါနအလှူရှင်အသင်း

**ညောင်ဦး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ်သည် ရေရှားပါးသော မြို့နယ်တစ်ခုဖြစ်ပြီး ရေအတွက် အခက်အခဲဖြစ်လျက်ရှိသောကျေးရွာများရှိသည်။

ထိုရေရှားပါးသော ကျေးရွာများသို့ ညောင်ဦးမြို့က မြတ်ဒါနအလှူရှင်အသင်းအဖွဲ့သည်လည်း လေကိုသာမက ရေကိုပါလှူဒါန်းလျက်ရှိသည်။ အဆိုပါအသင်းသည် ညောင်ဦးမြို့ပေါ် ဆေးရုံလူနာများနှင့် ရပ်ကွက်ကျေးရွာအတွင်းရှိ လူနာများကို ဆင်းရဲချမ်းသာမရွေး အောက်ဆီဂျင်ဘူးများ လိုအပ်သလောက်လှူဒါန်းလျက်ရှိသည်။

လစဉ်ပုံမှန်အလှူရှင် ၃၀၀ ကျော်တို့နှင့် အောက်ဆီဂျင်လေဘူးများ အခမဲ့လှူဒါန်းလျက်ရှိကြောင်း၊ လူနာအသစ်တစ်ဦးလျှင် လေရှူပိုက်တစ်ချောင်းနှုန်း လှူဒါန်းပေးလျက်ရှိကြောင်း၊ ယခုအခါတွင် ညောင်ဦးမြို့ပြည်သူ့ဆေးရုံကြီး၏ ဝင်းအတွင်းရှေ့တွင်လည်း နံနက် ၈ နာရီမှ ညနေ ၄ နာရီအထိ ပိတ်ရက်မရှိ လှူဒါန်းပေးလျက်ရှိကြောင်း ဦးညီညီထွန်းက ပြောသည်။

"ကျွန်တော်တို့အသင်းက ပထမတော့ အောက်ဆီဂျင်သက်သက် လှူဒါန်းတာပါ။ လိုအပ်နေတဲ့ ရေကိုပါလှူချင်လာပါတယ်။ ဒါနဲ့ ဦးဆောင်နာယက ဆရာတော်ကြီးများရဲ့လမ်းညွှန်မှုနဲ့ လိုအပ်နေတဲ့ အောက်ဆီဂျင် လေဘူးတွေကိုသာမက ရေကိုပါလှူဒါန်းခဲ့ခြင်းဖြစ်ပါတယ်"ဟု ဦးခိုင်လင်းမောင်က ပြောသည်။

ယခုနှစ်နွေရာသီတွင် ချောင်းဝရွာ၊ ငါးကင်းပုတ်ရွာ၊ စံပြရွာ၊ ပနီတွင်းရွာ၊ ညောင်ပင်သာရွာ၊ ယမ်းစမ်းရွာ၊ ကကြဲရွာနှင့် ဖိုးနီကံရွာများသို့ တောင်ဇင်းစက်ရေတွင်းများမှ ရေသယ်ယာဉ်များဖြင့် သယ်ယူလှူဒါန်းကြောင်း၊ မိုးရွာသော်လည်း ရေရှားနေဆဲဖြစ်ကြောင်း၊ ရေရှားနေသည့်ရွာများကို ဆက်လက်၍ ရေများလှူဒါန်းသွားမှာဖြစ်ကြောင်း၊ ရေလိုအပ်လျှင် မြတ်ဒါနဖုန်း ၀၉-၂၅၉၀၂၉၆၃၆ သို့ ဆက်သွယ်နိုင်ကြောင်း သိရသည်။

ယခုကဲ့သို့ ညောင်ဦးမြို့ ရွှေဘုံသာရပ်ကွက်ရှိ မြတ်ဒါနအသင်းသည် ဒေသခံပြည်သူတို့လိုအပ်ချက်များကို တစ်လလျှင် ငွေကျပ်သိန်း ၂၀ နှင့် သိန်း ၃၀ ကြား အများပြည်သူများထည့်ဝင်ငွေဖြင့် အကုန်အကျခံလှူဒါန်းလျက်ရှိရာ အောက်ဆီဂျင်လေကိုသာမက ရေကိုပါလှူဒါန်းလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်(ညောင်ဦး)**

## ဌာနပေါင်းစုံအငြိမ်းစား ဝန်ထမ်းအသင်းနှစ်ပတ်လည် စည်းဝေး

**ကျောက်မဲ ဇွန် ၁၇**

ကျောက်မဲမြို့ဌာနပေါင်းစုံအငြိမ်းစားဝန်ထမ်းများအသင်း နှစ်ပတ်လည်အစည်းအဝေးနှင့်သက်ကြီးပူဇော်ပွဲကို ကျောက်မဲမြို့ မြို့ကျက်သရေ ဆောင်ခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပရာ အသက် ၈၀ နှင့်အထက် အငြိမ်းစားဝန်ထမ်း အဘိုးအဘွား ၁၂ ဦးတို့အား တစ်ဦးလျှင်ငွေကျပ် ငါးသောင်းနှင့်လက်ဆောင်ပစ္စည်းများကို တာဝန်ရှိသူများက ပေးအပ်လှူဒါန်းကြသည်။

ဆက်လက်၍ နှစ်ပတ်လည်အစည်းအဝေးကိုကျင်းပရာ အသင်းဥက္ကဋ္ဌ ဒေါက်တာခင်မောင်ရီ၊ မြို့အထောက်အကူပြုဥက္ကဋ္ဌ ဦးတင်ဝင်းတို့က အမှာစကားပြောကြားပြီး အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းများကို တွဲဖက်အတွင်းရေးမှူး ဦးကျော်ငွေးက ဖတ်ကြားသည်။

စာရေးဆရာမြင့်အောင်မြင့် (အငြိမ်းစားဗိုလ်ကြီး) က ၄င်းရေးသား ထုတ်ဝေခဲ့သော ရွှေလက်ဖက်၊ ငွေလက်ဖက်၊ တော်ဝင်လက်ဖက် စာအုပ်ရောင်းရငွေကျပ်တစ်သိန်း၊ ဦးကျော်ခင်-ဒေါ်နန်းခင်စိန်(ရှမ်းရိုးရာအထည်ဆိုင်) မိသားစုတို့က ငွေကျပ်တစ်သိန်းကို အသင်းရန်ပုံငွေအတွက် ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်ထံသို့ ပေးအပ်လှူဒါန်းခဲ့သည်။ ယခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် ငါးဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့သောအသင်းဝင် ဒေါ်ခင်ကြည်၏မြေးဖြစ်သူမောင်အာကာစိုးအား ဒုတိယဥက္ကဋ္ဌ ဦးသိန်းအောင်က ဂုဏ်ပြုလွှာနှင့် ဂုဏ်ပြုငွေပေးအပ်သွားခဲ့ကြောင်း သိရသည်။

**(၀၉၀)**

## သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပညာပေးဟောပြော

**ဖားကန့် ဇွန် ၁၇**

ဒေသခံပြည်သူများအား သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးလုပ်ငန်းစဉ် အထောက်အကူပြုသစ်တောပြုစုထိန်းသိမ်းခြင်းနှင့် ရာသီဥတု ပြောင်းလဲမှုများ လျော့နည်းရေး အသိပညာပေးဟောပြောပွဲကို ဇွန် ၁၅ ရက်က ဖားကန့်မြို့နယ် ငါးမိုင်ကျေးရွာနှစ်ခြင်းခရစ်ယာန်အသင်းတော် ကျောင်းခန်းမ၌ ကျင်းပရာ ကာမိုင်းသစ်တောဘိနယ်တာဝန်ခံ တောအုပ်ဦးသန်းမော်က ရှင်းလင်းဟောပြောခဲ့ကြောင်း သိရသည်။

**ဝင်းအောင်**

# အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်အား ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြား

**တံတားဦး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး တံတားဦးမြို့နယ် အင်းဝမြို့ဟောင်းရှိ ဆင်ကျုံးခံတပ်အား ပြည်တွင်းပြည်ပခရီးသွားများ လာရောက်လေ့လာမှုများပြားလျက်ရှိကြောင်း သိရသည်။

"ဒီခံတပ်က ရှေးဘုရင်တွေလက်ထက်ကဆိုတော့ ပြည်ပခရီးသွားတွေတင်မကဘူး၊ ပြည်တွင်းခရီးသွားတွေကလည်း စိတ်ဝင်တစားလာရောက် လေ့လာကြပါတယ်။ ဧရာဝတီမြစ်ရဲ့ တောင်ဘက်မှာရှိပြီး သဘာဝရှုခင်းကကောင်းတော့ ခရီးသွားများ နေ့စဉ်လာရောက်မှုများပြားပါတယ်။ ရှေးဘုရင်တွေ တည်ဆောက်ခဲ့တဲ့ ခံတပ်ဖြစ်လို့ မြန်မာလူမျိုးတွေ ဂုဏ်ယူဖွယ်ရာ ယနေ့တိုင်တွေ့မြင်နိုင်ပါတယ်" ဟု ဆင်ကျုံးကျေးရွာမှ ဒေသခံတစ်ဦးက ပြောပြသည်။

ဆင်ကျုံးခံတပ်သည် အင်းဝမြို့ ဆင်ကျုံးကျေးရွာအနောက်ဘက် ဧရာဝတီမြစ်၏ တောင်ဘက်တွင် တည်ရှိသည်။ သက္ကရာဇ် ၁၈၇၄ ခုနှစ်တွင် မင်းတုန်းမင်းက မူလဆင်ကျုံးနေရာကို ခံတပ်အဖြစ် အသုံးပြုခဲ့သဖြင့် ဆင်ကျုံးခံတပ်ဟု အမည်တွင်သည်။ ကုန်းဘောင်ခေတ်နှောင်းတည်ဆောက်ခဲ့သော မင်းလှခံတပ်၊ ဂွေးချောင်းခံတပ်၊ ဆင်ကျုံးခံတပ်၊ သပြေတန်းခံတပ်နှင့် အစေခံခံတပ်တို့ကို ကင်းဝန်မင်းကြီးနှင့်အဖွဲ့က အနောက်နိုင်ငံများသို့ သွားရောက်လေ့လာခဲ့ပြီး ရရှိခဲ့သော အတွေ့အကြုံများကို အခြေခံတည်ဆောက်ခဲ့ခြင်းဖြစ်ကြောင်း မှတ်တမ်းများအရ သိရသည်။

ဆင်ကျုံးခံတပ်သည် စတုရန်းပုံဖြစ်ပြီး အုတ်တံတိုင်းသုံးထပ်ပါရှိပြီး အပြင်ဆုံးတံတိုင်းမှာ ၃၅၅ ပေပတ်လည်ရှိပြီး အရှည်ရှိသော ထောင့်ပြေဖြင့် တည်ဆောက်ထားသည်။ အလယ်တံတိုင်းမှာ ၂၉၃ ပေ ပတ်လည်ရှိသည်။ တံတိုင်းနှစ်ခုကြားတွင် ၃၁ ပေ ကျယ်သော ကျုံးရှိသည်။ အတွင်းတံတိုင်းမှာ ပေ ၂၀၀ ပတ်လည်ရှိပြီး ခံတပ်အရှေ့ဘက်တွင် ကျုံးကူးတံတားတစ်စင်းပါရှိကြောင်း သိရသည်။

**သန်းဇော်မင်း(iprd)**





ဇွန် ၁၆ ရက်က မင်းဘူးခရိုင် ငဖဲမြို့နယ်မှ ရဲတပ်ဖွဲ့ဝင်များ အခြေခံပညာအထက်တန်းကျောင်းနှင့် မူလတန်းကျောင်းများ၌ နေ့စဉ်ကျောင်းဆင်းချိန်နှင့် ကျောင်းတက်ချိန်များတွင် ကျောင်းသားကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကြပ်မတ်ဆောင်ရွက်ပေးစဉ်။ သန်းနိုင်ဦး(ငဖဲ)

# တန့်ယန်းမြို့နယ်တွင် ဘိန်းအစားထိုးသီးနှံအတွက် ပျိုးပင်များအခမဲ့ဖြန့်ဝေပေး

**တန့်ယန်း ဇွန် ၁၇**

ရှမ်းပြည်နယ်(မြောက်ပိုင်း)တန့်ယန်းမြို့နယ်တွင် ယင်းမာအထူးစီမံချက်အရ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ကြီးမှူး၍ ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် ကိုးကန့်မျိုး လက်ဖက်ပျိုးပင်များ အခမဲ့ဖြန့်ဝေခြင်းအခမ်းအနားကို ဇွန် ၁၅ ရက် မွန်းလွဲ ၂ နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသက်နိုင်က အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးလှစိုးဝင်းက ဘိန်းစိုက်ပျိုးနိုင်မှုပပျောက်စေရေးအတွက် ဘိန်းအစားထိုးသီးနှံအဖြစ် ကိုးကန့်မျိုး လက်ဖက်ပျိုးပင်များ ပေးအပ်ရခြင်းအကြောင်းကို ရှင်းလင်းတင်ပြသည်။

နားဟုတ်၊ နားငွေး၊ ဝိန်းမိုင်စသည့်ကျေးရွာ အုပ်စု သုံး အုပ်စုအတွက် ပျိုးပင်ပေါင်းနှစ်သောင်းတစ်ထောင်ကို တစ်အုပ်စုလျှင် ခုနစ်ထောင်နှုန်းဖြန့်ဝေပေးခဲ့ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ နည်းစနစ်မှန်ကန်စွာ စိုက်ပျိုးနိုင်ရေးအတွက် စိုက်ပျိုးနည်းများကိုလည်း လက်တွေ့သရုပ်ပြသင်ကြားပေးခဲ့ကြောင်း သိရသည်။

**မင်းလွင်ဦး (iprd)**

# ဆိုင်ကယ်မောင်း "က" လိုင်စင်များ ကွင်းဆင်း ဆောင်ရွက်ပေးမည်

**မြို့သစ် ဇွန် ၁၇**

မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် "က"လိုင်စင်ဖြေဆိုလိုသူ ၁၂၆၁ ဦးမှ ပထမအကြိမ် ဝန်ထမ်း ၁၉၇ ဦးနှင့် အခြား ၁၀၃ ဦးတို့ကို ဇွန် ၂၇ ရက်တွင် သင်တန်းပို့ချ၍ ရေးဖြေလက်တွေ့မောင်းစစ်ဆေးမှုများ ဆောင်ရွက်ပေးမည်ဖြစ်သည်။

မော်တော်ဆိုင်ကယ်မောင်းလိုင်စင်ရှိရေးအတွက် ယာဉ်မောင်းသူ လက်စွဲစာစောင်ကို ဝယ်ယူ၍ ဖြေဆိုမည့် သင်တန်းသားများအား တစ်ပတ်ကြိုတင်ကျက်မှတ်စေပြီးမှ ဟောပြောပို့ချခြင်း၊ လက်တွေ့မောင်းနှင်ခြင်းတို့ကို ဆောင်ရွက်ပေးသွားမည်ဖြစ်သည်။

ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများအနေဖြင့် မော်တော်ဆိုင်ကယ်မောင်း "က" လိုင်စင် လျှောက်ထားသူများ ကြိုတင်အသိပေးထားရန်နှင့် မှတ်ပုံတင်မူရင်း/မိတ္တူ၊ နောက်ခံ အပြာရောင်ဆိုဒ် (၁/၁-ခွဲ) ဓာတ်ပုံ လေးပုံတို့ကို ပြုလုပ်ပြီး တိုင်းဒေသကြီး ကုန်းလမ်းပို့ဆောင်ရေးဦးစီးဌာနမှ (၄/၆/၂၀၁၅)ရက်စွဲပါ စာအမှတ် ဇဒ-၆၀၆/၁၅/၂၁၆၉ ဖြင့် ကြိုတင်သတိပေးထားကြောင်း သိရသည်။

**သန်းဝင်းထွန်း(မြို့သစ်)**

# မွန်ပြည်နယ်တစ်ခွင် မူးယစ်ဆေးဝါးပညာပေးအစီအစဉ်များ မော်တော်ယာဉ်ဖြင့် လှည့်လည်ဆောင်ရွက်

**မော်လမြိုင် ဇွန် ၁၇**

အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်တိုက်ဖျက်ရေး အထိမ်းအမှတ်အဖြစ် မွန်ပြည်နယ်ရဲတပ်ဖွဲ့၊ မွန်ပြည်နယ်မူးယစ်ဆေးဝါးဆန့်ကျင်ရေးအသင်းနှင့် လူမှုရေးအဖွဲ့အစည်းများပူးပေါင်း၍ ဟောပြောပွဲများနှင့် ၁၀ ဘီးကားဖြင့် ရွေ့လျားစာကြည့်တိုက်လုပ်ငန်းများကို မွန်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်သို့ သွားရောက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

"ဒီမူးယစ်ဆေးဝါးပညာပေးလုပ်ငန်းတွေကို မေ ၂၆ ရက်မှ ဇွန် ၂၆ ရက်အထိ ယင်းမာအထူးစီမံချက်အနေနဲ့ လုပ်ဆောင်နေပါတယ်။ အခု ရွေ့လျားစာကြည့်တိုက်အနေနဲ့ ပထမမော်လမြိုင်ခရိုင်မှာရှိတဲ့ မြို့နယ်တွေကိုသွားပြီး လူစည်ကားတဲ့နေရာတွေဖြစ်တဲ့ ဈေးတွေ၊ ကားဂိတ်တွေ၊ ကျောင်းတွေမှာ ရပ်နားပြီး၊ ပညာပေးလက်ကမ်းစာစောင်တွေ ဖြန့်ဝေတာတို့၊ စာကြည့်တိုက်ဖွင့်လှစ်တာတို့၊ ဟောပြောတာတို့ကို လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ အလားတူ သထုံခရိုင်အတွင်းမှာရှိတဲ့ မြို့နယ်တွေကိုလည်း သွားရောက်လုပ်ဆောင်သွားမှာဖြစ်ပါတယ်။ ဒီလိုရွေ့လျားစာကြည့်တိုက်တွေကြောင့် လူငယ်တွေဟာ မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့်ဖြစ်ပေါ်လာတဲ့ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ ဆိုးကျိုးများနဲ့ ပြစ်မှုပြစ်ဒဏ်တွေကိုသိရှိပြီး ရှောင်ရှားနိုင်မှာဖြစ်ပါတယ်။ ယင်းမာစီမံချက် ပြီးသွားတဲ့နောက်ပိုင်းမှာလည်း ကျွန်တော်တို့အနေနဲ့ ဒီပညာပေးလုပ်ငန်းတွေကို ရပ်တန့်မသွားဘဲ မွန်ပြည်နယ် မူးယစ်ဆန့်ကျင်ရေးအသင်း၊ အရပ်ဘက်လူမှုအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး ဆက်လက်လုပ်ဆောင်သွားမှာပါ"ဟု မွန်ပြည်နယ်ရဲတပ်ဖွဲ့မှ တာဝန်ရှိသူတစ်ဦးကပြောသည်။

မော်လမြိုင်တွင် ဇွန် ၇ ရက်မှစ၍ တစ်ရက်လျှင် ရပ်ကွက်တစ်ခုနှုန်းဖြင့် ရပ်ကွက် ၂၈ ခုသို့ ပညာပေးဟောပြောပွဲများ လှည့်လည်လုပ်ဆောင်လျက်ရှိကာ မွန်ပြည်နယ်အတွင်းရှိ အခြားမြို့နယ်များ၌လည်း ပညာပေးလုပ်ငန်းများကို တစ်ပြိုင်တည်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **ကိုဆက်**



## လင်းပိုင်အသေတစ်ကောင် ဧရာဝတီမြစ်အတွင်းမှ ဆယ်ယူရရှိ

**ကသာ ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ကသာမြို့နယ် ညောင်ခြေထောက်ကျေးရွာအနီး၌ လွှန်ခဲ့သည့် ငါးရက်ခန့်က သေဆုံးသည်ဟု ခန့်မှန်းရသော အရှည်ငါးပေခန့်ရှိ ဧရာဝတီလင်းပိုင်အမတစ်ကောင်ကို ဇွန် ၁၄ ရက်က ဆယ်ယူရရှိခဲ့ကြောင်း သိရသည်။ အဆိုပါလင်းပိုင်သည် အမြီးပြတ်သေဆုံးနေခြင်းဖြစ်ပြီး ဦးခေါင်းမှ အမြီးပြတ်အထိ အရှည်ငါးပေ၊ ဦးခေါင်းအရှည် အရှေ့ရေယက်အထိ ၁၉ လက်မရှိကာ အလယ်ပိုင်းကိုယ်ထည်လုံးပတ် ၅၁ လက်မ၊ ဦးခေါင်းလုံးပတ် လက်မ ၄၀ နှင့် အလေးချိန်ပိဿာ ၆၀ ခန့် ရှိသည်။ ဇွန် ၁၄ ရက် မွန်းတည့် ၁၂ နာရီခန့်တွင် ကသာ-ထီးချိုင့်ပြေးဆွဲနေသော ရေယာဉ်တစ်စင်းက တွေ့ရှိသဖြင့် ဆယ်ယူလာပြီး ထီးချိုင့်မြို့ရှိ ငါးလုပ်ငန်းဦးစီးဌာနထံ ပေးပို့အပ်နှံခဲ့ခြင်းဖြစ်သည်။ အဆိုပါ ဧရာဝတီလင်းပိုင်အသေကို ထီးချိုင့်မြို့နယ်ငါးလုပ်ငန်းဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးကိုဦး၊ ငါးလုပ်ငန်းအဖွဲ့ချုပ်မှ တာဝန်ရှိသူနှစ်ဦးနှင့် ရေလုပ်ငန်းရှင်များပါဝင်သောအဖွဲ့က စစ်ဆေးတိုင်းတာမှုများနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ခြင်းများ ဆောင်ရွက်ပြီးနောက် ထီးချိုင့်မြို့အောက်ဘက်ရှိ ရေလယ်သောင်တွင် မြှုပ်နှံခဲ့ကြောင်း သိရသည်။ **ဦးရဲ(ကသာ)**



## ဘိန်းအစားထိုးသီးနှံ မျိုးစေ့နှင့် ပျိုးပင်များပေးအပ်

**တာချီလိတ် ဇွန် ၁၇**

ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း မူးယစ်ဆေးဝါးလျော့နည်းပပျောက်ရေးအတွက် မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စုများမှ တောင်သူများအား ဘိန်းအစားထိုး နှစ်ချင်းသီးနှံမျိုးစေ့များနှင့် နှစ်ရှည်သီးနှံပျိုးပင်များ၊ ဓာတ်မြေဩဇာများ အခမဲ့ပေးအပ်ပွဲကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်တွင် ကျင်းပသည်။

သီးနှံမျိုးစေ့နှင့် ပျိုးပင်များပေးအပ်ပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းများအား ယင်းမာစီမံချက် လူထုလှုပ်ရှားမှုအသွင်ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အသိပညာပေးဟောပြောပွဲများကျင်းပခြင်းအပြင် ဘိန်းအစားထိုး နှစ်ချင်းသီးနှံမျိုးစေ့များ၊ နှစ်ရှည်ပျိုးပင်များနှင့် ဓာတ်မြေဩဇာများပေးအပ်ခြင်းတို့ကိုလည်း မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်းတစ်ခုအဖြစ် ဆောင်ရွက်ခြင်းဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးစိုင်းခင်ဇော်လတ်က ဘိန်းအစားထိုးသီးနှံစိုက်ပျိုးရေးအတွက် မျိုးစေ့နှင့် ပျိုးပင်များ ပေးအပ်ရခြင်းနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် တာဝန်ရှိသူများက ဘိန်းအစားထိုး သီးနှံမျိုးစေ့၊ ပျိုးပင်များနှင့် ဓာတ်မြေဩဇာများကို ကျေးရွာအုပ်စုများမှ တောင်သူကိုယ်စားလှယ်များထံ ပေးအပ်သည်။

ထို့နောက် ဘိန်းအစားထိုးသီးနှံ စိုက်ပျိုးနည်းပညာပေးသင်တန်းကို ဆက်လက်ဖွင့်လှစ်ခဲ့ပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူးနှင့် ဝန်ထမ်းများက သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ် (၁၄)ချက်၊ ပိုးမွှားရောဂါကာကွယ်နည်း၊ နှိမ်နင်းနည်းနှင့် ပိုးသတ်ဆေးစနစ်တကျကိုင်တွယ်သုံးစွဲနည်း၊ မြေအသုံးချနည်းပညာနှင့် မျိုးကောင်းမျိုးသန့်သုံးစွဲရေးနည်းများကို သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။ **ဝေယံလင်း(iprd)**

# မြစိမ်းရောင်စီမံကိန်းကြောင့် ကျေးရွာစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာ

**စဉ့်ကိုင် ဇွန် ၁၇**

စဉ့်ကိုင်မြို့နယ် တပ်ကြီးကျေးရွာ၌ ၂၀၁၄-၂၀၁၅ ဘဏ္ဍာနှစ်အတွင်း မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် အရင်းမပျောက်မတည်ငွေ ကျပ်သိန်း ၃၀၀ ထုတ်ချေးပေးခဲ့မှုကြောင့် ကျေးရွာရှိတောင်သူများ၏ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းခွင်၊ ကုန်စုံဆိုင်နှင့် ဆိတ်၊ ဝက်၊ နွားများ မွေးမြူရေးလုပ်ငန်းများတွင် ရင်းနှီးမြှုပ်နှံရန် အရင်းအနှီးရရှိလာခဲ့သဖြင့် ကျေးရွာနေပြည်သူများအနေဖြင့် ဝင်ငွေတိုးတက်လာပြီး ပညာရေး၊ ကျန်းမာရေး၊ လူမှုရေးကဏ္ဍများလည်း ယခင်ကထက် ဖွံ့ဖြိုးတိုးတက်လာကြောင်း သိရှိရသည်။

"အရင်ကဆို ဒီရွာက နယ်တကာလှည့်ပြီး ငါးကန်တူးတာလိုက်ကြရတယ်။ ရွာမှာ လူသိပ်မရှိဘူး။ ရွာကလည်း ဖွံ့ဖြိုးမှုနောက်ကျတယ်။ အခုဆို သူတို့ကို အရင်းအနှီးလုပ်နိုင်အောင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအဖြစ် ငွေထုတ်ချေးပေးခဲ့တာကြောင့် စိုက်ပျိုးရေး၊ မွေးမြူရေးတွေမှာ ရင်းနှီးမြှုပ်နှံလာနိုင်တော့ ရွာသူရွာသားတွေ တော်တော်အဆင်ပြေလာတာ တွေ့ရတယ်။ ကျွန်မတို့ကတော့ စစ်ဆေးတာလောက်ပဲလုပ်တယ်"ဟု ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောသည်။

တပ်ကြီးကျေးရွာသို့ ချေးငွေထုတ်ချေးပေးပြီးနောက် အဆိုပါအရင်းအနှီးဖြင့် နှမ်း၊ သင်္ဘော၊ ကွမ်းခြံများစိုက်ပျိုးခြင်း၊ သိုး၊ ဆိတ်၊ နွား၊ ဝက်များမွေးမြူခြင်း၊ ကုန်စုံဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းတို့ လုပ်ကိုင်ခဲ့ကြကြောင်း၊ လုပ်ငန်းများလည်း အောင်မြင်ဖြစ်ထွန်းကြောင်း၊ ယခုအချိန်တွင် နှမ်းများရိတ်သိမ်းနေပြီဖြစ်သဖြင့် တောင်သူများ လက်တွေ့အကျိုးခံစားနေကြရပြီဖြစ်ကြောင်း သိရသည်။

"အရင်ကတော့ ရွာက သွားရေးလာရေးလည်းခက်တယ်။ အရင်းအနှီးကလည်းမရှိတော့ ငါးကန်တူးတာကို ရွာရဲ့အဓိကစီးပွားရေးလို လိုက်လုပ်ရတယ်။ အခုတော့ အဲလိုလုပ်တာနည်းသွားပြီ။ ကိုယ့်အရင်းအနှီးနဲ့ ကိုယ်ဆိုတော့၊ အကျိုးအမြတ်လည်း ကိုယ်လုပ်သလောက်ရတာပေါ့။ ဒါပေမယ့် အသုံးမကြီးဖို့နဲ့ စည်းကမ်းရှိဖို့ လိုတာပေါ့"ဟု ချေးငွေဖြင့် ကုန်စုံဆိုင်ဖွင့်လှစ်ရောင်းချနေသူတစ်ဦးက ပြောသည်။

တပ်ကြီးကျေးရွာသည် အိမ်ခြေ ၉၀ ဝန်းကျင်ခန့်နှင့် လူဦးရေ ၃၅၀ ခန့်သာရှိသောကြောင့် အရင်းမပျောက်မတည်ရင်းနှီးငွေ ကျပ်သိန်း ၃၀၀ သည် ကျေးရွာအတွက် လုံလောက်မှုရှိကြောင်း၊ သက်ဆိုင်ရာဌာနဆိုင်ရာများကလည်း အနီးကပ်ကြီးကြပ်ကာ အပတ်စဉ်၊ လစဉ် ကွင်းဆင်းကြည့်ရှုမှုများကြောင့် လုပ်ငန်းများအောင်မြင်ခဲ့ပြီး ကျေးရွာသူကျေးရွာသားများ၏ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ ကျန်းမာရေးကဏ္ဍများလည်း ဖွံ့ဖြိုးတိုးတက်လာလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းနိုင်(ကျောက်ဆည်)**

# မူးယစ်ဆေးဝါးတိုက်ဖျက်ရေးနေ့အထိမ်းအမှတ် ဟောပြောပွဲကျင်းပ

**မြင်းခြံ ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး မြင်းခြံမြို့ရှိ မြင်းခြံဒီဂရီကောလိပ်ကျောင်းခန်းမ၌ အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှုတိုက်ဖျက်ရေးနေ့ အထိမ်းအမှတ်ဟောပြောပွဲ၊ နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲများကို ဇွန် ၁၅ ရက်က ကျင်းပခဲ့သည်။

ဟောပြောပွဲတွင် မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူး ဦးမြင့်သင်းအောင်က အမှာစကားပြောကြားပြီး မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထူးက မူးယစ်ဆေးဝါးနှင့်ပတ်သက်သည့်မှုခင်းများ ဖြစ်ပွားရခြင်းအကြောင်းကိုလည်းကောင်း၊ ဒေါက်တာတင်မာသန်းထွန်းက မူးယစ်ဆေးဝါးသုံးစွဲမှုကြောင့် ကျန်းမာရေးထိခိုက်မှုအကြောင်းကိုလည်းကောင်း၊ ဥပဒေအရာရှိ ဦးနေထက်လှိုင်က မူးယစ်ဆေးဝါးသုံးစွဲခြင်းဆိုင်ရာ ပြစ်မှုပြစ်ဒဏ်များကိုလည်းကောင်း ၊ ဒုတိယရဲမှူးလှိုင်ဦးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကိုလည်းကောင်း၊ အမျိုးသမီးရေးရာအဖွဲ့မှ ဒေါ်ယဉ်ယဉ်မြက လုံခြုံစိတ်ချ ဆယ်ကျော်သက်ဘဝခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောခဲ့ကြသည်။



ဟောပြောပွဲအပြီးတွင် ကျောင်းသား ကျောင်းသူများအား မူးယစ်ဆေးဝါးအသိပညာပေး လက်ကမ်းစာစောင်များကိုလည်းဖြန့်ဝေပေးခဲ့ကာ မြင်းခြံခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှပြုလုပ်သည့် မူးယစ်ဆေးဝါးနှင့်ပတ်သက်သော အသိပညာပေးနံရံကပ်စာစောင်၊ ဓာတ်ပုံများကိုလည်း ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာကြည့်ရှုခဲ့ကြသည်။ ဟောပြောပွဲသို့ မြင်းခြံခရိုင်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်အုပ်ချုပ်ရေးမှူးများ၊ ခရိုင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူးများ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြင်းခြံဒီဂရီကောလိပ်မှ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ခဲ့ကြသည်။ **ဇော်မင်းနိုင်(မြင်းခြံ)**

# ဟယ်ရီကိန်း စပါးမှာသာဆက်ရှိသင့်ဟုဆို

တိုက်စစ်မှူး ဟယ်ရီကိန်းအနေနဲ့ မန်ယူကခေါ်ယူဖို့ ကြိုးစားနေပေမယ့် လက်မခံသင့်ကြောင်း၊ ကမ်းလှမ်းမှုကို ပယ်ချသင့်ကြောင်း အသက် ၂၁ နှစ်အောက် အင်္ဂလန်ကစားသမား မွမ်ဘာက ပြောဆိုလိုက်ပါတယ်။ လွန်ခဲ့တဲ့နှစ်ပတ်လောက်က ချယ်လ်ဆီးနဲ့ မန်ယူတို့က ခေါ်ယူဖို့ ကြိုးစားနေတာပါ။ သို့ပေမယ့် စေ့စပ်ဆွေးနွေးမှုတွေ အောင်မြင်မှုမရဘဲဖြစ်နေပါတယ်။ လူးဝစ်ဗန်ဟားလ်အနေနဲ့ ဗန်ပါစီနဲ့ ဖယ်ကာအိုတို့ကို ထုတ်လိုက်ပြီး လူသစ်တွေစုဆောင်းဖို့ ကြိုးစားနေတာပါ။ ဒီအထဲမှာ ပစ်မှတ်ထားနေတဲ့ ကစားသမားတွေထဲမှာ ဟယ်ရီကိန်းလည်း ပါဝင်ပါတယ်။ တိုက်စစ်မှူး ဟယ်ရီကိန်းအနေနဲ့ ပြီးခဲ့တဲ့ရာသီက စပါးအသင်းမှာရောအင်္ဂလန်အသင်းမှာပါ ခြေစွမ်းပြကစားလာတဲ့အတွက် ထိပ်တန်းအသင်းတွေက ခေါ်ယူဖို့မျက်စိကျလာပါတယ်။ နည်းပြဗန်ဟားလ်အနေနဲ့ စပါးတိုက်စစ်မှူးကိုခေါ်ယူဖို့ ကြိုးစားနေပေမယ့် ဟယ်ရီကိန်းဟာ စပါးအသင်းရဲ့ အဓိကကစားသမားဖြစ်နေတဲ့အတွက် စပါးအသင်းမှာပဲ ဆက်လက်ရှိနေသင့်တယ်လို့ ဆိုပါတယ်။



# လီဗာပူး ပစ်မှတ်ထားနေတဲ့ ကလိုင်နီ

လီဗာပူးအသင်းက ဆောက်သမ်တန်နောက်တန်းလူ နာတာနီကလိုင်နီကို ခေါ်ယူဖို့ စိတ်ဝင်စားနေတယ်လို့ ဆိုပါတယ်။ လီဗာပူးက ပြီးခဲ့တဲ့လထဲမှာ ကလိုင်နီကို ပေါင် ၁၀ သန်းနဲ့ ခေါ်ယူဖို့ ကမ်းလှမ်းခဲ့ရာမှာ ဆောက်သမ်တန်က ပယ်ချခဲ့ပါတယ်။ ကလိုင်နီဟာ ပေါင် ၁၅ သန်း တန်တယ်လို့ ဆောက်သမ်တန်က ဆိုပါတယ်။ သို့ပေမယ့် အသက် ၂၄ နှစ်အရွယ်ရှိ ကလိုင်နီဟာ ဆောက်သမ်တန်နဲ့ စာချုပ်ထားရာမှာ တစ်နှစ်သက်တမ်းကျန်ရှိနေပါသေးတယ်။ ဆောက်သမ်တန်အသင်းအနေနဲ့ စာချုပ်သက်တမ်းတိုးဖို့လည်း ကြိုးစားနေတယ်လို့ ဆိုပါတယ်။ လီဗာပူးအနေနဲ့ လာမယ့်ရာသီမှာ ကစားသမားတွေခေါ်ယူဖို့ ကြိုးစားလျက်ရှိရာမှာ ကလိုင်နီကို အဓိကပစ်မှတ်ထားနေတယ်လို့ ဆိုပါတယ်။ ကလိုင်နီဟာ ၂၀၁၂ ခုနှစ်မှာ ဆောက်သမ်တန်သို့ ရောက်ရှိလာပြီးနောက် ပွဲပေါင်း ၁၀၄ ပွဲ ပါဝင်ကစားခဲ့ပြီး အင်္ဂလန်အသင်းမှာလည်း ပါဝင်ကစားလာခဲ့ပါတယ်။ လီဗာပူးနဲ့ ဆောက်သမ်တန်အသင်းတို့ရဲ့ ညှိနှိုင်းမှုအဆင်ပြေမယ်ဆိုရင်တော့ ကလိုင်နီဟာ လာမယ့်ရာသီမှာ လီဗာပူးအသင်းရဲ့ အဓိကခံစစ်မှူးဖြစ်လာမယ့် အနေအထားရှိပါတယ်။





# အီတလီနဲ့ အင်္ဂလန်လူငယ်တွေ အားကုန်သုံးရမယ့် ယူ-၂၁ အုပ်စုပွဲစဉ်

***ယူအီးအက်ဖ်အေ ယူ-၂၁ ချန်ပီယံရှစ်ဘောလုံးပြိုင်ပွဲကို ယှဉ်ပြိုင်ကစားလျက်ရှိရာ ဇွန် ၁၈ ရက်၌ အီတလီနှင့် ဆွီဒင်၊ အင်္ဂလန်နှင့် ပေါ်တူဂီ၊ ဆားဘီးယားနှင့် ချက်အသင်းတို့ ဆင်နွှဲကြပါလိမ့်မယ်။ အရေးကြီးတဲ့ ပွဲစဉ်တွေဖြစ်တာမို့ အသင်းတိုင်းအားထည့်ကစားကြမှာဖြစ်ပြီး ပွဲရလဒ်ကောင်းအောင် အပြန်အလှန်ဖိအားပေးယှဉ်ပြိုင်ကြမှာဖြစ်လို့ စိတ်ဝင်စားစရာကောင်းတဲ့ပွဲတွေအဖြစ် မြင်တွေ့ရပါဦးမယ်။***

## အီတလီနှင့် ဆွီဒင်

အုပ်စု(B)ရဲ့ အီတလီနဲ့ ဆွီဒင်တို့ အရင်က ကိုးကြိမ်တွေ့ဆုံမှုမှာ အီတလီတို့က ငါးပွဲနိုင်ပြီး ဆွီဒင်က တစ်ပွဲနိုင်ကာ သရေသုံးပွဲဖြစ်ထားပါတယ်။ အီတလီအသင်းဟာ ယူအီးအက်ဖ်အေ ယူ-၂၁ ချန်ပီယံအဖြစ် ငါးကြိမ်ရရှိခဲ့ပြီး ၂၀၀၄ ခုနှစ်မှာ နောက်ဆုံးရရှိခဲ့တာမို့ အခုပွဲကိုတော့ ချန်ပီယံဖြစ်ရေးမျှော်မှန်းချက်နဲ့ ကြိုးစားနေပြီဖြစ်ပါတယ်။ ဆွီဒင်တို့က ၁၉၉၂ ခုနှစ်က နောက်ဆုံးဗိုလ်လုပွဲတက်ရောက်နိုင်ခဲ့တာကလွဲပြီး ချန်ပီယံမဖြစ်ခဲ့ပါဘူး။ ဒါပေမယ့် ၁၉၉၀၊ ၂၀၀၄ နဲ့ ၂၀၀၉ ခုနှစ်တွေမှာ အကြိုဗိုလ်လုပွဲအထိ တက်ရောက်ခဲ့တာမို့ အစဉ်အလာရှိတဲ့ အသင်းကောင်းဖြစ်ပါတယ်။ အီတလီမှာ တိုက်စစ်မှူးတွေက ဂိုးသွင်းစွမ်းရည်မြင့်မားသူတွေဖြစ်သလို ဆွီဒင်မှာလည်း ဂိုင်ဒီတီ၊ သီလင်တို့က ဂိုးသွင်းစွမ်းရည်မြင့်မားသူတွေ ဖြစ်တာမို့ အခုပွဲမှာတော့ နှစ်သင်းစလုံး အပြန်အလှန်ထိုးဖောက်ကစားကြမှာဖြစ်ပြီး အသာရရင် အီတလီတို့ပဲ ဖြစ်ပါလိမ့်မယ်။

## အင်္ဂလန်နှင့် ပေါ်တူဂီ

၂၀၀၂ ခုနှစ်နောက်ပိုင်း ယူအီးအက်ဖ်အေ ယူ-၂၁ ပြိုင်ပွဲမှာ ဒီနှစ်သင်းပထမဆုံး တွေ့ဆုံမှုဖြစ်ပါတယ်။ ၂၀၀၂ ခုနှစ် ယူ-၂၁ ပြိုင်ပွဲမှာ အုပ်စုပွဲစဉ်အဖြစ် ယှဉ်ပြိုင်ကစားတဲ့အခါ ပေါ်တူဂီတို့က သုံးဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရရှိထားခဲ့ပါတယ်။ ပေါ်တူဂီအသင်းဟာ ဗိုလ်လုပွဲနှစ်ကြိမ် တက်ရောက်ခဲ့ပေမယ့် ဒုတိယနဲ့သာ ကျေနပ်ခဲ့ရပြီး ကွာတားဖိုင်နယ်အထိလည်း နှစ်ကြိမ်တက်ရောက်ခဲ့ပါတယ်။ ဒါ့အပြင် ၂၀၁၁ နဲ့ ၂၀၁၃ ခုနှစ် ပြိုင်ပွဲတွေမှာလည်း အကြို ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့တဲ့အသင်းဖြစ်ပါတယ်။ အင်္ဂလန်အသင်းကတော့ ဗိုလ်လုပွဲ ငါးကြိမ်တက်ရောက်ခဲ့ပြီး အကြိုဗိုလ်လုပွဲအထိ လေးကြိမ်တက်ရောက်ခဲ့ဖူးပါတယ်။ ၁၉၈၂ နဲ့ ၁၉၈၄ ခုနှစ်တွေမှာ အင်္ဂလန်အသင်း ချန်ပီယံဖြစ်ခဲ့တာကြောင့် ဒီပွဲစဉ်ဟာလည်း ခြေရည်တူနှစ်သင်းတွေ့ဆုံတဲ့ပွဲမို့ အကြိတ်အနယ်ရှိမှာဖြစ်ပါတယ်။ အင်္ဂလန်အသင်းမှာ ခြေစွမ်းထက်မြက်တဲ့ တိုက်စစ်မှူးတွေဖြစ်တဲ့ ဟယ်ရီကိန်း၊ ဘီရာဟီနိုတို့ရှိသလို ပေါ်တူဂီမှာလည်း ရီကာဒိုတို့လို ဂိုးသွင်းကောင်းတဲ့သူတွေရှိနေပါတယ်။ အုပ်စုပထမဆုံး အဖွင့်ပွဲစဉ်ဖြစ်တဲ့အတွက် အင်္ဂလန် ယူ-၂၁နည်းပြ ဆောက်ဂိတ်ဟာ ဘယ်လိုနည်းဗျူဟာတွေ ခင်းကျင်းပြီး အောင်ပွဲခံနိုင်မလဲကြည့်ရမှာဖြစ်ပါတယ်။ ပေါ်တူဂီနည်းပြ ရှိုင်ဂျော့ကလည်း သူ့အသင်းမှာ ကာဗယ်ဟိုနဲ့ ဘာနာဒိုဆေးလ်ဗားတို့ပါဝင်လာတာမို့ အင်အားတောင့်တင်းနေပြီဖြစ်ပါတယ်။ အင်္ဂလန်ကို အနိုင်ကစားဖို့ဆုံးဖြတ်ကာ ခြေကုန်ထုတ်တော့မှာ ဖြစ်တာမို့ သရေပွဲဖြစ်သွားနိုင်သလို အနိုင်ဆိုရင်လည်း ပေါ်တူဂီတို့ပဲဖြစ်နိုင်တယ်လို့ ယူဆပါတယ်။

မိုးမြင့်လင်းလက်

# ချယ်လ်ဆီးဂိုးသမား အာဆင်နယ်သို့ရောက်ဖွယ်ရှိ

ကောင်းမြတ်သူ စုစည်းသည်။

ချယ်လ်ဆီးဝါရင့်ဂိုးသမားကြီး ပီတာဆက်အနေဖြင့် နံပါတ်တစ် ပွဲထွက်ဂိုးသမားနေရာပြန်မရနိုင်တော့တဲ့အတွက် ချယ်လ်ဆီးမှ အာဆင်နယ်သို့ ပြောင်းရွှေ့ကစားဖို့ လိုလားနေတယ်လို့ သတင်းများက ဆိုပါတယ်။ ချယ်လ်ဆီးအသင်းမှာ တီယာဘောက်ကော်တွိုက်စ် လက်စွမ်းပြနေတဲ့အတွက် ပီတာဆက်အနေနဲ့ ပုံမှန်ပွဲထွက်ကစားခွင့်နေရာ ဆုံးရှုံးခဲ့ရပါတယ်။ အသက် ၃၃ နှစ်အရွယ်ရှိပြီဖြစ်တဲ့ ဂိုးသမားကြီး ပီတာဆက်ကို အာစင်ဝင်းဂါးက ဒီတစ်ပတ်အတွင်း အလွတ်ပြောင်းရွှေ့မှုနဲ့ ခေါ်ယူနိုင်လိမ့်မယ်လို့ ယုံကြည်ထားပါတယ်။ ပီတာဆက်ဟာ အာဆင်နယ်နဲ့အတူ အနည်းဆုံးလေးနှစ်လောက်အထိ ကစားနိုင်ပါသေးတယ်လို့ ဝင်းဂါးက ပြောဆိုခဲ့တယ်လို့ ဆိုပါတယ်။ ပီတာဆက်ဟာ ချယ်လ်ဆီးအသင်းနဲ့အတူ နှစ်ပေါင်းများစွာ ကစားလာခဲ့သော်လည်း နည်းပြ မော်ရင်ဟိုလက်ထက်မှာ ပုံမှန်ကစားခွင့်များ ဆုံးရှုံးခဲ့ရတဲ့အတွက် အသင်းမှ ထွက်ခွာဖို့ ကြိုးစားလျက်ရှိပါတယ်။ ချယ်လ်ဆီးနဲ့ အာဆင်နယ်တို့ရဲ့ ညှိနှိုင်းမှုရခဲ့မယ်ဆိုရင် ပီတာဆက်အနေနဲ့ အာဆင်နယ်ကိုရောက်ဖို့များပါတယ်။



## သဘာဝစိမ့်စမ်းရေရရှိရေး ကိုယ့်အားကိုယ်ကိုးဆောင်ရွက်

**ဗန်းမော်  ဇွန်  ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဗန်းမော်မြို့နယ် မံအင်မင်းကုန်းကျေးရွာအုပ်စု အရှေ့ကုန်းကျေးရွာ၌ သဘာဝစိမ့်စမ်းရေရရှိရေးလုပ်ငန်းကို ဒေသခံပြည်သူများက ကိုယ့်အားကိုယ်ကိုးဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သဘာဝစိမ့်စမ်းရေ သွယ်ယူရေးအတွက် အရှေ့ကုန်းရွာ ရာအိမ်မှူး ဦးထွန်းအောင်၊ သဘာဝသောက်သုံးရေရှိရေး အကျိုးဆောင်ကော်မတီဝင် ဦးအောင်ဖေ၊ ဦးလှဖေနှင့်အဖွဲ့ဝင်များ၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူပြုကော်မတီဝင်များ၊ ဒေသအရန်မီးသတ်တပ်ဖွဲ့ဝင်များက စုပေါင်းဆောင်ရွက်နေခြင်းဖြစ်သည်။ အရှေ့ကုန်းရွာအနောက်ဖက် သုံးမိုင်ခန့်ကွာဝေးသော စော်ဘွားတောင်ခြေရှိ ရေစိမ့်ပေါက်များထွက်ရှိရာ ဝေမဟီသဘာဝစိမ့်ရေကန်မှ ရေသွယ်ယူမည်ဖြစ်ကာ အလျားပေ ၂၀၊ အနံ ၆ ပေ၊ အမြင့် ၅ ပေရှိသော ရေထွက်ကန်နှင့် ၃ လက်မ ရေလွှတ်ပိုက် နှစ်လုံးတို့ကို တည်ဆောက်ပြီးဖြစ်ကြောင်း၊ ရေသွယ်ပိုက်များ သွယ်တန်းတပ်ဆင်ရန်လည်း ရောက်ရှိနေပြီဖြစ်ကြောင်း၊ ရေသိုလှောင်ကန်အဖြစ် အလျားပေ ၄၀၊ အနံပေ ၂၀၊ အမြင့် ၆ ပေရှိသော အာစီကွန်ကရစ်ရေကန်ကို ကျေးရွာအနီးတွင် ဆက်လက်တည်ဆောက်မည်ဖြစ်ကြောင်း သိရသည်။

"ကျွန်တော်တို့ရွာမှာ သောက်သုံးဖို့နဲ့ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ဖို့အတွက် အချိန်ပြည့် ရေလိုအပ်နေပါတယ်။ ရေတွင်းရေကန်တူးဖော်ဖို့ဆိုတာက လူတိုင်းမတတ်နိုင်ပါဘူး။ တူးဖော်ပြီးရင်လည်း ရေတွင်းတွေက မအောင်မြင်ဘူး။ ရေဝါရေဆီတွေ အထွက်များတယ်။ သောက်သုံးဖို့ အဆင်မပြေတဲ့အတွက် ရေကောင်းရေသန့်ရရှိဖို့ အခုလို ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်နေတာပါ"ဟု အရှေ့ကုန်းရွာ ရပ်မိရပ်ဖဦးလှဖေက ပြောသည်။ **(၁၄၉)**

## သတင်းတို

### ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေးဆွေးနွေး

နှစ်ကုန်ပိုင်းတွင်ကျင်းပမည့် အထွေထွေရွေးကောက်ပွဲကို တနင်္သာရီတိုင်းဒေသကြီးအတွင်း အောင်မြင်စွာကျင်းပနိုင်ရေးအတွက် တိုင်းဒေသကြီးရွေးကောက်ပွဲကော်မရှင်အဖွဲ့နှင့် အဖွဲ့ခွဲများ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ တွေ့ဆုံဆွေးနွေးပွဲကို ဇွန် ၁၂ ရက်က ကျင်းပခဲ့ရာ တိုင်းဒေသကြီး ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဥက္ကဋ္ဌ ဦးသန်းစိန်က အမှာစကားပြောကြားပြီး တိုင်းဒေသကြီး ရွေးကောက်ပွဲအရာရှိ ဦးထင်လင်းဦး၊ ခရိုင်ရွေးကောက်ပွဲအရာရှိ ဦးသက်ထူးတင်နှင့် မြို့နယ်အဖွဲ့ခွဲဝင်များက ရွေးကောက်ပွဲအောင်မြင်စွာကျင်းပနိုင်ရေး ဆောင်ရွက်ရမည့်အချက်များကို ဆွေးနွေးခဲ့သည်။

**ဖိုးရွှေသွန်း(ထားဝယ်)**



ရေစကြိုဆိပ်ကမ်း၌ ဇွန် ၁၅ ရက်က ဆိုက်ကပ်ထားသည့် စီဘီတွဲတွန်းရေယာဉ်ကြီးတစ်စင်း။

## ချင်းတွင်းမြစ်ရေတိုးလာသဖြင့် ရေကြောင်းသွားလာရေးအဆင်ပြေလာ

**ရေစကြို  ဇွန်  ၁၇**

ရေစကြိုမြို့နယ်အနီး၌ ချင်းတွင်းမြစ်ရေသည် ဇွန်လဆန်းမှစ၍ တိုးလာလျက်ရှိရာ ယခုလလယ်ပိုင်းအချိန်တွင် နှစ်တောင်သာသာခန့်အထိ တိုးလာပြီဖြစ်သဖြင့် မြစ်အတွင်းပြေးဆွဲသည့် ရေယာဉ်များ၏ ရေကြောင်းသွားလာရေး အနည်းငယ်ပိုအဆင်ပြေလာကြောင်း သိရသည်။

"ကဆုန်-နယုန်ဆိုရင် ချင်းတွင်းမြစ်ရေက တိုးနေကျပဲဗျ။ ဟိုတုန်းကတော့ နယုန်လဆိုရင် ကမ်းဝက်လောက်အထိ တိုးနေကျပဲ။ ဒီနှစ်တော့ ဝါထပ်လို့လား မသိဘူး။ နှစ်တောင်သာသာလောက်ပဲ တိုးသေးတယ်။ ရေကြောင်းသွားလာရေးကတော့ အခုနည်းနည်း အဆင်ပြေလာတယ်"ဟု ရေစကြို-မြင်းခြံ ရေယာဉ်လိုင်းမှ ရေယာဉ်ငယ်တစ်စီး၏ တက်မကိုင်က ပြောသည်။

ချင်းတွင်းမြစ်ရေ အနည်းငယ်တက်လာသဖြင့် ရေယာဉ်ငယ်များ မြစ်ကြောင်းသွားလာရေး အဆင်ပြေလာသည့်အပြင် အထက်အညာဒေသမှ ကျောက်မီးသွေး သွားရောက်သယ်ယူမည့် စီဘီတွဲတွန်းရေယာဉ်ကြီးများလည်း ချင်းတွင်းမြစ်ရေကြောင်းအတွင်း စတင်ဝင်ရောက်လာနိုင်ပြီဖြစ်၍ ကုန်စည်စီးဆင်းမှုများလည်း ပိုမိုကောင်းမွန်လာပြီဖြစ်ကြောင်း သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

## ကျေးရွာအဆင့် မွေးမြူထုတ်လုပ်မှုဆိုင်ရာ နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင်

**မြင့်မိုရ်(တာချီလိတ်)**

နိုင်ငံတော်သမ္မတက ချီးမြှင့်သော ကျေးရွာအဆင့် မွေးမြူထုတ်လုပ်မှုဆိုင်ရာ အကောင်းဆုံးလူပုဂ္ဂိုလ်ဆုကို ၂၀၁၅ ခုနှစ်အတွက် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နေ ဦးကျပေးက ရရှိခဲ့ကြောင်း သိရသည်။

နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင် ဦးကျပေးသည် ရှမ်းပြည်နယ်(အရှေ့ပိုင်း) တာချီလိတ်မြို့ ဖန်မင်ကျေးရွာအုပ်စု ဟာကျားမနိုးရွာ၌ ၂၀၀၀ ခုနှစ်မှစတင်ပြီး ဒေသနွားကောင်ရေ ၄၀ နှင့် နို့စားနွား ၁၀ ကောင်ကို မွေးမြူခဲ့ကာ ယခုအခါတွင် ဒေသနွားကောင်ရေ ၁၃၀ နှင့် နို့စားနွားကောင်ရေ ၄၀ အထိ တိုးတက်မွေးမြူထားရှိကြောင်း၊ နွားမွေးမြူရေးခြံတွင် ပေါင်းစည်းလယ်ယာစနစ်ဖြင့် နှစ်ရှည်ပင်၊ သီးစားပင်များကို စိုက်ပျိုးထားရာ လိမ္မော်ပင် ၂၀၀၀၀ ခန့်နှင့် လယ် ၁၂ ဧကကို စိုက်ပျိုးထားပြီးဖြစ်ကြောင်း သိရသည်။



ပေါင်းစည်းလယ်ယာစနစ်ဖြင့် စိုက်ပျိုးထားသော လိမ္မော်ပင်များ။

ငါးကန် ခုနှစ်ကန်တွင် ငါးကောင်ရေ တစ်သိန်းခွဲခန့်ကိုလည်း ထည့်သွင်းမွေးမြူထားပြီး ဟော်မုန်းဆေးများနှင့် တားမြစ်ဆေးဝါးများ လုံးဝသုံးစွဲမှုမရှိဘဲ သဘာဝအခြေခံမွေးမြူထုတ်လုပ်သဖြင့် သားငါးများကိုရောင်းချရာတွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ စစ်ဆေးမှုကိုခံယူပြီး ဖြန့်ဖြူးရောင်းချနိုင်ခဲ့ကြောင်း သိရသည်။ တိရစ္ဆာန်အစာကျွေးမွေးရာတွင် စီးပွားရေးတွက်ချေကိုက်ရန်နှင့် ကုန်ကျစရိတ်သက်သာစွာဖြင့် အာဟာရဓာတ်ပြည့်ဝစွာရရှိရန်အတွက် ပြောင်း၊ ဖွဲနု အစရှိသည်တို့ကို တောင်သူလယ်သမားများသို့ ရင်းနှီးငွေကြိုပေးသည့်စနစ်ဖြင့် ဆောင်ရွက်ခြင်း၊ ပြောင်းမျိုးစေ့ထုတ်ပေးခြင်းများ ပြုလုပ်ပြီး မိမိခြံမှထွက်ရှိသော မြက်များဖြင့်လည်းကောင်း၊ မိမိလယ် ၁၂ ဧကမှထွက်ရှိသော ကောက်ရိုးများနှင့် အနီးအနားကျေးရွာများမှ ဒေသထွက်ကောက်ရိုးများကို စုစည်းပြီး ကောက်ရိုးဘလောက်တုံးပြုလုပ်၍လည်းကောင်း သိုလှောင်သိမ်းဆည်းကာ ကုန်ကျစရိတ်သက်သာစွာဖြင့် ကျွေးမွေးနိုင်ရန် ကြံဆောင်ခဲ့ကြောင်း သိရသည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများအနေဖြင့်လည်း မွေးမြူရေးပညာပေးသင်တန်း၊ လူထုအသိပညာပေးဆွေးနွေးပွဲများ၊ တိရစ္ဆာန်ရောဂါကာကွယ်ထိန်းချုပ်မှုလုပ်ငန်းများ၊ ကာကွယ်ဆေးထိုးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကာ မွေးမြူရေးဆိုင်ရာအမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာဆောင်ရွက်ပြီး ဈေးငွေဆိုင်ရာပြဿနာကင်းရှင်းစေရန်လည်း ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ပရဟိတလုပ်ငန်းများအဖြစ်လည်း အများပြည်သူ၊ ရပ်ရွာအတွက် တတ်စွမ်းသမျှ လှူဒါန်းခြင်း၊ မူလတန်းကလေးငယ်များ အာဟာရပြည့်ဝစေရန်နှင့် ဉာဏ်ရည်ဖွံ့ဖြိုးတိုးတက်လာစေရန် အသင့်သောက်သုံးနိုင်သော နွားနို့ဘူးများလှူဒါန်းခြင်း၊ မွေးမြူရေးခြံရှိ အလုပ်သမားများ၏ သားသမီးများအား ပညာသင်ထောက်ပံ့ကြေးပေးအပ်ခြင်း၊ အဝတ်အထည်များ ထောက်ပံ့ပေးခြင်းတို့ကို ကျောင်းသားမိဘများအတွက် စံနမူနာပြ ပြုလုပ်ခဲ့သည်။ ထို့အပြင် စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းကို အခက်အခဲများကြားမှ အောင်မြင်အောင်လုပ်ကိုင်သည့် မွေးမြူရေးနည်းပညာများကို လက်ဆင့်ကမ်းပညာပြန့်ပွားပေးနိုင်ခဲ့သည်။

နိုင်ငံတော်သည် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျှော့ချရေးအတွက် ကဏ္ဍကြီးရှစ်ရပ်ဖြင့် ဒေသအလိုက် ဆောင်ရွက်လျက်ရှိရာ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၏ မူဝါဒများဖြစ်သည့် သားငါးကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်စေရန် ကောင်းမွန်သော စီမံအုပ်ချုပ်မှုစနစ်ကို အခြေခံ၍ သားငါးသယံဇာတ ထိန်းချုပ်ရေး၊ သုတေသနနှင့် ဖွံ့ဖြိုးရေးအခြေခံအဆောက်အအုံများ ပြုပြင်မွမ်းမံတည်ဆောက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်စေရေးနှင့် အလုပ်အကိုင်သစ်များဖန်တီးရေး၊ လူသားအရင်းအမြစ်များဖွံ့ဖြိုးရေး၊ ကျေးလက်လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး စသည့်မူဝါဒများနှင့် ဘောင်ဝင်သည့်အတွက် နိုင်ငံတော်သမ္မတ၏ ဂုဏ်ထူးဆောင်လက်မှတ်ကို ချီးမြှင့်ခံရခြင်းဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတက ချီးမြှင့်သော ကျေးရွာအဆင့် မွေးမြူထုတ်လုပ်မှု အကောင်းဆုံးလူပုဂ္ဂိုလ်ဆု ချီးမြှင့်ခြင်းခံရသော နိုင်ငံ့စွမ်းဆောင်ရည်ဆုရှင် ဦးကျပေးအား ထပ်ဆင့်ဂုဏ်ပြုပွဲကို တာချီလိတ်မြို့ မကာဟိုခမ်းရပ်ကွက်ရှိ ဟုတ်တက်ခန်းမ၌ ဇွန် ၁၄ ရက်က ကျင်းပခဲ့သည်။

ထပ်ဆင့်ဂုဏ်ပြုပွဲသို့ တာချီလိတ်မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်း၊ ခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးကျော်စွာလွင်၊ ပြည်နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန တွဲဖက်ဦးစီးမှူး ဒေါက်တာထွေးကိုကို၊ တာချီလိတ်ခရိုင် မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေနှင့် စီးပွားရေးလုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ တက်ရောက်ခဲ့သည်။

ထပ်ဆင့်ဂုဏ်ပြုပွဲတွင် ခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူး ဦးကျော်စွာလွင်က အမှာစကားပြောကြားပြီး ပြည်နယ်မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန တွဲဖက်ဦးစီးမှူးက ဦးကျပေးအား နိုင်ငံ့စွမ်းဆောင်ရည်ဆုရွေးချယ်ရခြင်းအကြောင်းအရင်းကို ရှင်းလင်းပြောကြားကာ ခရိုင်စီမံခန့်ခွဲမှုကော်မတီအတွင်းရေးမှူးက ထပ်ဆင့်ဂုဏ်ပြုမှတ်တမ်းလွှာကို ပေးအပ်ခဲ့သည်။

# မုံရွာမြို့ ကြက်၊ ငုံး မွေးမြူရေးအထူးဇုန် ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေထူထောင်ထားရှိမည်

**မုံရွာ ဇွန် ၁၇**

မုံရွာမြို့ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် အထူးဇုန်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများရန်ပုံငွေကို မွေးမြူရေးလုပ်ငန်းရှင်များက လစဉ်ထည့်ဝင်ရန် သဘောတူဆုံးဖြတ်ခဲ့ကြကြောင်း သိရသည်။

ယခုနှစ် ဖေဖော်ဝါရီလ ပထမပတ်မှစတင်၍ ကြက်နှင့်ငုံးများ သေဆုံးစေသော သာမန်ထက်ပိုသည့် ကြက်ငှက်တုပ်ကွေးရောဂါဖြစ်ပွားခဲ့သဖြင့် မုံရွာကြက်၊ငုံးမွေးမြူရေးဇုန်မှ ကြက်ကောင်ရေတစ်သိန်းကျော်နှင့် ငုံးကောင်ရေသုံးသိန်းကျော် သေဆုံးခဲ့ရသောကြောင့် မုံရွာ ကြက်၊ ငုံးမွေးမြူရေးအထူးဇုန်ကြီး ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ရန်ပုံငွေထူထောင်ခြင်းဖြစ်ကြောင်း သိရသည်။

လောလောဆယ်တွင် မွေးမြူရေးဇုန် ကော်မတီဝင်များ အပြောင်းအလဲကြောင့် ရန်ပုံငွေမကောက်နိုင်သော်လည်း ကော်မတီအသစ်ဖွဲ့စည်းပြီးချိန်တွင် ရန်ပုံငွေကို စာရင်းဇယားဖြင့် ကောက်ခံသွားမည် ဖြစ်ကြောင်း၊ မွေးမြူရေးဇုန် ပြန်လည်ထူထောင်ရန်အတွက်အပြင် အရေးပေါ် လုပ်ငန်းများပေါ်ပေါက်လျှင် သုံးစွဲနိုင်ရန်အတွက် ရန်ပုံငွေ ထူထောင်ထားရန်စီစဉ်ခြင်း ဖြစ်ကြောင်း မွေးမြူရေးလုပ်ငန်းရှင်တစ်ဦးထံမှ သိရသည်။

မုံရွာ ကြက်၊ ငုံးမွေးမြူရေး အထူးဇုန် ပြန်လည်ထူထောင်ရေးလုပ်ငန်းအဖြစ် မေ ၂၂ရက်မှစ၍ ကြက်သားပေါက်များကို စည်းကမ်းချက်များနှင့်အညီ ထည့်သွင်းမွေးမြူခွင့်ပြုခဲ့ရာ ဇွန် ၁၀ ရက်အထိ ဥစားကြက်သားပေါက် သုံးသောင်းကျော်နှင့် အသားစားကြက်သားပေါက် သုံးထောင်ကျော် မွေးမြူထားရှိပြီးဖြစ်ကြောင်း သိရသည်။ မွေးမြူရေးဇုန်အတွက် ရန်ပုံငွေထားရန် ယခင်ကတည်းက စီစဉ်ခဲ့သော်လည်း ရန်ပုံငွေစုကြည့်ရာ မအောင်မြင်ခဲ့ကြောင်း၊ ယခုကဲ့သို့ရန်ပုံငွေထားရှိခြင်းဖြင့် မီးဘေးကြောင့်သော်လည်းကောင်း၊ ဇီဝလုံခြုံရေးကြောင့်သော်လည်းကောင်း မွေးမြူရေးဇုန်အတွက် ငွေကြေးလိုအပ်လာသည့် အချိန်တွင် အထောက်အကူဖြစ်စေမည်ဖြစ်ကြောင်း အဆိုပါ မွေးမြူရေးလုပ်ငန်းရှင်က ဆက်လက်ပြောကြားသည်။

**ရန်ပုံငွေထားရှိခြင်းဖြင့် မီးဘေးကြောင့်သော်လည်းကောင်း၊ ဇီဝလုံခြုံရေးကြောင့်သော်လည်းကောင်း မွေးမြူရေးဇုန်အတွက် ငွေကြေးလိုအပ်လာသည့်အချိန်တွင် အထောက်အကူဖြစ်စေမည်. . .**

**မျိုးဝင်းထွန်း(မုံရွာ)**



## မြန်မာအမျိုးသမီးများနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

**မိတ္ထီလာ ဇွန် ၁၇**

မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအထိမ်းအမှတ်အဖြစ် မြန်မာ့ရသ ဘဝသရုပ်ဖော်စာစီစာကုံးပြိုင်ပွဲကို မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့ အထက(၁)၌ ဇွန် ၁၆ ရက်က ကျင်းပခဲ့သည်။

စာစီစာကုံးပြိုင်ပွဲကို တိုင်းဒေသကြီး အမျိုးသမီးရေးရာအဖွဲ့က ကြီးမှူးကျင်းပခြင်းဖြစ်ပြီး မြန်မာအမျိုးသမီးများ၏ စွမ်းဆောင်ရည်မြင့်မားမှုများ၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးတွင် မြန်မာအမျိုးသမီးများပါဝင်ဆောင်ရွက်မှုများကို မြန်မာ့ရသ၊ ဘဝသရုပ်ဖော်အဖြစ် ရေးသားနိုင်ရန် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကျောင်းသူ ၇၂ဦး၊ အထက်တန်းအဆင့် ကျောင်းသူ ၅၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း သိရသည်။ မြန်မာအမျိုးသမီးများနေ့ ဂုဏ်ပြုအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲဝင်ရောက်ဖြေဆိုသူ ကျောင်းသူများအား တာဝန်ခံ မြို့နယ်ပညာရေးမှူး ဦးအောင်စိုးနှင့် ခရိုင်နှင့်မြို့နယ်အမျိုးသမီးရေးရာအဖွဲ့များမှ ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ကြည့်ရှုအားပေးခဲ့သည်။

**ချမ်းသာ(မိတ္ထီလာ)**

## သွေးလွန်တုပ်ကွေးနှင့် ခြင်အန္တရာယ်ကာကွယ်ရေး အပတ်စဉ်ဆောင်ရွက်မည်

**မြင်းမူ ဇွန် ၁၇**

မြင်းမူမြို့နယ်အတွင်း၌ သွေးလွန်တုပ်ကွေးရောဂါနှင့် ခြင်အန္တရာယ်ကာကွယ်နှိမ်နင်းရေးအတွက် နေအိမ်များမှ ရေကန်များအား ဖုံး၊ သွန်၊ လဲ၊ စစ် စစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို အပတ်စဉ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

မြို့နယ်မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဒေါက်တာ ဒေါ်ခင်မျိုးထိုက် ဦးဆောင်သော မိခင်နှင့်ကလေးကျန်းမာရေးဌာနမှ ဆရာမများနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးများက မြင်းမူမြို့ မင်းရဲကျော်စွာရပ်ကွက်(အနောက်ခြမ်း)ရှိ နေအိမ်များသို့ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေးပြောကြားခြင်း၊ ရေကန်၊ ရေအိုးများစစ်ဆေးခြင်းနှင့် အဘိတ်ဆေးခတ်ခြင်းများကို ဇွန် ၁၅ ရက်က ဆောင်ရွက်ခဲ့သည်။ မြင်းမူမြို့နယ် မိခင်နှင့်ကလေးကျန်းမာရေးဌာနအနေဖြင့် ခြင်နှိမ်နင်းရေးလုပ်ငန်းများကို တစ်ပတ်လျှင်နှစ်ကြိမ်ကြာသပတေးနှင့် အင်္ဂါနေ့တိုင်း ကွင်းဆင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။ **(၀၇၉)**



## အိမ်မွေးတိရစ္ဆာန်များအား ကာကွယ်ဆေးအခမဲ့ထိုးပေး

**တာချီလိတ် ဇွန် ၁၇**

တာချီလိတ်မြို့နယ် လွယ်တော်ခမ်းကျေးရွာအုပ်စု ဂျောပကျေးရွာမှ ဒေသခံပြည်သူများ မွေးမြူထားသည့် တိရစ္ဆာန်များအား ကူးစက်ရောဂါကာကွယ်ဆေးများ အခမဲ့ထိုးပေးခြင်းနှင့် ဆေးကုသပေးခြင်းများကို ဇွန် ၁၄ ရက်တွင် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

တာချီလိတ်ခရိုင်နှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန(နတလ)၊ မယ်ဖားလုံဖောင်ဒေးရှင်းနှင့် မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်တို့ ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် အသိပညာပေးဟောပြောခြင်းနှင့် အိမ်မွေးတိရစ္ဆာန်များအား ကူးစက်ရောဂါကာကွယ်ဆေးထိုးခြင်းများ ဆောင်ရွက်ပေးခဲ့ခြင်းဖြစ်သည်။ ဟောပြောပွဲတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးထွန်းထွန်းဝင်းက ယင်းမာစီမံချက်အရ မွေးမြူရေးနှင့်ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရခြင်းအကြောင်း အမှာစကားပြောကြားခဲ့ပြီး ခရိုင်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာစံထွန်းဝေက မွေးမြူထားသောတိရစ္ဆာန်များ၏ ကျန်းမာရေးကို ဂရုစိုက်ကာကွယ်ခြင်းဖြင့် ကျေးလက်ဒေသ မိသားစုများ၏စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်နိုင်ပုံများကိုလည်းကောင်း၊ မူးယစ်တပ်ဖွဲ့စု(၃၀)တာချီလိတ်မှ ရဲအုပ်ဝင်းကျော်ကျော်က မူးယစ်ဆေးဝါးတိုက်ဖျက်ရေး လက်ကမ်းစာစောင်များ ဖြန့်ဝေပြီး မူးယစ်ဆေးဝါး၏ အန္တရာယ်နှင့် ဆိုးကျိုးများကိုလည်းကောင်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးတင်ဝင်းမောင်က ကျေးလက်ဒေသ လူနေမှုဘဝမြင့်တင်ရေးဆိုင်ရာ လုပ်ငန်းများအကြောင်းကိုလည်းကောင်း ဟောပြောခဲ့ကြပြီး ပူးပေါင်းအဖွဲ့သည် ဒေသခံပြည်သူများ မွေးမြူထားသော အိမ်မွေးတိရစ္ဆာန်များအား ကာကွယ်ဆေးများ အခမဲ့ထိုးပေးခဲ့ရာ ကျွဲ ၁၉ ကောင်၊ နွား ၂၅ ကောင်၊ ဆိတ် ၄၂ ကောင်၊ ခွေးကိုးကောင်နှင့် ဝက် ၁၅၉ ကောင်ကို သန်ချဆေး၊ ကာကွယ်ဆေးများထိုးပေးနိုင်ခဲ့ကြောင်း သိရသည်။

**မြင့်မိုရ်(တာချီလိတ်)**



## မိုးသီးနှံစိုက်ပျိုးစရိတ် ကျပ်သန်း ၂၅၀၀ ကျော် ထုတ်ချေးမည်

**စဉ့်ကူး ဇွန် ၁၇**

၂၀၁၅ ခုနှစ် မိုးရာသီ သီးနှံစုံစိုက်ပျိုးစရိတ်ချေးငွေများကို လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်က ထုတ်ချေးလျက်ရှိရာ စဉ့်ကူးမြို့နယ်အတွင်းရှိ လယ်သမားများအတွက် ချေးငွေကျပ်သန်းပေါင်း ၂၅၀၀ ကျော်ကို ထုတ်ချေးပေးမည်ဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ချေးငွေတွေကို တောင်သူများလက်ဝယ်အရောက် စိုက်ပျိုးချိန်အမီ ထုတ်ချေးပေးမှာပါ။ စိုက်ပျိုးမယ့်သီးနှံတွေအတွက် လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ် ပုံစံ(၇)တင်ပြနိုင်တဲ့ တောင်သူလယ်သမားတွေကိုပဲ ထုတ်ချေးပေးမှာဖြစ်ပါတယ်။ ဒီနှစ်စီမံကိန်းအနေနဲ့ စပါး၂၂၅၇ ဧကနဲ့ အခြားသီးနှံ ၇၅၉ ဧကလျာထားပြီး စပါးတစ်ဧက ကျပ်တစ်သိန်းနှုန်းနဲ့ အခြားသီးနှံအတွက် တစ်ဧကကျပ်နှစ်သောင်းနှုန်း ထုတ်ချေးပေးသွားမှာ ဖြစ်ပါတယ်" ဟု စဉ့်ကူးမြို့ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မန်နေဂျာ ဦးပုက ပြောသည်။ ကျေးရွာအုပ်စု ၃၆ အုပ်စုမှ တောင်သူ ၇၅၀၀ ခန့်အတွက် ချေးငွေများ ထုတ်ချေးမည်ဖြစ်ကာ ကျေးရွာအုပ်စုအလိုက် တောင်သူသုံးဦးလျှင် တစ်ဖွဲ့နှုန်းဖြင့် အဖွဲ့လိုက်တာဝန်ခံစေ၍ ချေးငွေများ ထုတ်ပေးမည်ဖြစ်ကြောင်း သိရသည်။

စဉ့်ကူးမြို့နယ်တွင် ယမန်နှစ်က မိုးစပါးအမှန်တကယ် စိုက်ပျိုးသော တောင်သူများ နစ်နာမှုမရှိစေရေးအတွက် ချေးငွေများကို ကန့်သတ်မှုမရှိဘဲ တစ်ပြေးညီထုတ်ပေးခဲ့ကြောင်း၊ ယခု ၂၀၁၅ မိုးရာသီချေးငွေများ ထုတ်ပေးရာတွင် အဆင့်ဆင့်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့က ချမှတ်ထားသည့် လယ်ယာမြေနည်းဥပဒေများအရ ပုံစံ(၇)ထုတ်၍ မရသည့် မတည်မြဲသော မြေနုကျွန်းမြေများ၊ ရွှေ့ပြောင်းတောင်ယာများ၊ လယ်ယာမြေကို အခြားနည်းဖြင့် အသုံးပြုထားသောမြေများ၊ သစ်တောမြေများနှင့် စိုက်ပျိုးခြင်းမပြုနိုင်သော မြေပိုင်ရှင်တောင်သူများကို ချေးငွေများ ထုတ်ပေးနိုင်မည်မဟုတ်ကြောင်း၊ ပုံစံ(၇) ထုတ်၍ရသည့် လယ်ယာ၊ ကိုင်းကျွန်း၊ ဥယျာဉ် သီးနှံများစိုက်ပျိုးသည့် တောင်သူများကိုသာ ထုတ်ချေးမည်ဖြစ်ကြောင်း မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်မန်နေဂျာထံမှ သိရသည်။

**ဝင်းမောင်**

## မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေး ဟောပြောပွဲများကျင်းပမည်

**သနပ်ပင် ဇွန် ၁၇**

ပဲခူးတိုင်းဒေသကြီး သနပ်ပင်မြို့နယ် စက်ကုန်းပိုင်းကျေးရွာ အလကကျောင်း၌မူးယစ်ဆေးဝါးအန္တရာယ် တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် နံရံကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲ၊ ဟောပြောပွဲများကို ဇွန် ၁၁ ရက်က ကျင်းပခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် မြို့နယ်ဒုတိယရဲစခန်းမှူး ဦးဆန်းဝင်းသန်းက မူးယစ်ဆေးဝါးအကြောင်း သိကောင်းစရာများနှင့် ရှောင်ရန်အချက်များ၊ မြို့နယ်ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်မေဇင်မိုးက မူးယစ်ဆေးဝါးအန္တရာယ်ကို စာပေဖတ်ရှုခြင်းဖြင့် ရှောင်ရှားကြရေးတို့ကို ဟောပြောခဲ့ပြီး မူးယစ်ဆေးဝါးအန္တရာယ် ပညာပေးလက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့သည်။ ထို့နောက် နံရပ်ကပ်စာစောင်နှင့် ဓာတ်ပုံပြပွဲတွင် ပြသထားသောဓာတ်ပုံများကို ကျောင်းသားကျောင်းသူများက လေ့လာကြည့်ရှုခဲ့သည်။

သနပ်ပင်မြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ရဲတပ်ဖွဲ့တို့ပူးပေါင်း၍ မူးယစ်ဆေးဝါးအန္တရာယ် တိုက်ဖျက်ရေးနှင့်တားဆီးကာကွယ်ရေးနေ့ အထိမ်းအမှတ် ဟောပြောပွဲကျင်းပခြင်းသည် ဒုတိယအကြိမ်ဖြစ်ပြီး ပထမအကြိမ်အဖြစ် သနပ်ပင်မြို့နယ် အထက်တန်းကျောင်းတွင် ဇွန် ၅ ရက်က ဆောင်ရွက်ခဲ့ကြောင်း၊ အခြားကျောင်းများတွင်လည်း ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။ **(မြို့နယ် ပြန်/ဆက်)**

# အမြန်လမ်းရယ် . . . ကားရယ် . . . ယာဉ်မောင်းသူရယ်

*ယခင်အပတ်မှအဆက်*

အကြောင်းမူကား ယနေ့ခေတ်သစ်နည်းပညာများဖြင့် ထုတ်လုပ်ထားသော မော်ဒယ်လ်မြင့်ကားများကို မောင်းနှင်အသုံးပြုကြရာတွင် မြန်နှုန်းမြင့်လာသည့်အခါ၌ လက်ဝဲ၊ လက်ယာစသော ယာဉ်မောင်းစနစ်ကွဲပြားခြားနားမှုကိုလိုက်၍ သိသာသောအကျိုးသက်ရောက်မှုများကို ဖြစ်စေသောကြောင့်ဖြစ်သည်။

ပထမအချက်မှာ ယာဉ်မောင်းစနစ်နှင့်ကိုက်ညီမှုမရှိသော စတီယာရင်တပ်ဆင်ထားမှုကြောင့် ယာဉ်အန္တရာယ်ရှိနေခြင်းဖြစ်သည်။ မောင်းနှင်နေသူအတွက်သာမက မျက်နှာချင်းဆိုင်ယာဉ်ကြောမှ မောင်းလာနေသော ကားနှင့်စက်တပ်ယာဉ်စက်မဲ့ယာဉ်များ၊ ကျော်တက်ခံရမည့်ကားနှင့် စက်တပ်ယာဉ်စက်မဲ့ယာဉ်များ၊ လမ်းဖြတ်ကူးနေသူများ၊ လမ်းဘေးတွင် ခြေကျင်လျှောက်နေသူများ အားလုံးတို့အတွက်ပါ အန္တရာယ်ရှိနေခြင်းဖြစ်သည်။

ဒုတိယအချက်မှာ လမ်းဖောက်လုပ်မှုနည်းပညာအရ လမ်းပခုံးများကို ရေစီးရေလာကောင်းမွန်အောင် နိမ့်လျှောပြုလုပ်ပေးထားရသည်ဖြစ်ရာ လက်ဝဲကပ်မောင်းစနစ်၌ မောင်းနှင်မည့်မော်တော်ကားကို ဝဲဘက်သို့စောင်း၍ နိမ့်လျှောဖြစ်နေသော လမ်းအနေအထား၌ တည်ငြိမ်မှုရရှိအောင် အဓိကထားပြီးစဉ်းစားတွက်ချက်တပ်ဆင်ထုတ်လုပ်ပေးထားသလို လက်ယာကပ်မောင်းစနစ် မောင်းနှင်မည့်မော်တော်ကားကိုလည်း ယာဘက်သို့စောင်း၍ နိမ့်လျှောဖြစ်နေသော လမ်းအနေအထားအတွက် တည်ငြိမ်မှုရရှိအောင် စဉ်းစားတွက်ချက် တပ်ဆင်ထုတ်လုပ်ပေးထားသည့်အားလျော်စွာ ဝဲယာယာဉ်မောင်းစနစ်ကွဲလွဲနေခြင်းက ကား၏တည်ငြိမ်မှုအပေါ် ထိခိုက်စေခြင်းပင်ဖြစ်သည်။

တတိယအချက်ကမူ ဝဲယာယာဉ်မောင်းစနစ် လွဲမှားခြင်းကြောင့် ညအချိန်၌ ဆန့်ကျင်ဘက်ယာဉ်ကြောမှမောင်းနှင်လာသော ယာဉ်မောင်းများကို အနှောင့်အယှက်ဖြစ်စေခြင်းဖြင့် အန္တရာယ်ရှိနိုင်ခြင်းပင်ဖြစ်သည်။ အကြောင်းမှာ လက်ဝဲကပ်မောင်းစနစ်အတွက် ထုတ်လုပ်မည့်မော်တော်ကားကို လက်ယာဘက်၌ စတီယာရင်တပ်ထားပေးရုံမျှမက ညအချိန်အသုံးပြုရမည့် ရှေ့မီးကြီး၏ အနီးမြင်ကွင်းကို ထိုးပေးသော Low Beam အလင်းရောင်ပျံ့နှံ့ရာဧရိယာကိုလည်း လမ်း၏လက်ဝဲဘက်သို့ တစ်နည်းအားဖြင့် ဝဲဘက်လမ်းဘေးသို့ ဦးစားပေးရောက်ရှိအောင် တပ်ဆင်ထုတ်လုပ်ပေးထားကြခြင်းကြောင့်ဖြစ်သည်။ အလားတူပင် လက်ယာကပ်မောင်းစနစ်အတွက် ထုတ်လုပ်မည့်မော်တော်ကား၏ ရှေ့မီးကြီး Low Beam ၏ အလင်းရောင်ကိုလည်း လက်ယာဘက်အခြမ်းသို့ တစ်နည်းအားဖြင့် ယာဘက်လမ်းဘေးသို့ ပို၍ပျံ့နှံ့ရောက်ရှိအောင် စီစဉ်ထုတ်လုပ်ပေးထားကြသည်။

ထို့ကြောင့်ပင် တင်သွင်းအသုံးပြုသော မော်တော်ကားနှင့်သက်ဆိုင်ရာနိုင်ငံ၏ ယာဉ်မောင်းစနစ်တို့ သဟဇာတမဖြစ်ခဲ့လျှင် ညအချိန်ကားမောင်းရာ၌ မျက်နှာချင်းဆိုင်ယာဉ်ကြောများမှ မောင်းနှင်လာသော ယာဉ်မောင်းများ၏မျက်စိကို အလင်းရောင်ဖြင့် အနှောင့်အယှက်ဖြစ်စေပြီး အန္တရာယ်ဖြစ်ပေါ်စေနိုင်ခြင်းပင်ဖြစ်သည်။

ယနေ့အချိန်တွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံပေါင်း ၁၆၃ နိုင်ငံတို့က လက်ယာကပ်မောင်းစနစ်ကို ကျင့်သုံးနေကြသလို ဂျပန်နိုင်ငံအပါအဝင် နိုင်ငံပေါင်း ၇၆ နိုင်ငံတို့ကလည်း လက်ဝဲကပ်မောင်းစနစ်ကိုသာလျှင် အစဉ်တစိုက်ကျင့်သုံးနေကြဆဲဖြစ်သည်။

မြန်မာနိုင်ငံသည်ရှေးအစဉ်အဆက်က လက်ဝဲကပ်မောင်းစနစ်ကိုကျင့်သုံးခဲ့ရာမှ ၁၉၇၀ ပြည့်နှစ် ဒီဇင်ဘာလ ၁ ရက်တွင် လက်ယာကပ်မောင်းစနစ်ကို စတင်ပြောင်းလဲကျင့်သုံးခဲ့သည်။ ထိုစဉ်က မြန်မာတစ်နိုင်ငံလုံးတွင် မော်တော်ကားများအပါအဝင် စက်တပ်ယာဉ်အားလုံး၏အရေအတွက်သည် သောင်းဂဏန်းမျှသာရှိခဲ့သလို ယာဉ်မောင်းလိုင်စင်ကိုင်ဆောင်ထားသူအရေအတွက်မှာလည်း သိန်းဂဏန်းပမာဏမျှသာရှိခဲ့သည်။



လက်ယာကပ်မောင်းစနစ်သို့ စတင်ပြောင်းလဲကျင့်သုံးပြီးချိန်နောက်ပိုင်း ကနဦးကာလများတွင် အများပြည်သူသယ်ယူပို့ဆောင်ရေးအတွက် တင်သွင်းခဲ့သော မော်တော်ကားများ၊ ပြည်ပမှတင်သွင်းပြီး ပြည်တွင်း၌ တစ်စိတ်တစ်ပိုင်း တပ်ဆင်ထုတ်လုပ်သော မော်တော်ကားများ၊ အစိုးရအဖွဲ့ဝင်များအသုံးပြုရန်အတွက် တင်သွင်းသော မော်တော်ကားများ၊ သံတမန်နှင့်ပြည်ပပညာတော်သင်တို့က တင်သွင်းလာသည့် မော်တော်ကားများ၊ ကုလသမဂ္ဂလက်အောက်ခံအဖွဲ့အစည်းများနှင့်သံရုံးများအတွက် တင်သွင်းသောကားများ စသည်တို့သည် လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသော စတီယာရင် လက်ဝဲဘက်တပ်အသစ်စက်စက် (Brand New) ကားများသာဖြစ်ခဲ့သည်။

နောက်ပိုင်းတွင် ပြည်ပသင်္ဘောလိုက်သူတို့က ဈေးနှုန်းအလွန်သက်သာသော တစ်ပတ်ရစ်နှင့်တစ်ပတ်နွမ်းကားများကို တင်သွင်းခဲ့ကြပြီး တင်သွင်းသည့်ကားအများစုကလည်း ဂျပန်နိုင်ငံတွင်အသုံးပြုပြီးသော ကားများသာဖြစ်ခဲ့သည်။ အစဉ်အဆက် လက်ဝဲကပ်မောင်းစနစ်ကိုသာ တစိုက်မတ်မတ်ကျင့်သုံးနေသော ဂျပန်နိုင်ငံသည် ပြည်တွင်းသုံးစွဲရန် စတီယာရင်လက်ယာတပ်ကားများကိုသာ ထုတ်လုပ်အသုံးပြုနေသဖြင့် ဂျပန်နိုင်ငံမှတင်သွင်းသော တစ်ပတ်ရစ်ကားများသည် မြန်မာနိုင်ငံ၏ လက်ယာကပ်မောင်းစနစ်နှင့်ကိုက်ညီခြင်း မရှိခဲ့ပေ။

ထိုခေတ်ထိုကာလကတည်းက တစ်ပတ်ရစ် ဂျပန်ကားများကိုတင်သွင်းသုံးစွဲခဲ့သော မြန်မာနိုင်ငံသားတို့သည် မိမိတို့နိုင်ငံ၏ ယာဉ်မောင်းစနစ်နှင့်ကိုက်ညီမှုမရှိသောကားများကို နှစ်ပေါင်းများစွာမောင်းနှင်အသုံးပြုရင်း အသားကျလာခဲ့ကြသည်မှာ ယနေ့ထိတိုင်ပင်ဖြစ်သည်။ ထိုသို့စနစ်မကျသောလုပ်ရပ်ဖြင့် နေသားတကျဖြစ်ခဲ့သော မြန်မာနိုင်ငံသားတို့သည် ကားဆိုလျှင် စတီယာရင် လက်ယာဘက်တပ်ကားများကိုသာ မောင်းလိုကြပြီး ထိုကားမျိုးဖြင့် ခရီးဝေးသွားကြရာ၌ အမြန်လမ်းကို အသုံးပြုနေကြသည့်အားလျော်စွာ ကား၏သဘောတရားနှင့် လမ်း၏အနေအထားတို့ကို ကောင်းစွာ ချင့်ချိန်ကြရန် လိုအပ်မည်ဖြစ်သည်။

အမြန်လမ်းမကြီးပေါ်၌ ယာဉ်အန္တရာယ်ဖြစ်ပွားခဲ့ကြခြင်း၏ အကြောင်းရင်းတစ်ရပ်မှာ ယာဉ်မောင်းသူများ၏ အားနည်းချက်ကြောင့်ပင်ဖြစ်သည်။ မြို့တွင်းမှာကဲ့သို့ ယာဉ်ကြောကျပ်ခြင်းနှင့် ယာဉ်ကြောပိတ်ဆို့ခြင်းများမရှိဘဲ ဖြတ်သန်းသွားလာသည့် ကားအရေအတွက်နည်းပါးသော အမြန်လမ်းမကြီးများသည် ကျယ်ဝန်းပြန့်ပြူးကြသည့်အားလျော်စွာ ထိုအနေအထားမျိုးသည် ဆင်ခြင်တုံတရားရှိသော ယာဉ်မောင်းသူများအတွက် သတိကြီးကြီးထားရမည့် အခြေအနေမျိုးဖြစ်သော်လည်း ဆင်ခြင်မှုကင်းမဲ့သည့် ယာဉ်မောင်းသူများအတွက်မူ စိတ်ကြိုက်အမြန်နှုန်းဖြင့်မောင်းနှင်၍ ရရှိနိုင်သော အခွင့်အရေးတစ်ရပ်ဖြစ်သည်။

ဤနေရာတွင် အမြန်လမ်းမကြီးများပေါ်၌ စက်စွမ်းရည်နှင့်အညီ စိတ်ကြိုက်အမြန်နှုန်းဖြင့် မောင်းနှင်ခြင်းဆိုရာ၌ မော်တော်ကား၏ စက်ပိုင်းဆိုင်ရာကြံ့ခိုင်မှုအပြည့်အဝရှိအောင် စနစ်တကျစစ်ဆေးပြုပြင်ထားခြင်း၊ သတ်မှတ်ခရီးသည်ဦးရေနှင့် ကုန်အလေးချိန်ကိုသာ တင်ဆောင်မောင်းနှင်ခြင်း၊ ခရီးဝေးကို မြန်နှုန်းမြင့်မြင့်ဖြင့် မောင်းနှင်နိုင်သည့် အရည်အချင်းရှိပြီး အတွေ့အကြုံကြွယ်ဝခြင်း၊ သတ်မှတ်ထားသော ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို အပြည့်အဝလိုက်နာခြင်း၊ မူးယစ်သောက်စားမှုကင်းရှင်းခြင်း၊ လမ်းအခြေအနေအရ ပုံမှန်သတ်မှတ်ထားသော အမြန်နှုန်းကန့်သတ်ချက်နှင့် အချို့နေရာများအတွက် အထူးကန့်သတ်ထားသော အမြန်နှုန်းကန့်သတ်ချက်များအတိုင်း တိကျစွာလိုက်နာမောင်းနှင်ခြင်း စသောအရည်အသွေးနှင့်ပြည့်စုံသည့် ယာဉ်မောင်းများအတွက်ကိုသာ ရည်ညွှန်းခြင်းဖြစ်သည်။

**အမြန်လမ်းပေါ်တွင် ကြံ့ခိုင်မှုအားနည်းသော ယာဉ်ကို အသုံးပြုမောင်းနှင်ခြင်း၊ ခရီးဝေးမောင်းနှင်နိုင်သော အရည်အချင်းနှင့် အတွေ့အကြုံအားနည်းခြင်း၊ သတ်မှတ်ခရီးသည်ဦးရေနှင့် ကုန်အလေးချိန်ထက် ပိုမိုတင်ဆောင်မောင်းနှင်ခြင်း၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းများကို လိုက်နာမှုမရှိခြင်း၊ အမြန်နှုန်းကန့်သတ်ချက်အပါအဝင် သတ်မှတ်ချက်များကို ကျော်လွန်ဖောက်ဖျက်ခြင်း၊ မူးယစ်သောက်စားမောင်းနှင်ခြင်း၊ မဆင်မခြင်မောင်းနှင်ခြင်း၊ မောင်းနှင်သွားလာနေကြသော အခြားကားများကို အန္တရာယ်ဖြစ်စေလောက်သည့် နှောင့်ယှက်မှုမျိုးဖြင့် ပြုမူမောင်းနှင်ခြင်း စသော အသိဉာဏ်ပိုင်းဆိုင်ရာ နိမ့်ကျမှုများအတွက်ကိုမူ မည်မျှကောင်းသော အမြန်လမ်း၊ မည်မျှစံချိန်မီသော အမြန်လမ်းမျိုးကမျှ အာမခံနိုင်လိမ့်မည်မဟုတ်ပေ။**

သို့ဖြစ်၍ အမြန်လမ်းမကြီးတစ်လျှောက်လုံး၌ ယာဉ်အန္တရာယ်ဖြစ်ပွားရခြင်းမှ ကင်းဝေးကြစေရန်အတွက် လမ်းမကြီး၏မျက်နှာပြင်အနေအထားကို မြန်နှုန်းမြင့် မောင်းနှင်နိုင်အောင် ထပ်မံ၍အဆင့်မြင့်တင်ပေးခြင်း(Upgrade လုပ်ခြင်း)၊ လက်ရှိကျင့်သုံးနေသော လက်ယာကပ်မောင်းစနစ်နှင့် ကိုက်ညီသည့် စတီယာရင် လက်ဝဲဘက်တပ် မော်တော်ကားများကိုသာ တပ်ဆင်ထုတ်လုပ်တင်သွင်းအသုံးပြုခြင်း၊ မော်တော်ယာဉ်မောင်းနှင်မှုကျွမ်းကျင်ပြီး ကား၏အနေအထားနှင့် လမ်း၏အနေအထားတို့ကို ဆင်ခြင်ချိန်ဆတတ်သော ယာဉ်မောင်းသူများ ဖြစ်လာကြစေရေးအတွက် အရည်အသွေးမြှင့်တင်ပေးခြင်း စသည်တို့ကို ဆောင်ရွက်သွားကြရမည်သာ ဖြစ်ပေသည်။

**သိပ္ပံစာရေးဆရာကိုကိုအောင်**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6G/2957, Suzuki Carry P/U (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်စန္ဒာဦး ၁၂/ဥကတ(နိုင်)၀၂၅၇၄က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း)၊ ရန်ကုန်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ဒေါပုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄)၊ မြေကွက်အမှတ်(၁၉၈/က+ခ)၊ မြေကွက်တည်နေရာအမှတ်(၂၅၈/က+ခ)၊ အောင်သီရိလမ်း၊ မြို့သစ်ရပ်ကွက်၊ ဒေါပုံမြို့နယ် ဦးမောင်လှ ၁၂/ဒပန(နိုင်)၀၁၅၃၃၀၊ ဒေါ်ကြည်ရင် ၁၂/တမန(နိုင်)၀၂၄၁၇၇ အမည်ပေါက် နှစ်(၆၀)ဂရန်မြေအား အမည်ပေါက်တစ်ဦးဖြစ်သူ ဦးမောင်လှ (ခင်ပွန်း)ကွယ်လွန်သဖြင့် ဒေါ်နုနုရီ ၁၂/ဒပန(နိုင်)၀၁၅၃၃၁က ဇနီးဖြစ်ကြောင်း ကျမ်းကျိန်လွှာတင်ပြကာ ကျန်အမည်ပေါက် ဒေါ်ကြည်ရင်နှင့်ပူးတွဲလျက် ကျမ်းကျိန်လွှာနှင့် သေစာရင်းများတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်းစာချုပ်ရန်နှင့် စွန့်လွှတ်စာချုပ်ရန် မြေပုံကူးလျှောက်ထားလာရာ ခိုင်လုံသောအထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါရန်နှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၃၊ မြေကွက်အမှတ် ၁၁၈၅၊ မြေကွက်တည်နေရာအမှတ် ၁၁၈၅၊ ယဿဝတီ ၁၈လမ်း၊ ၁၃ရပ်ကွက်၊ တ/ဥ ဒေါ်ကြည် ၁၂/ဥကတ(နိုင်)၀၆၂၇၉၄ အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဒေါ်ကြည်နှင့် ခင်ပွန်းဦးသက်ရှည် ကွယ်လွန်သဖြင့် ဒေါ်စောရီ ၁၂/ဥကတ(နိုင်)၀၆၈၅၁၂၊ မောင်ကြီး ၁၂/ဥကတ(နိုင်)၁၉၉၆၀၇၊ ဦးမြတ်ထွန်း ၁၂/ဥကတ(နိုင်)၁၉၉၆၁၆၊ ဒေါ်မြသိန်း ၁၂/ဥကတ(နိုင်)၀၆၂၅၉၇တို့က သားသမီးများ တော်စပ်ကြောင်း ကျမ်းကျိန်လွှာ၊ သေစာရင်း၊ ပါမစ်ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်လွှာ၊ ရဲစခန်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်စည်ပင်သာယာအုပ်ချုပ်ရေးမှူးရုံး တို့မှ ထောက်ခံချက်များတင်ပြ၍ ပါမစ်ပျောက်ဖြင့် နှစ်၆၀မြေငှားစာချုပ်(ဂရန်)လျှောက်ထားလာရာခိုင်လုံသော အထောက်အထားများဖြင့် ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။ **မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တံတားမြို့နယ်၊ ဗိုလ်အောင်ကျော်လမ်း၊ အမှတ် (၃၈၇/၃၉၅)၊ ၅-လွှာ(ဘီ)၊ (၂၅ပေ×၆၀ပေ)အကျယ်ရှိ ရေ၊ မီးအစုံအခန်းကို ဦးခင်မောင် (၁၂/ပဇတ (နိုင်) ၀၂၈၁၁၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် စရန်ငွေပေးအပ်ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ (၇) ရက်အတွင်း ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ပြုလုပ်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ
ဦးစိုးဝင်း၊ တရားလွှတ်တော်ရှေ့နေ (စဉ်-၃၈၇၈)
အမှတ် (၁၀/၁၂)၊ ပ-ထပ်၊ (၃၅)လမ်းထိပ်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။

## နှစ်ဦးသဘောတူလင်မယားကွာရှင်းပြီးဖြစ်ကြောင်းကြေညာခြင်း

ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မိုးပွင့်ဖြူ (၇/ကပက (နိုင်) ၀၇၃၆၄၈) ကိုင်ဆောင်သူ၏လွှဲအပ်ညွှန်ကြားချက်အရ လင်မယားကွာရှင်းပြီးဖြစ်ကြောင်း ၊ အများသိစေရန် ကြေညာအပ်ပါသည်။

ကျွန်ုပ်၏မိတ်ဆွေ ဒေါ်မိုးပွင့်ဖြူ (၇/ကပက (နိုင်) ၀၇၃၆၄၈) နှင့် ဦးဇော်ဝင်းထွေး (၇/လပန (နိုင်) ၁၄၃၆၂၃) ကိုင်ဆောင်သူတို့သည် (၈-၃-၂၀၁၅) ရက်နေ့တွင် နှစ်ဦးသဘောတူ လင်မယားအဖြစ်မှကွာရှင်းပြီးဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ညွှန်ကြားချက်အရ –

| | |
|---|---|
| ဦးစင်မောင်လတ် | ဒေါ်စင်သီရိထွန်း |
| B.A (Law) LL.B ( Advocate ) | LL.B; Dip in IT |
| တရားလွှတ်တော်ရှေ့နေ (စဉ်–၄၂၈၃) | အထက်တန်းရှေ့နေ (စဉ်–၃၅၂၇၁) |

တိုက်–၁၀/၁၂ အခန်း (၁၀၄–H)၊ ၃၅–လမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း – ၀၉ ၃၁၉၁၁၃၆၃ ၊ ၀၉ ၂၅၁၁၀၇၇၃၃ ၊ ၀၉ ၄၄၈၀၄၇၀၉၇

## မွေးနေ့ဆုတောင်းလွှာ

မခိုင်သဇင်မိုး (ခ)ပိုးဥ (BA.Hons:, MA. English) PGDMA (15)၏ ၁၈-၆-၂၀၁၅ရက်တွင် ကျရောက်သော မွေးနေ့မင်္ဂလာမှသည် မိသားစုနှင့်အတူ ကျန်းမာပျော်ရွှင်စွာဖြင့် ဘဝကိုဖြတ်သန်းရင်း အမျိုး ဘာသာ၊ သာသနာထိန်းသိမ်းစောင့်ရှောက်နိုင်သော တိုင်းပြည်အကျိုးကို သယ်ပိုးနိုင်သော အမျိုးကောင်းသမီး တစ်ဦးဖြစ်ပါစေလို့ ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

| | |
|---|---|
| **ချစ်ပါပါကြီး** | **– ဗိုလ်ကြီးခင်အောင်မိုး(ငြိမ်း)** |
| | **Dragon Power Co.,Ltd.** |
| **ချစ်မေမေ** | **– ဒေါ်ခင်ဝင်း(အလယ်တန်းပြ)အထက(၂)အင်းစိန်** |
| **ချစ်ခင်ပွန်း** | **– ဗိုလ်ကြီးမျိုးဇော်(ရန်ကုန်တိုင်းစစ်ဌာနချုပ်)** |
| **ချစ်မောင်လေး** | **– မောင်အောင်မျိုးခန့်** |
| | **(ဒုတိယနှစ်ဘူမိဗေဒအနောက်ပိုင်းတက္ကသိုလ်)** |

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3H/3899, Mitsubishi, S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရီရီအောင် ၁၂/သဃက(နိုင်)၀၃၁၇၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများနှင့်အတူ ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

**အမှား ပြင်ဆင်ချက်**

၁၀-၆-၂၀၁၅ရက် သတင်းစာ၏ စာမျက်နှာကြော်ငြာ(၃၀) သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်းကြော်ငြာ/မောင်အုံး ၁၁/စတန(နိုင်)၀၁၈၈၉၀ အစား မောင်အုံးဇော် ၁၁/စတန(နိုင်)၀၁၈၈၉၀ဟု ဖတ်ရှုပါရန်။

# တစ်ရွာ တစ်ဧက သစ်မာစိုက်ခင်းစိုက်ပျိုးခြင်း လူထုလှုပ်ရှားမှုအသွင်ဖြင့်ဆောင်ရွက်



**ကော့ကရိတ် ဇွန် ၁၇**

ကရင်ပြည်နယ် ကော့ကရိတ်မြို့ ကျုံဒိုးချောင်းဖျားကျေးရွာတွင် ကျေးလက် အိမ်ရာထူထောင်ရေးစီမံချက်ဖြင့် တစ်ရွာတစ်ဧက သစ်မာစိုက်ခင်းစိုက်ပျိုးခြင်းကို ဇွန် ၁၅ ရက်က ကျေးရွာ၏မြေကွက်လပ်၌ လူထုလှုပ်ရှားမှုအသွင်ဖြင့် စိုက်ပျိုးခဲ့ကြသည်။

အဆိုပါစိုက်ပျိုးခြင်းကို ကော့ကရိတ်မြို့နယ် သစ်တောဦးစီးဌာန ဦးစီးအရာရှိဦးမျိုးလွင်နှင့် သစ်တောဝန်ထမ်းများ၊ ချောင်းဖျားကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် ဒေသခံပြည်သူများ၊ ချောင်းဖျားကျေးရွာ အမက (မူလွန်)ကျောင်းမှ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများက ယူကလစ်ပင်များကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

**စိုးထက်အောင် (iprd)**

## ဓမ္မစကူးလ်သင်တန်းကျောင်းအတွက် အလှူငွေများပေးအပ်

**ဝက်လက် ဇွန် ၁၇**

စစ်ကိုင်းတိုင်းဒေသကြီး ဝက်လက်မြို့ အုဋ္ဌိတိုက်ကျောင်းအတွင်း၌ မေ ၃ ရက်မှစ၍ အပတ်စဉ်တနင်္ဂနွေနေ့တိုင်း ဖွင့်လှစ်သင်ကြားပေးနေသော ဓမ္မစကူးလ်ဗုဒ္ဓဘာသာယဉ်ကျေးမှု အပတ်စဉ်သင်တန်းအတွက် အလှူငွေများပေးအပ်လှူဒါန်းပွဲနှင့် အလှူရှင်များအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်ပွဲကို ဇွန် ၁၄ ရက်က အဆိုပါသင်တန်းကျောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် ဝက်လက်မြို့ ဓမ္မစကူးလ်ဖောင်ဒေးရှင်းဦးစီးပဓာနနာယက ဆရာတော်ဘဒ္ဒန္တဇဋိလက ဩဝါဒမြွက်ကြားသည်။ ဆက်လက်၍ ဓမ္မစကူးလ်ဖောင်ဒေးရှင်း ပင်တိုင်ကုသိုလ်ရှင် ဦးအောင်မျိုးဦးက သင်တန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားကာအလှူရှင် များစုပေါင်း၍ ငွေကျပ် ၁၂ သိန်း ငါးသောင်းကိုလှူဒါန်းကြရာ ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ပေးခဲ့ကြကြောင်း သိရသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၅၀၀ တက်ရောက်လျက်ရှိပြီး သင်တန်းကို ၁၀ လကြာ ဖွင့်လှစ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**နန်းမြင့်(ဝက်လက်)**

## ကျေးလက်မီးလင်းရေး တစ်အိမ်သုံးဆိုလာပေးအပ်

**လဟယ် ဇွန် ၁၇**

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်း ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် Best Creation ကုမ္ပဏီက တာဝန်ယူဆောင်ရွက်သည့် ကျေးလက်မီးလင်းရေးအတွက် ဆိုလာပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၁၂ ရက်က ကျင်းပသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးရှုစ်ကြူးက နာဂဒေသ ကျေးလက်မီးလင်းရေးအတွက် ယခုအစိုးရသစ်လက်ထက်တွင် နိုင်ငံတော်မှ ငွေကျပ်သန်းပေါင်းများစွာအကုန်အကျခံ၍ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ မိမိတို့နာဂပြည်သူများအနေဖြင့်လည်း နိုင်ငံတော် ကျေးဇူးစေတနာကို နားလည်သိရှိပြီး မိမိတို့နာဂဒေသ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့ပြည်သူကိုယ်တိုင် ပါဝင်ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းပြောကြားသည်။

အခမ်းအနားတွင် နာဂဦးစီးဥက္ကဋ္ဌက ကျေးရွာအတွက် တစ်အိမ်သုံး ဆိုလာကိုပေးအပ်ခဲ့ရာ အုပ်ချုပ်ရေးမှူးက လက်ခံယူခဲ့သည်။ ထို့နောက် ဆိုလာအသုံးပြုပုံနှင့် ထိန်းသိမ်းနည်းများကို Best Creation ကုမ္ပဏီမှ တာဝန်ရှိသူများက သရုပ်ပြရှင်းလင်းပြသခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် နာဂဒေသတွင် ၂၀၁၄-၂၀၁၅ ခုနှစ်အတွင်း လဟယ်မြို့နယ်အတွက် ကျေးရွာပေါင်း ၁၂ ရွာ၊ ဆိုလာပေါင်း ၁၁၅၂ စုံ၊ လေရှီးမြို့နယ်အတွက် ကျေးရွာပေါင်း ၁၀ ရွာ ဆိုလာပေါင်း ၅၇၅ စုံ၊ နန်းယွန်းမြို့နယ်အတွက် ကျေးရွာပေါင်းကိုးရွာ၊ ဆိုလာပေါင်း ၂၇၆၃ စုံတို့ကို ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ခွင့်ပြုဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ချန်လော(PR)**

## ပြည်သူ့ဗဟိုပြုရဲလုပ်ငန်းအခြေခံသင်တန်းဖွင့်

**မန္တလေး ဇွန် ၁၇**

မန္တလေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့ကကြီးမှူး၍ မန္တလေးခရိုင် ပြည်သူ့ဗဟိုပြုရဲလုပ်ငန်း Community Policing အခြေခံသင်တန်းဖွင့်ပွဲ အခမ်းအနားကို မန္တလေးခရိုင်ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ ဇွန် ၁၅ ရက်က ကျင်းပရာတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီးဟန်ထွန်းက သင်တန်းအမှာစကားပြောကြားခဲ့သည်။

အဆိုပါ သင်တန်းဖွင့်ပွဲသို့ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိန်ထွန်း၊ မဟာအောင်မြေမြို့နယ် အုပ်ချုပ်ရေးမှူး၊ မြို့နယ်တရားသူကြီး၊ ဒုတိယမြို့နယ်ဥပဒေအရာရှိနှင့် ဌာနဆိုင်ရာများ၊ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**



**ရန်ကုန် အနောက်ပိုင်းခရိုင် လမ်းမတော်မြို့နယ်မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး အသိပညာပေးဆိုင်းဘုတ်တင် အခမ်းအနားကို ရန်ကုန်ပြည်လမ်းတွင် ဇွန်ဒုတိယပတ်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးသန်းထွဋ်ဦး၊ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုရဲမှူးကြီး ကျော်ထွဋ်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးမှူး ဦးကျော်ဇင်နှင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်ရေး အထောက်အကူကော်မတီဖွဲ့ဝင် ဦးသန့်ဇင်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။**

ကျော်မြင့်သန်း(လမ်းမတော်)

## မော်တော်ယာဉ်များတွင် မူးယစ်ဆေးတိုက်ဖျက်ရေး စတစ်ကာများကပ်

**မြစ်ကြီးနား ဇွန် ၁၇**

ဇွန် ၂၆ ရက်တွင် ကျရောက်မည့် (၁၈)ကြိမ်မြောက် အပြည်ပြည်ဆိုင်ရာ မူးယစ်ဆေးဝါးအလွဲသုံးမှုနှင့် တရားမဝင်ရောင်းဝယ်မှု တိုက်ဖျက်ရေးနေ့ အထိမ်းအမှတ် လူထုလှုပ်ရှားမှုအသွင်ဖြင့် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးလုပ်ငန်း အထူးစီမံချက် (ယင်းမာ)အရ မြစ်ကြီးနားမြို့နယ် အုပ်ချုပ်ရေးမှူး ဦးလှိုင်းမောင်မောင်၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးမြင့်သိန်းနှင့် တာဝန်ရှိသူများ ပူးပေါင်း၍ ဇွန် ၁၂ ရက်က မြစ်ကြီးနားမြို့ အဝေးပြေးမော်တော်ယာဉ်ဝင်းအတွင်း၌ မြစ်ကြီးနားမြို့မှ မန္တလေး၊ ရန်ကုန်၊ ဗန်းမော်၊ ဖားကန့်နှင့် တနိုင်းမြို့များသို့ ထွက်ခွာမည့် ခရီးသည်တင်မော်တော်ယာဉ်စီးရေ ၅၀ တို့တွင် မူးယစ်ဆေးဝါးတိုက်ဖျက်ရေးဆောင်ပုဒ်ပါ စတစ်ကာများ စနစ်တကျကပ်ပေးကြကြောင်း သိရသည်။

**ဝင်းအောင်**


**Victoria University College**

**ကျောင်းသားသစ်များလျှောက်လွှာခေါ်ယူခြင်း**

၁။ တက္ကသိုလ်ဝင်စာမေးပွဲ အောင်မြင်သူများသည်အောက်ပါ HND ဘာသာရပ်များအနက်တစ်ခုကို ရွေးချယ်လျှောက်ထားနိုင်သည်။

(က) Engineering (Civil/ Mechanical/ Mechatronics/ Electrical and Electronics)

(ခ) Medical Study (HND to MBBS)

(ဂ) Business (Management/ Marketing/ Accounting/ HR/ Banking/ Hotel Management)

(ဃ) Computing (Software Engineering/ Computing and System Development)

၂။ စိတ်အားထက်သန်သော ဘာသာရပ်ကို ရွေးချယ်ရမည်။ (အောင်မှတ်ပေါ်တွင် မူတည်မရွေးချယ်ပါ။)

၃။ HND အတွက် ၂နှစ်ခွဲသင်ယူရမည်ဖြစ်သည်။ BE(Hons:), BSc(Hons:), BA(Hons:), BBA(Hons:) အတွက် ဗြိတိန်အစိုးရပိုင် University of Wolverhampton မှ Victoria University College မြန်မာသို့လာ ရောက်သင်ကြားသည့် အတန်းတွင် (၁)နှစ်ဆက်လက်သင်ယူရ မည်။ MBBS အတွက် (၄)နှစ် ဆက်လက်သင် ယူရမည်။

၄။ QAA(UK)နှင့် UoW အသိအမှတ်ပြု Centre ဖြစ်သဖြင့်နိုင်ငံတကာအသိအမှတ်ပြုဘွဲ့နှင့် အလုပ်အကိုင်အခွင့်အလမ်းများရရှိမည်။(Victoria University College မှ အကြံပြု ဆောင်ရွက်ပေးသည်။)

၅။ ဝင်ခွင့်လျှောက်လွှာနှင့်အတူ အောင်လက်မှတ် (သို့မဟုတ်) ထောက်ခံစာ၊ ဓါတ်ပုံ ၃ပုံပူးတွဲတင်ပြရမည်။

၆။ ၃၀.၆.၂၀၁၅ နောက်ဆုံးထားပြီး လျှောက်လွှာလက်ခံမည်။ (ကျောင်းသားအရေအတွက် ကန့်သတ်ထားပါသည်။)

လျှောက်လွှာတင်သွင်းရန်နှင့် စုံစမ်းဆွေးနွေးရန် ကျောင်းသားရေးရာဌာန - Victoria University College
အမှတ် (၁၆၆)၊ အထက်ပန်းဆိုးတန်းလမ်း၊ မင်္ဂလာတောင်ညွှန့်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း - ၀၁ ၃၈၃၁၃၂၊ ၃၈၃၁၃၃၊ ၀၉၂၅၉၂၇၁၀၉၄၊ ၀၉၂၆၃၀၃၆၀၄၄။



**စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း**

ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံမြို့နယ်၊ အမှတ်(၅၇)၊
အောင်သုခလမ်းမကြီး၊ (၃)ရပ်ကွက်နေ ဦးစန်းယု(ဦးစီးအရာရှိ-ငြိမ်း၊
မြန်မာ့စက်မှုသီးနှံဖွံ့ဖြိုးရေးလုပ်ငန်း)-ဒေါ်သိန်းသိန်းဝင်းတို့၏သား၊
ဒုရဲအုပ် ယုစန္ဒီဝင်း၏မောင်

**ဗိုလ်ကြီးနေထူးအောင်** (B.Sc Maths,D.S.A)

**နှင့်**

သဃ်န်းကျွန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသက်ထွန်း-ဒေါ်အေးစန္ဒာတို့၏သမီး၊
မောင်ဇာနည်ထွန်း(1st Year Law)တို့၏ အစ်မ

**မဟေမာသက်ထွန်း**

(B.A Eng,MI TV Translation Department)

တို့သည် ၁၈-၆-၂၀၁၅ ရက်တွင် သဃ်န်းကျွန်းမြို့မရဲစခန်းဝင်း မြို့နယ်ရဲတပ်ဖွဲ့မှူးနေအိမ်တွင် နှစ်ဖက်သောမိဘဆွေမျိုးများရှေ့၌ စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

**နှစ်ဖက်သောမိဘများနှင့်**
**ဗိုလ်ကြီးနေထူးအောင်-မဟေမာသက်ထွန်း**



**ပျောက်ဆုံးကြောင်း**

ကျွန်တော် မင်းမျိုးဦး ၃/ဘအန(နိုင်)၁၄၂၈၃၆ ၏ Psno (မမှတ်မိ) ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၂၅၇၇၀၉၀၄၂



**LCCI ACCOUNTING CLASS**

ဦးဆန်းအောင် B.Com, CPA

JUNE 20 ဖွင့်မည်

**USA COMMERCIAL SCHOOL**

ဘိုကုန်အခန်း၂၄ပြည်တော်သစ်အိမ်ရာ၊အောက်ပုဇွန်တောင်လမ်းမကြီး
ဖုန်း၊ ၂၉၁၃၂၉၊ ၀၉-၄၂၁၀-၂၀၂၁၅၊၀၉-၆၇၀၇-၆၂၁၂၀
၀၉-၃၁၄-၈၀၈၈၄

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6E/7745 MITSUBISHI CANTER, VAN(4x2)R ယာဉ်လက်ဝယ်ရှိသူ GMP Co., Ltd က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)၊ ရန်ကုန်မြို့**

## SEVEN စံ မာ်

## မြေကွက်ရောင်းဝယ်ရေး

ဒဂုံဆိပ်ကမ်း၊ အရှေ့ပိုင်း၊ တောင်ပိုင်းရှိ မြေကွက်များ ရောင်းလိုပါသလား ?

SEVEN စံ နဲ့ဆက်သွယ်လိုက်ပါ။

အိမ်အရောက်ငွေပေးချေသည်။

"ပွဲခ လုံးဝ မယူပါ"

Ph: 09 - 33 333 511, 09-33 333 514, 09-33 333 644

## ရောင်းမည်/ငှားမည်

- ရန်ကုန်မြို့၊ အလုံလမ်းမပေါ်ရှိ Orchid Condo လေးလွှာ၊ ရွှေတိဂုံဘုရား View ပြင်ဆင်ပြီး၊ အသင့်နေနိုင်(3200 sq ft)
- နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ တစ်ကွက်လျှင် ၀ ဒသမ ၁၄၆ ဧက (ပေ၈၀×ပေ၈၀) နှစ်ကွက်တွဲလျက်ပေါ်ရှိ တစ်ထပ်တိုက်နှစ်လုံး၊ ရေ၊ မီးစုံ

**ဆက်သွယ်ရန်ဖုန်း(ရုံးချိန်အတွင်းသာ)** - ၀၂-၃၂၈၂၇၊ ၀၂-၃၆၀၆၂၊ ၀၂-၆၃၈၅၁

**ဆက်သွယ်ရန်ဖုန်း(ရုံးချိန်အတွင်းသာ)** - ၀၁-၇၀၉၄၃၅၊ ၀၁-၉၆၈၈၇၄၁

## ကလေးနာမည်ပေးနာမည်ကျော်ဆရာကြီး ရာဇာဇော်ဝင်း(LL.B)နှင့်သာဆက်သွယ်ပါ



ရှေးမူမပျက်ဓေတ်မီလုပသောနာမည်လှလှလေးများကိုဖုန်းသာဆက်လိုက်ပါကင်ပွန်းတပ်ရက်/မင်္ဂလာမော်ကွန်း/ဇာတာ/ဂဏန်းဗေဒင်အဟောများ/နက္ခတ်အဟောများ/မိဘနာမည်တွဲသုံးပုံလမ်းညွှန်/တစ်သက်တာဟောစာတမ်းများ/နာမည်ပေးပါရဂူဆရာကြီးနှင့်ဆက်သွယ်လျှင်ထူးချွန်သောကလေးဖြစ်စေရန်အာမခံသည်။ ရင်သွေးငယ်၏ အနာဂတ်အလုံးစုံပါဝင်သောအကြားအမြင်ဟောစာတမ်းပါဦးမည်၊ကလေးအတွက်အစုံပါသည်အိမ်ပို့၇၀၀၀ိနယ်သို့စာတိုက်မှပို့မည်။လူကြီးများလိုရာမေး ကွန်ပြူတာဖြင့်နာမည်မပေးပါ။ ကိုယ်ဝန်ဆောင်မိခင်ရက်ကောင်းရွေးစာအုပ်ချုပ်၍ပို့သည်။

အမှတ်(၃၅) ဓမ္မဂဗ္ဗ(၈၇)လမ်း၊မင်္ဂလာတောင်ညွန့်မြို့နယ်၊ရန်ကုန်မြို့။(ပိတ်ရက်မရှိ)

☎01-394727,01-399426,09-73009994,09-5152521

## Mingalar Cinemas

www.facebook.com/mingalarcinemas

Mingalar Cinemas facebook

| | | | | | |
|---|---|---|---|---|---|
| သမ္မတ ၀၁-၂၄၆၉၆၂ ၀၁-၂၄၆၉၆၃ | သွင် ၀၁-၃၇၂၉၄ ၀၉၇၃၂၃၅၆၀ | မင်္ဂလာ(၁) သိမ်ကြီးဈေး ၀၁-၂၄၃၀၅၇ ၀၁-၂၄၃၀၅၈ | မင်္ဂလာ(၂) ဒဂုံစင်တာ(၂) ၀၉၇၃၂၅၄၀၉၁ ၀၉၇၃၂၅၄၀၉၂ | ရွှေဆောင် ၀၁-၂၅၂၁၁၃ ၀၁-၃၈၈၀၃၄ ၀၁-၃၇၀၇၈၇ | နေပြည်တော် ၀၁-၂၅၁၂၇၇ ၀၁-၂၅၁၂၈၈ |
| မင်္ဂလာစံပြ ၀၉၂၆၀၈၈၇၀၃၅ ၀၉၂၆၀၈၈၇၀၃၆ ၀၁ ၂၃၀၃၁၆၅ | Top Royal (စိန်ဂေဟာ-ဖံရုဝီ) ၀၉၄၂၀၁၆၂၉၁ ၀၉၄၂၀၁၆၂၉၂ | ဝင်းလိုက်(မန္တလေး) ၀၂-၃၉၁၂၈ ၀၂-၆၀၂၉၁ | မြို့မ(မန္တလေး) ၀၂-၃၉၁၃၆ ၀၂-၃၉၁၃၇ | မင်္ဂလာဒိုင်းမွန်း(မန္တလေး) ၀၉၄၀၂၇၆၅၆၄၁ ၀၉၄၀၂၇၆၅၆၄၂ | မင်္ဂလာထွန်းသီရိ(ပြည်) ၀၉၇၉၁၁၈၃၇၅၁ ၀၉၇၉၁၁၈၃၇၅၂ |

| ကျွန်မကနင်းဆီပါမောင် | JURASSIC WORLD (3D) | TOMORROWLAND / MAD MAX FURY ROAD(3D) / GHOST COINS |
|---|---|---|
| ရန်ကုန် သမ္မတ၊ သွင်၊ မင်္ဂလာ(၁)၊ မင်္ဂလာစံပြ၊ Top Royal; မန္တလေး ဝင်းလိုက်၊ မြို့မ၊ မင်္ဂလာဒိုင်းမွန်း; ပြည် - မင်္ဂလာထွန်းသီရိ | ရန်ကုန် ရွှေဆောင်(၁)၊ နေပြည်တော်(၁)၊ မင်္ဂလာ(၂)၊ မင်္ဂလာစံပြ; မန္တလေး မင်္ဂလာဒိုင်းမွန်း; ပြည် မင်္ဂလာထွန်းသီရိ | TOMORROWLAND: ရန်ကုန် နေပြည်တော်(၃); MAD MAX FURY ROAD(3D): ရန်ကုန် နေပြည်တော်(၂); GHOST COINS: ရန်ကုန် ရွှေဆောင်(၂) |

**၁၉ . ၆ .၂၀၁၅ ရက်မှ စတင်ပြသမည့်ဇာတ်ကားသစ်များ**

ပွဲချိန်သတ်ပြု - ၁၀း၀၀ နာရီ၊ ၁၂း၃၀ နာရီ၊ ၃း၃၀ နာရီ၊ ၆း၃၀ နာရီ၊ ၉း၃၀ နာရီ






















နေပြည်တော်အရောင်းခန်းမ(ကျောက်မျက်ပြတိုက်အနီး)

အမှတ်(ZF -008) တောင်ထီးလမ်း၊သပြေကုန်းရပ်ကွက်၊ဇမ္ဗူသီရိမြို့နယ်၊နေပြည်တော်။

ဖုန်း-(၀၆၇) ၈၁၀၈၂၈၁ ☎-၀၉ ၂၅၀ ၆၈၄ ၂၀၃၊ ၀၉ ၈၆၁ ၃၆၅၉

ရန်ကုန်အရောင်းခန်းမ

ကျိုက်ခေါက်ဘုရားလမ်း၊သန်လျင်မြို့နယ်။

ဖုန်း-၀၅၆-၂၁၁၅၀~၃ လိုင်းခွဲ-၁၁၂၆(သို့) ၀၉-၂၅၀ ၆၈၄ ၂၀၃

EMAIL :SALES@KRISPLAZANAYPYITAW.COM

KrisPLAZA NAY PYI TAW

PRESTIGIOUS CONDOMINIUM AND COMMERCIAL PLAZA

နေပြည်တော်၏ပထမဦးဆုံးအဆင့်မြင့်ကွန်ဒိုအခန်းများအား လက်လွတ်မခံပဲရယူပိုင်ဆိုင်နိုင်ရန်အတွက် ရန်ကုန်မြို့ JUNCTION MAW TIN တွင်ကျင်းပပြုလုပ်မည့် 'အဆင့်မြင့် အိမ်ရာအရောင်းပြပွဲ' သို့ ကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။

နေ့ရက်။ ။(၁၉-၆-၂၀၁၅)မှ(၂၁-၆-၂၀၁၅)အထိ (သောကြာ၊စနေ၊တနင်္ဂနွေ)

အချိန်။ ။နံနက်(၉း၀၀)မှ ည(၉း၀၀)အထိ

နေရာ။ ။Junction Maw Tin ၊အနော်ရထာလမ်းနှင့်လမ်းသစ်လမ်းထောင့်၊ လမ်းမတော်မြို့နယ်၊ရန်ကုန်မြို့။

A Prestigious joint venture of LSC-FMI Co., Ltd

FMI krislite LIGHTING SPECIALIST CO LTD

www.krisplazanaypyitaw.com

## ပြန်ကြားရေးဝန်ကြီးဌာန
## ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း (၉)မျိုး ဝယ်ယူရန် အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်းအတွက် လုပ်ငန်းသုံးစက်ကိရိယာပစ္စည်း(၉)မျိုးကို အောက်ပါအတိုင်း ဝယ်ယူလိုပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် | မှတ်ချက် |
|---|---|---|---|
| (က) | Forklift 2 Ton | 6 Nos | မြန်မာကျပ်ငွေ |
| (ခ) | Generator | 1 Nos | မြန်မာကျပ်ငွေ |
| (ဂ) | 4 Unit Sheetfed Offset | 1 Nos | မြန်မာကျပ်ငွေ |
| (ဃ) | Double Head Stitcher | 1 Set | မြန်မာကျပ်ငွေ |
| (င) | Semi Automatic Stitcher | 1 Nos | မြန်မာကျပ်ငွေ |
| (စ) | Folding M/C | 1 Nos | မြန်မာကျပ်ငွေ |
| (ဆ) | Auto-Perfect Binding M/C | 5 Nos | မြန်မာကျပ်ငွေ |
| (ဇ) | Paper Cutting M/C | 1 Nos | မြန်မာကျပ်ငွေ |
| (ဈ) | တစ်ဖက်ဖြတ်ဓားစက် | 1 Nos | မြန်မာကျပ်ငွေ |

၂။ အိတ်ဖွင့်တင်ဒါများကို ၁၅-၆-၂၀၁၅ ရက်မှ ၂၆-၆-၂၀၁၅ ရက်အထိ နေ့စဉ် ၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ပုံနှိပ်ရေးနှင့် စာအုပ်ထုတ်ဝေရေးလုပ်ငန်း၊ ရုံးအမှတ်(၇)၊ နေပြည်တော်တွင် လာရောက်ထုတ်ယူနိုင်ပါသည်။

၃။ အိတ်ဖွင့်တင်ဒါများကို ၆-၇-၂၀၁၅ရက် ၀၉း၃၀ နာရီမှ ၁၆း၃၀ နာရီအတွင်း ပြန်ကြားရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၇)၊ နေပြည်တော်ရှိ တင်ဒါအဖွဲ့ဝင်များရှေ့မှောက်၌ လာရောက်ပေးသွင်းရန်ဖြစ်ပါသည်။ သတ်မှတ်ကာလထက်ကျော်လွန်သောတင်ဒါများကို ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၄။ အိတ်ဖွင့်တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅၊ ၀၆၇-၄၁၂၃၂၀တို့သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

**တင်ဒါပုံစံများထုတ်ယူရန်လိပ်စာ**
**ပုံနှိပ်ရေးနှင့်စာအုပ်ထုတ်ဝေရေးလုပ်ငန်း**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၇၄၊ ၀၆၇-၄၁၂၃၇၅**

**တင်ဒါတင်သွင်းရန်လိပ်စာ**
**ပြည်တွင်း/ပြည်ပ ပစ္စည်းများ**
**ဝယ်ယူရေးနှင့် ထုခွဲရောင်းချရေး**
**ကော်မတီ**
**ပြန်ကြားရေးဝန်ကြီးဌာန**
**ရုံးအမှတ်(၇)၊ နေပြည်တော်**
**ဖုန်း-၀၆၇-၄၁၂၃၂၀**

---

**စက်မှုဝန်ကြီးဌာန**
**အမှတ်(၂)အကြီးစားစက်မှုလုပ်ငန်း**
**မီးခံအုတ်စက်ရုံခွဲ (စော်ဘွားကြီးကုန်း)အား နှစ်ရှည်ငှားရမ်းရန်**

## အဆိုပြုလွှာခေါ်ယူခြင်း

၁။ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်းကြီးကြပ်မှုအောက်ရှိ မီးခံအုတ်စက်ရုံခွဲ (စော်ဘွားကြီးကုန်း)အား ပုဂ္ဂလိကလုပ်ငန်းရှင်များသို့ နှစ်ရှည်ငှားရမ်းရန်အတွက် အဆိုပြုလွှာများ ဖိတ်ခေါ်အပ်ပါသည်။

၂။ စိတ်ပါဝင်စားသော အဖွဲ့အစည်းများသည် အဆိုပြုလွှာပုံစံနှင့် စည်းကမ်းချက်များကို ၁၉-၆-၂၀၁၅ရက်မှ ၂-၇-၂၀၁၅ရက်အထိ နေ့စဉ် ရုံးချိန်အတွင်း စက်မှုဝန်ကြီးဌာန၊ အမှတ်(၂) အကြီးစားစက်မှုလုပ်ငန်း၊ နည်းပညာဖွံ့ဖြိုးရေးဌာန၊ ရုံးအမှတ်(၄၁)၊ နေပြည်တော်သို့လာရောက်ထုတ်ယူနိုင်ပြီး အဆိုပြုလွှာအား ၃-၇-၂၀၁၅ရက် ညနေ ၁၅း၀၀နာရီ နောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ဖုန်း-၀၆၇-၄၀၈၂၀၈၊ ၀၆၇-၄၀၈၁၆၀၊ Fax: ၀၆၇-၄၀၈၀၆၄ တို့သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

---

## HDPE (Blow Grade) နှင့် ထုပ်ပိုးပစ္စည်း(၆)မျိုးအဝယ်တင်ဒါ

၁။ **ဝယ်ယူမည့်ပစ္စည်းအမည်**

| စဉ် | ပစ္စည်းအမည် | အရေအတွက် |
|---|---|---|
| (က) | HDPE(Blow Grade) | ၁၅ တန် |
| (ခ) | 1oz Plastic Bottle with cap | ၃၀၀၀၀၀၀ စုံ |
| (ဂ) | 2oz Plastic Bottle with cap | ၁၃၀၀၀၀၀ စုံ |
| (ဃ) | Duplex Board (31"×43")(270 gsm)(၁၀၀ရွက်ပါ) | ၆၀၀ ထုပ် |
| (င) | Sticker Paper(21"×30")(85gsm)(၁၀၀ရွက်ပါ) | ၁၀၉၆ ထုပ် |
| (စ) | Art Paper(31"×43")(90gsm) (၂၅၀ရွက်ပါ) | ၁၂၄၇ ထုပ် |
| (ဆ) | Wood Free Paper(31"×43")white(60gsm)(၅၀၀ရွက်ပါ) | ၅၀ ထုပ် |

၂။ **တင်ဒါပိတ်ရက်နှင့်အချိန်** - ၁၀-၇-၂၀၁၅ ရက်၊ ညနေ ၄း၀၀နာရီ

၃။ **ပေးသွင်းရမည့်စက်ရုံ** - ဆေးဝါးစက်ရုံ(အင်းစိန်)

တင်ဒါပုံစံနှင့် တင်ဒါစည်းကမ်းအသေးစိတ်အချက်အလက်များကို အောက်ဖော်ပြပါဌာနတွင် စုံစမ်းမေးမြန်းနိုင်ပါသည်-

**မြန်မာ့ဆေးဝါးလုပ်ငန်း(ရုံးချုပ်)**
**ရုံးအမှတ် ၃၇၊ စက်မှုဝန်ကြီးဌာန**
**နေပြည်တော်**

**တယ်လီဖုန်းအမှတ်**
**ဖုန်း-၀၆၇-၄၀၈၃၈၈**

---

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**
**လူမှုဝန်ထမ်းဦးစီးဌာန**

## တင်ဒါခေါ်ယူခြင်း

၁။ လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ရုံးသုံးစက်ကိရိယာများကို မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် ကုမ္ပဏီများထံမှ တင်ဒါများခေါ်ယူအပ်ပါသည်။

၂။ တင်ဒါစည်းကမ်းအသေးစိတ်နှင့် ရုံးသုံးစက်ကိရိယာပစ္စည်းစာရင်း အသေးစိတ်ကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း လူကိုယ်တိုင်လာရောက်၍လည်းကောင်း၊ ဖုန်း-၀၆၇-၄၀၄၁၀၂ သို့ ဆက်သွယ်၍လည်းကောင်း စုံစမ်းမေးမြန်းနိုင်ပါသည်။

၃။ တင်ဒါလျှောက်လွှာများနှင့်ပတ်သက်၍ အောက်ပါအစီအစဉ်အတိုင်း ဆောင်ရွက်သွားပါမည်-

(က) **တင်ဒါစတင်ရောင်းချမည့်ရက်** - ၁၈-၆-၂၀၁၅ ရက်မှ ၂၅-၆-၂၀၁၅ ရက်အထိ
**အချိန်** - ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိရုံးချိန်အတွင်း
(ခ) **တင်ဒါသွင်းရမည့်ရက်** - ၂၂-၆-၂၀၁၅ရက်မှ ၂၆-၆-၂၀၁၅ရက်အထိ ၀၉း၃၀နာရီမှ ၁၆း၃၀နာရီအထိ
(ဂ) **တင်ဒါရောင်းချ/တင်ဒါတင်သွင်းရမည့်နေရာ** - လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ လူမှုဝန်ထမ်းဦးစီးဌာန၊ ရုံးအမှတ်(၂၃)၊ နေပြည်တော်
(ဃ) **တင်ဒါဖွင့်ဖောက်မည့်ရက်** - ၃၀-၆-၂၀၁၅ ရက်၊ နံနက် ၁၀း၀၀ နာရီ

**တင်ဒါခေါ်ယူရေးအဖွဲ့**

---

## အိတ်ဖွင့်တင်ဒါ(Open Tender)ခေါ်ယူခြင်း

ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တည်ဆောက်ရေးအဖွဲ့ ၂၊ တံတားအထူးအဖွဲ့(၆) နေပြည်တော်မှ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် မကွေးတိုင်းဒေသကြီး၊ တိုင်းဒေသကြီးရန်ပုံငွေဖြင့် ဆောင်ရွက်နေသော ငဖဲ-စေတုတ္တရာလမ်းပေါ်ရှိ မန်းချောင်းတံတား(ချောင်းဖြူ)နှင့် ဆမီးချောင်းတံတားတည်ဆောက်ခြင်းလုပ်ငန်း၏ Borcd Pile တူးဖော်ခြင်းလုပ်ငန်းနှင့် ကွန်ကရစ်ဖျော်စပ်ခြင်းလုပ်ငန်းများကို စက်/ယာဉ်များဖြင့် လုပ်ငန်းဆောင်ရွက်နိုင်သူများအား အိတ်ဖွင့်တင်ဒါစနစ် (မြန်မာကျပ်ငွေ)ဖြင့်ငှားရမ်းပြီး လုပ်ငန်းဆောင်ရွက်လိုပါ၍ ဆောင်ရွက်လိုသည့်ကုမ္ပဏီများ တင်ဒါပေးသွင်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

၁။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၂၄-၆-၂၀၁၅ ရက်
၂။ **တင်ဒါပိတ်မည့်ရက်/အချိန်** - ၂၉-၆-၂၀၁၅ ရက်၊ ၁၆း၀၀ နာရီ
၃။ **တင်ဒါဖွင့်မည့်ရက်/အချိန်** - ၃၀-၆-၂၀၁၅ ရက်၊ ၁၀း၀၀ နာရီ
၄။ **တင်ဒါ/တင်သွင်း စိစစ်ရွေးချယ်မည့်နေရာ** - ခရိုင်အထွေထွေအုပ်ချုပ်ရေးမှူးရုံး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်

တင်ဒါလျှောက်လွှာပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို တံတားအထူးအဖွဲ့(၆) နေပြည်တော်၊ ဒုတိယညွှန်ကြားရေးမှူးရုံးတွင် ရုံးချိန်အတွင်း စုံစမ်းဝယ်ယူနိုင်ပါသည်။

**တင်ဒါစိစစ်ရွေးချယ်ရေးကော်မတီ**
**ဖုန်း-၀၆၇-၅၅၀၁၀၃**

---

## Open Tender ခေါ်ယူခြင်း

(၁) နည်းပညာနှင့်သက်မွေးပညာဦးစီးဌာနလက်အောက်ရှိ ရုံးချုပ်တွင် လိုအပ်သော ရုံးသုံးစက်ကိရိယာများနှင့် အစိုးရနည်းပညာကောလိပ်များ၊ အစိုးရစက်မှုလက်မှုသိပ္ပံများ၊ အစိုးရနည်းပညာ အထက်တန်းကျောင်းများနှင့် SMVTI (ရန်ကုန်)၊ ELPS(နေပြည်တော်)တို့တွင် လိုအပ်သော ရုံးသုံးစက်ကိရိယာများ၊ သင်ထောက်ကူပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါကြောင်း ကြေညာအပ်ပါသည်။

(၂) Open Tender ပုံစံများကို ၁၇-၆-၂၀၁၅ရက်မှစ၍ ရုံးချိန်အတွင်း နည်းပညာနှင့် သက်မွေးပညာဦးစီးဌာန၊ ဘဏ္ဍာရေးဌာနစိတ်၊ ရုံးအမှတ် (၂၁) တွင် တစ်စုံလျှင် ကျပ် ၁၀၀၀၀/-နှုန်းဖြင့် ဝယ်ယူနိုင်ပြီး ၁၃-၇-၂၀၁၅ရက် နောက်ဆုံးထား၍ တင်ဒါများတင်သွင်းရမည်။

(၃) အဆိုပါ ရုံးသုံးစက်ပစ္စည်းများနှင့် သင်ထောက်ကူပစ္စည်းများအား သက်ဆိုင်ရာဒေသအရောက် ပေးပို့တပ်ဆင်ပေးနိုင်ရမည်။

(၄) Open Tender ပုံစံ၊ စည်းကမ်းချက်များနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း ဖုန်း-၀၆၇-၄၀၄၃၈၉၊ ၀၆၇-၄၀၄၄၅၆ နှင့် website ဖြစ်သော www.tvetmyanmar.org တို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**နည်းပညာနှင့်သက်မွေးပညာဦးစီးဌာန**

---

**လျှပ်စစ်စွမ်းအားဝန်ကြီးဌာန**
**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**

## (အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း)

၁။ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန လက်အောက်ရှိ ရေအားလျှပ်စစ်စီမံကိန်းများသို့ ၂၀၁၅-၂၀၁၆ဘဏ္ဍာရေးနှစ်ဒုတိယ(၄)လ (၂၀၁၅ခုနှစ် ဩဂုတ်လမှ နိုဝင်ဘာလ)အတွင်း စီမံကိန်းစခန်းဂိုဒေါင်အရောက် တည်ဆောက်ရေးပစ္စည်းများ၊ စက်ပစ္စည်းများ၊ ကွန်တိန်နာများ သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား မြန်မာကျပ်ငွေဖြင့် လုပ်ငန်းအပ်နှံဆောင်ရွက်လိုပါသည်။

၂။ **တင်ဒါပုံစံစတင်ရောင်းချမည့်ရက်** - ၁၂-၆-၂၀၁၅ရက်
**တင်ဒါအရောင်းပိတ်မည့်ရက်** - ၂၆-၆-၂၀၁၅ ၊ ၁၆း၀၀ နာရီ
**Company Profile နှင့် Tender Security နောက်ဆုံးတင်ပြရမည့်ရက်၊ အချိန်** - ၂၆-၆-၂၀၁၅ရက်၊ ၁၆း၃၀ နာရီ

၃။ အိတ်ဖွင့်တင်ဒါပုံစံနှင့် တင်ဒါဆိုင်ရာ အသေးစိတ်အချက်အလက်များကို သတင်းစာတွင် ကြော်ငြာပါသည့်ရက်မှစတင်၍ ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာန**
**စီမံကိန်းနှင့်လုပ်ငန်းဌာနခွဲ၊ ရုံးအမှတ် (၂၇)၊ နေပြည်တော်၊**
**ဖုန်း-၀၆၇-၄၁၀၂၅၇၊ ၀၆၇-၄၁၀၄၃၁၊ ဖက်စ်-၀၆၇-၄၁၀၄၃၁**

---

## မြေညီဆိုင်ခန်း ရောင်း/ငှားမည်

ကျောက်တံတားမြို့နယ်၊
မဟာဗန္ဓုလလမ်းမကြီးပေါ်
ကြွေပြားခင်း/ကပ်
**ဖုန်း-၀၉-၇၃၀၅၇၀၉၂၊၀၉-၄၃၀၀၀၄၃၃**

---

## မြေကွက်ရောင်းမည်

ဆေး(၂)ရှေ့၊ ဥက္ကာ ၈ လမ်း၊ မ/ဥက္ကလာ (၂၆ ပေ× ပေ ၆၀) ရေ၊ မီး ဂရန်အမည်ပေါက်။ ဆေးကျောင်း အဆောင်ဖွင့်ရန် နေရာကောင်း။
**သိန်း ၁၆၀၀၊ ဖုန်း-၀၉-၅၀၀၄၀၉၆**

---

## ကန့်ကွက်နိုင်ပါသည်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ နယ်မြေ(၃)၊ အိမ်အမှတ်(၁၅၄)ဟုခေါ်တွင်သော ကွင်းနှင့်အကွက်အမည် ၁၅/၃၊ အုတ်ကျင်းအနောက်၊ ဦးပိုင်အမှတ် ၂၁၀/ ၂၃/၁ ဟုခေါ်တွင်သော မြေပိုင်မြေကွက်ကို ဝယ်ယူပိုင်ဆိုင်နေထိုင်လျက်ရှိသူ ဒေါ်အားဆာမီးထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | | |
|---|---|---|
| **ဦးဝေလင်းအောင်** | **ဒေါ်ဆိုင်းထွယ်ပန်** | **ဒေါ်မျိုးမျိုးခိုင်** |
| **LL.B** | **LL.B,D.G.I,D.B.L** | **LL.B** |
| **စဉ်-၁၀၅၉၃** | **စဉ်-၄၀၀၇၄** | **စဉ်-၄၁၈၅၉** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၄၀၀၀၂၆၄၃၇** | **ဖုန်း-၀၉-၄၃၁၂၀၃၅၉** | **ဖုန်း-၀၉-၂၅၅၈၈၀၂၆၄** |

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### (တရားမကျင့်ထုံးဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀)
### အမရပူရမြို့နယ်တရားရုံးတော်၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆

မအေးထွေး **နှင့်** ၁။ မသီသီထွန်း
၂။ မနုနုဝေ

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ ငယ်တိုးရပ်ကွက်၊ ယမ်းပျံ(အရှေ့)နေ (၂) တရားပြိုင် ဒေါ်နုနုဝေ (ဘ) ဦးပေါစံ(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ အမရပူရမြို့၊ မှန်တန်းရပ်ကွက်၊ နယ်မြေ(၃)နေ မအေးထွေးက ယုံကြည်အပ်နှံထားသည့်ငွေ ၃၅သိန်း ပြန်လည်ရလိုမှုဖြင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၂၉ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၁၃ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းတို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်သို့ ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၉ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**အမရပူရမြို့နယ်တရားရုံး**

---

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
### တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့်-၅၊ နည်းဥပဒေ-၂၀
### စစ်ကိုင်းမြို့နယ် နယ်တရားမရုံး၌
### ၂၀၁၅ခုနှစ် တရားမကြီးမှုအမှတ်-၂၆

ဒေါ်တင်တင်စန်း **နှင့်** ဦးမြင့်အေး

**တရားလို** **တရားပြိုင်**

ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ ခေါင်လန်ဖူးမြို့နယ်နေ ဦးမြင့်အေး (ဘ) ဦးထွန်းမြိုင် (တိရစ္ဆာန်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန) (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုကလင်မယားကွာရှင်းပြတ်စဲပေးစေလိုမှု ရလိုကြောင်းနှင့် လျှောက်ထားစွဲချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံး အခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါ၍ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၂၆ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၁၀ရက်) မွန်းမတည့်မီ ၁၀နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၁၅ခုနှစ် ဇွန် ၁၂ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်စံဝင်း)**
**တွဲဖက်မြို့နယ်တရားသူကြီး**
**စစ်ကိုင်းမြို့နယ်တရားရုံး**

---

## ကန့်ကွက်နိုင်ပါသည်

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ နယ်မြေ(၃)၊ အိမ်အမှတ်(၁၅၃)ဟု ခေါ်တွင်သော ကွင်းနှင့်အကွက်အမည် ၁၅/၃၊ အုတ်ကျင်း W၊ ဦးပိုင်အမှတ် ၂၁၀/၃ ဟုခေါ်တွင်သော အိမ်ခြံမြေကွက်ကို အမည်ပေါက်ပိုင်ဆိုင်သူ၏ သားသမီးများထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ် ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကိုကန့်ကွက်လိုပါက ယနေ့မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသောအထောက်အထား၊ မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်တို့ထံ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဦးဝေလင်းအောင်** | **ဒေါ်ဆိုင်းထွယ်ပန်** | **ဒေါ်မျိုးမျိုးခိုင်** |
| **LL.B** | **LL.B,D.G.I,D.B.L** | **LL.B** |
| **စဉ်-၁၀၅၉၃** | **စဉ်-၄၀၀၇၄** | **စဉ်-၄၁၈၅၉** |
| **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** | **အထက်တန်းရှေ့နေ** |
| **ဖုန်း-၀၉-၄၀၀၀၂၆၄၃၇** | **ဖုန်း-၀၉-၄၃၁၂၀၃၅၉** | **ဖုန်း-၀၉-၂၅၅၈၈၀၂၆၄** |

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်မြို့၊ ကမ္ဘာအေးဘုရားလမ်းနေ ဒေါ်ခင်မြဦး(ရတနာမုခ)၏မြေး၊ ဦးသိန်းဦး(အင်ဂျင်နီယာ)-ဒေါက်တာမီမီခိုင်တို့၏သမီး အမြွှာညီမ **မရတနာဦး(ခုံအမှတ် ဆဗဟ-၄၇၄)**နှင့် **မရတနာထူး(ခုံအမှတ် ဆဗဟ-၁၇၉)**တို့ ညီမနှစ်ဦးစလုံး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်စာမေးပွဲကြီးတွင် **(၆)ဘာသာဂုဏ်ထူးကိုယ်စီဖြင့်** ထူးချွန်စွာအောင်မြင်ခဲ့ပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ အထူးဂုဏ်ယူဝမ်းမြောက်အပ်ပါသည်။

**ဒေါ်လေးမေကြည်(မတ္တရာ)**
**ဦးလေးဦးဗိုလ်သန်း-ဒေါ်လေးဝင်း(စင်ကာပူ)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

တ/ဥက္ကလာပ၊ မြင်သာ ၃ လမ်းနေ ဦးသန်းထိုက်အောင်-ဒေါ်မာသူထွေးတို့၏သမီးကြီး **ဆုလင်းထိုက်အောင်** ပညာသင်နှစ် ၂၀၁၃-၂၀၁၄ တက္ကသိုလ်ဝင်တန်း ခုံအမှတ် ဆတဉ-၃၆၈ ဖြင့် **ဘာသာစုံ(၆)ဘာသာဖြင့်** အောင်မြင်ပြီး ၂၀၁၄-၂၀၁၅ ပညာသင်နှစ် တက္ကသိုလ်ဝင်တန်း ဆတဉ-၃၀၁ ဖြင့် **ဘာသာစုံ(၆)ဘာသာဖြင့်** သားငယ် **အာကာမင်းထိုက်အောင်** ထူးထူးချွန်ချွန် (၂)နှစ်ဆက်တိုက် အောင်မြင်ခဲ့ကြ၍ အထူးဝမ်းသာဂုဏ်ယူမိပါကြောင်း။

**ဘိုးဘိုး[ဒုမျူးကြီးမြင့်သူ(ငြိမ်း)]-ဘွားဘွား ဒေါ်ခင်နွဲ့သူ**
**ဘဘကြီး-ဗိုလ်မှူးချုပ်အောင်သူဦး-ကြီးကြီး အေးသူဇာ၊ ဘဘကြီး Capt စိုးမိုးသူလတ်-ကြီးကြီး ဖြူပြာလှိုင်**
**ချစ်မမများ- သူသူအောင် B.E.D (M.E.D-ပထမနှစ်)၊ မိုးမြတ်နိုးဖြူ 5th Year (နောက်ဆုံးနှစ်)သွားဆေးတက္ကသိုလ်**
**ဆုဆုလင်းထိုက်အောင် 1st MB (ဆေးတက္ကသိုလ်-၂)**
**ကိုကို ကောင်းဆက်မိုး 2nd Year (S.T.U) (သန်လျင်)၊ ကိုကို ကျော်စိုးသူ 2nd Year (1R) ဒဂုံတက္ကသိုလ်**

# အထူးဂုဏ်ယူဝမ်းမြောက်ခြင်း

ရန်ကုန်ပညာရေးတက္ကသိုလ်လေ့ကျင့်ရေးအထက်တန်းကျောင်း TTC မှ ၂၀၁၄-၂၀၁၅ ပညာသင်နှစ် မြန်မာတစ်နိုင်ငံလုံး ပထမဆုရှင်နှင့်တကွ တက္ကသိုလ်ဝင်စာမေးပွဲတွင် ဘာသာစုံဂုဏ်ထူးရှင် (၅၆)ဦး၊ (၅)ဘာသာဂုဏ်ထူးရှင် (၆၉)ဦး၊ (၄)ဘာသာဂုဏ်ထူးရှင် (၇၀)ဦး၊ (၃)ဘာသာဂုဏ်ထူးရှင်(၆၀)ဦး၊ (၂)ဘာသာဂုဏ်ထူးရှင်(၃၄)ဦး၊ (၁)ဘာသာဂုဏ်ထူးရှင်(၆၇)ဦးနှင့် အောင်ချက် (၉၀) ရာခိုင်နှုန်းအထိ ထူးချွန်စွာ အောင်မြင်အောင် ပြုစုပျိုးထောင်ပေးပါသော ကျောင်းအုပ်ဆရာမကြီး **ဒေါက်တာ ဒေါ်မြင့်မြင့်စန်း** နှင့်တကွ သူငယ်တန်းမှ တက္ကသိုလ်ဝင်တန်းအထိ သင်ကြားဆုံးမပေးပါသော ဆရာ/ဆရာမများအတွက် ဂုဏ်ယူဝမ်းမြောက်ရပါကြောင်း။

**မိဘဆရာအသင်း**
**လေ့ကျင့်ရေးအထက်တန်းကျောင်း**
**(TTC)**

# ဂုဏ်ယူဝမ်းမြောက်ခြင်း

လှိုင်ကော်မြို့၊ ကယားပြည်နယ် ရဲတပ်ဖွဲ့မှူးရုံး နေ
ဒုတိယရဲမှူးကြီး မောင်မောင်ဦး + ဒေါ်မိုးမိုးလှိုင် တို့၏သမီး

**မခင်ဘုန်းထူး**

**( မလ-၄၄၁ မိသားစုကိုယ်ပိုင်အထက်တန်းကျောင်း၊ မလှိုင်မြို့ )**

သည် ၂၀၁၅ ခုနှစ်၊ တက္ကသိုလ်ဝင်စာမေးပွဲတွင် ( ၆ ) ဘာသာဂုဏ်ထူးဖြင့် အောင်မြင်ခဲ့ပါသဖြင့် မြေးလေးအတွက် အထူးဝမ်းမြောက်ဂုဏ်ယူမိပါသည်။

**ဘဘ-ဦးအေးကို**
**ပခုက္ကူမြို့**

## ဖခင်အမည်မှန်

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ အထက(၄)၊ သတ္တမတန်း(က)မှ မရီနား၏ ဖခင်အမည်မှန်မှာ ဦးဒူရိုပါလာလ် ၅/တမန(နိုင်)၀၃၇၉၆၃ ဖြစ်ပါကြောင်း။

**ဦးဒူရိုပါလာလ်**

## အမည်ပြောင်း

တောင်ကြီးမြို့၊ အထက(၂)၊ ဆဋ္ဌမတန်း(ခ)မှ နန်းခင်ဇွာဝင်းအား ယနေ့မှစ၍ နန်းစံချိုဟု ပြောင်းလဲခေါ်ပါရန်။

**နန်းစံချို**

## ဖခင်အမည်မှန်

ပင်းတယမြို့၊ အထကကျောင်း၊ တက္ကသိုလ်ဝင်တန်းမှ မောင်ကျော်မျိုးသန်း၏ ဖခင်အမည်မှန်မှာ ဦးကျော်မင်း ၁၃/ကလန(နိုင်)၀၆၁၀၇၈ ဖြစ်ပါကြောင်း။

**ဦးကျော်မင်း**

## J-WIN COMPANY LIMITED

# (ဝန်ထမ်းအမြန်အလိုရှိသည်)

(၁) OFFICE STAFF — ကျား၊ မ
(ဘွဲ့တစ်ခုခုရရှိပြီး ကွန်ပျူတာအခြေခံတတ်ကျွမ်းသူဖြစ်ရမည်။
(၂) ကိုရီးယားစကားပြန် — ကျား၊ မ
(နေရာဒေသမရွေးသွားရောက်နိုင်ပြီး ဘာသာစကားကို ကျွမ်းကျင်စွာပြောဆိုနိုင်သူဖြစ်ရမည်။)

အောက်ဖော်ပြပါလိပ်စာတွင် CV FORM နှင့်တကွ လိုအပ်သောစာရွက်စာတမ်းထောက်ခံစာများနှင့်အတူ အမြန်ဆုံး လာရောက်လျှောက်ထားနိုင်ပါသည်။

**တိုက် ၁၄၊ အခန်း(၃၀၂)၊ ရတနာလမ်းသစ်အိမ်ရာ၊ ဖေယျာဝတီ ၇လမ်း၊ သာကေတမြို့နယ်၊ ရန်ကုန်မြို့။**

ဖုန်း-၀၉-၈၇၂၅၇၂၈၅၇၊ ၀၉-၂၅၉၁၁၆၄၀၃၊ ၀၉-၂၅၉၂၇၀၁၃၂

# ဝန်ထမ်းအမြန်အလိုရှိသည်

**Kinetic Myanmar Technology Co., Limited**
**အမှတ်(၇၉၇)၊ အခန်း 702-A, MAC Tower II,**
**ဗိုလ်ချုပ်လမ်းနှင့်ဝါးတန်းလမ်းထောင့်**
**လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး hrm.kinetic@ gmail.com**

1. Telecom Engineer — ကျား ၂၀ ဦး
2. Electrical Engineer — ကျား ၁၀ ဦး
   အမှတ်စဉ် ၁၊ ၂ အတွက် B.E, B.Tech, AGTI (EC, EP,IT, Mechatronic) ဘွဲ့ရဖြစ်ရမည်။ လုပ်ငန်းအတွေ့အကြုံမရှိသူများအား လိုအပ်သော Training များစီစဉ်ပေးမည်။
3. Telecom Project Assistant /Technician — ကျား ၁၀ ဦး
   ဘွဲ့တစ်ခုခုရရှိပြီး Telecom လုပ်ငန်းစိတ်ဝင်စားသူဖြစ်ရမည်။
4. Civil Engineer — ကျား ၅ ဦး
   B.E, B.Tech, AGTI (Civil) ဘွဲ့ရဖြစ်ရမည်။
   လုပ်ငန်းအတွေ့အကြုံအနည်းဆုံး (၂)နှစ်ရှိသူ ဦးစားပေးမည်။
5. Network Engineer — ကျား ၁၀ ဦး
   Networking အတွေ့အကြုံရှိပြီး CCNA အောင်မြင်ပြီးသူဖြစ်ရမည်။
6. Safety Manager/Safety Officer — ကျား ၃ ဦး
   ဘွဲ့တစ်ခုခုရရှိပြီး လုပ်ငန်းအတွေ့အကြုံ(၂)နှစ်ရှိသူဖြစ်ရမည်။
7. HR Manager/ Assistant Manager/Executive — ကျား/မ ၃ ဦး
   MS Office ကျွမ်းကျင်စွာအသုံးပြုနိုင်ရမည်။
   HR ဆိုင်ရာလုပ်ငန်းအတွေ့အကြုံရှိသူ ဦးစားပေးမည်။
8. Chief Auditon/Senior Auditor — ကျား/မ ၁ ဦး
   သက်ဆိုင်ရာလုပ်ငန်းအတွေ့အကြုံ အနည်းဆုံး (၅)နှစ်အထက်ရှိသူ ဖြစ်ရမည်။
9. Accountant (နေပြည်တော်ရုံးခွဲတွင်ခန့်ထားရန်) — ကျား/မ ၁ ဦး
   ငွေစာရင်းဆိုင်ရာ အတွေ့အကြုံရှိသူ ဦးစားပေးမည်။

လျှောက်ထားလိုသူများသည် ဓာတ်ပုံနှစ်ပုံ၊ ကိုယ်ရေးရာဇဝင်အကျဉ်း၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ အိမ်ထောင်စုဇယားမိတ္တူ၊ လေဘာကတ်ပြားမိတ္တူ၊ ရပ်ကွက်/ရဲစခန်းထောက်ခံချက်နှင့် အောင်လက်မှတ်မိတ္တူများယူဆောင်၍ အထက်ပါလိပ်စာသို့ လူကိုယ်တိုင် ၃၀-၆-၂၀၁၅ရက် နောက်ဆုံးထား၍ လျှောက်ထားနိုင်ပါသည်။

## ငြင်းချက်ထုတ်ရန်သမ္မာန်စာ

(တရားမကျင့်ထုံးကိုဓထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ-၂၀)
ဒေါပုံမြို့နယ်တရားရုံး
၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၃

ဒေါ်မြင့်ရီ (တရားလို)
၁။ ဒေါ်တင်တင်အေး (၂) မမြင့်မြင့်ခိုင် (တရားပြိုင်များ)
၂။ ကိုသန့်ဇင်ဦး (၃) ကိုကျော်ခိုင်
၃။ မောင်စည်သူလင်း (၄) ကိုအောင်ခိုင်
၄။ မဇင်ဇင်ဖြိုး (၅) ကိုလင်းခိုင်
၅။ ဒေါ်မြင့်ကြည် (၆) မဝင်းဝင်းခိုင်
၆။ ဒေါ်ရွှေမိ ၈။ ဦးဖိုးချို
၇။ ဒေါ်ကြည်အေး ၉။ ဒေါ်အေးသောင်း
(၎င်း၏တရားဝင်ကိုယ်စားလှယ်များ) ၁၀။ ဦးတင်စိန်
(၁) ကိုမျိုးခိုင် ၁၁။ ဒေါ်ချွဲမိ

ရွှေညောင်ပင်ကျေးရွာ၊ ကျောက်တန်းမြို့နယ်၊ရန်ကုန်တိုင်းဒေသကြီးနေ ၇။တရားပြိုင်ဒေါ်ကြည်အေး၏ တရားဝင်ကိုယ်စားလှယ်(၅)ကိုလင်းခိုင် (ယခုနေရပ်လိပ်စာမသိ)သိရှိစေရမည်။

သင့်အပေါ်၌ တရားလိုမှ အမွေပုံစီမံခန့်ခွဲပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ(သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်အရ ရှေ့နေဖြစ်စေ (သို့တည်းမဟုတ်) ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၁၅ခုနှစ်၊ ဇူလိုင်လ၊(၃)ရက်၊(၁၃၇၇ခုနှစ်၊ ပထမဝါဆိုလပြည့်ကျော် ၂ရက်)မွန်းတည့်မတိုင်မီ (၁၀)နာရီတွင် အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းအပြင် သင်သိရှိစေရမည်မှာ အထက်ကဆိုသည့်နေ့ရက်တွင် သင်မလာမရောက်ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာရွက်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထက်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်ကတင်သွင်းရမည်။

၂၀၁၅ခုနှစ်၊ဇွန်လ(၅)ရက်တွင် ဤရုံးတံဆိပ်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(ကံမြင့်)
မြို့နယ်တရားသူကြီး
ဒေါပုံမြို့နယ်တရားရုံး

## ဒီကရီအတည်ပြုရန်အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန်

# အကြောင်းကြားစာ

**(တရားမကျင့်ထုံးကိုဓဉပဒေအမိန့်-၂၁၊ နည်းဥပဒေ-၂၂)**
**မိတ္ထီလာခရိုင်တရားရုံး**
**၂၀၁၄ ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၂ နှင့်ဆက်သွယ်သည့်**
**၂၀၁၅ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၃၉**

| | | |
|---|---|---|
| ဦးချမ်းသာ | **နှင့်** | ကိုဝေလင်းထွန်း |
| အထွေထွေမန်နေဂျာ | | ကန်တော်မင်ရပ် |
| ခနရှိန်ကုမ္ပဏီလီမိတက် | | ရတနာမာရ်အောင်နယ်မြေ |
| ၇၃-၇၄ လမ်းကြား | | မိတ္ထီလာမြို့။ |
| ပြည်ကြီးတံခွန်မြို့နယ်၊ မန္တလေးမြို့။ | | |
| **ဒီကရီအနိုင်ရသူ** | | **တရားရှုံး** |

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်၊ ရတနာမာရ်အောင်ရပ်ကွက်၊ ကန်တော်မင်ရပ်နေ ကိုဝေလင်းထွန်း(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

၂၀၁၄ ခုနှစ် တရားမကြီးမှုအမှတ်-၂၂တွင် ကျန်ရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် ဦးချမ်းသာက လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကိုမထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ အကြောင်းပြဖြေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်နှင့်ဖြစ်စေ ၂၀၁၅ခုနှစ် ဇွန် ၂၄ရက် (၁၃၇၇ခုနှစ် ပထမဝါဆိုလဆန်း ၈ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့ လာရောက်စေ။

၂၀၁၅ခုနှစ် ဇွန် ၁၀ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဖုန်းတင့်)**
**ဒုတိယခရိုင်တရားသူကြီး**
**မိတ္ထီလာခရိုင်တရားရုံး**

# အများသိစေရန်အသိပေးကြေညာချက်

မြိတ်မြို့၊ ကြံတောရပ်၊ ကန်ဖျားလမ်းမကြီး၊ အမှတ်(၁၄၂)တွင် နေထိုင်သူ ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ငွေးငွေးကြည် ၆/မအရ(နိုင်)၀၈၆၁၇၅ ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

မြိတ်မြို့၊ ကြံတောရပ်၊ ကန်ဖျားလမ်းမကြီး၊ အမှတ်(၁၄၂)တွင် တည်ရှိသည့် တနင်္သာရီတိုင်းဒေသကြီး၊ မြိတ်ခရိုင်၊ မြိတ်မြို့နယ်၊ ကန်ဖျားရပ်ကွက်၊ ကွင်း/အကွက်အမှတ်နှင့်အမည် ၄(ခ)ကန်ဖျား၊ ဦးပိုင်အမှတ် ၁၂/၆၊ ဧရိယာ ၀ဒသမ ၀၅၈ဧကရှိ မြေငှားဂရန်မြေကွက်တစ်ကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်ခွဲတိုက် နေအိမ်တစ်ဆောင်တို့ကို ကျွန်ုပ်၏အမှုသည်နှင့် ခင်ပွန်းဖြစ်သူ ဦးမြင့်ခိုင်တို့မှ ပိုင်ဆိုင်ခဲ့ပါသည်။ ဦးမြင့်ခိုင်မှာ ကွယ်လွန်သွားပြီဖြစ်ပါ၍ ယခု အဆိုပါမြေကွက်နှင့်နေအိမ်တို့ကို ကျွန်ုပ်၏မိတ်ဆွေတစ်ဦးတည်းမှသာ ဆက်လက်ပိုင်ဆိုင်လျက်ရှိပါသည်။

သို့ဖြစ်ပါ၍ အထက်ပါမြေကွက်နှင့်နေအိမ်တို့အား ကျွန်ုပ်၏မိတ်ဆွေ သဘောတူခွင့်ပြုချက်မရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ လွှဲပြောင်းပေးကမ်းခြင်းများ မပြုလုပ်ရန် သတိပေးတားမြစ်လိုက်သည်။ ဤသတိပေးကြေညာချက်အတိုင်း လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားရမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၇၃)**
**အမှတ်(၂၀)၊ ရဲသိပ္ပံ ၂ လမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့**

# သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း

မြိတ်မြို့၊ ကြံတောရပ်၊ ကန်ဖျားလမ်းမကြီး၊ အမှတ် ၁၄၂တွင် နေထိုင်သူ ကျွန်ုပ်မိတ်ဆွေ ဒေါ်ငွေးငွေးကြည် ၆/မအရ(နိုင်)၀၈၆၁၇၅ ၏ ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။

ကျွန်ုပ်မိတ်ဆွေ၏ သားဖြစ်သူ မောင်စိုးမင်းခိုင် ၆/မအရ(နိုင်)၁၀၁၁၃၉ သည် မိခင်ဖြစ်သူ ကျွန်ုပ်၏မိတ်ဆွေအား အကြိမ်ကြိမ်စိတ်ဆင်းရဲအောင် ပြုလုပ်ခဲ့သည့်အပြင် ကျွန်ုပ်၏မိတ်ဆွေမှ ခွင့်မလွှတ်နိုင်သောအပြုအမူတို့ကို ပြုလုပ်ဆောင်ရွက်ကာ နေအိမ်မှဆင်းသွားသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် မောင်စိုးမင်းခိုင်နှင့်ပတ်သက်သည့်ကိစ္စအဝဝကို လုံးဝ(လုံးဝ)တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် အသိပေး၍ ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဦးသန်းအောင်**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၃၁၇၃)**
**အမှတ် ၂၀၊ ရဲသိပ္ပံ ၂ လမ်း၊ ကန်ဖျားရပ်၊ မြိတ်မြို့**

# မြန်မာနှင့် ရုရှား နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတိုးတက်ခိုင်မာရေးဆွေးနွေး

သတင်း၊ စာ-၉



ငွေတံဆိပ်ဆုရ မြန်မာ့ဂုဏ်ဆောင် မြန်မာ ယူ-၂၃ ဘောလုံးအသင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ပြန်လည်ရောက်ရှိရာ ပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြစဉ်။ ဓာတ်ပုံ - တင်စိုး (မြန်မာ့အလင်း)

# ငွေတံဆိပ်ဆုရ မြန်မာယူ-၂၃ အသင်းအား ပြည်သူများသောင်းသောင်းဖြဖြကြိုဆို

သတင်း - မောင်စိန်လွင်

**ရန်ကုန် ဇွန် ၁၇**

စင်ကာပူနိုင်ငံတွင် ကျင်းပခဲ့သောအရှေ့တောင်အာရှအားကစားပြိုင်ပွဲတွင် အုပ်စုပွဲလွန်မြောက်ပြီး အကြိုဗိုလ်လုပွဲကိုကျော်ဖြတ်ကာ ဗိုလ်လုပွဲတွင် ဒုတိယဆုငွေတံဆိပ်ဖြင့် ကျေနပ်ခဲ့ရသော မြန်မာ ယူ-၂၃ ဘောလုံးအသင်း ယနေ့ ညနေ ၃ နာရီတွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ရောက်ရှိလာရာ ပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုခဲ့ကြသည်။

ဤသို့ မြန်မာဘောလုံးပရိသတ်ပြည်သူများ သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်မှုမြင်ကွင်းသည် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင်းသာမက

*စာမျက်နှာ ၅ ကော်လံ ၁* *

## ဘင်္ဂလားပင်လယ်အော်တွင် လေဖိအားနည်းရပ်ဝန်းဖြစ်ပေါ်

**နေပြည်တော် ဇွန် ၁၇**

ယနေ့ မြန်မာစံတော်ချိန် မွန်းလွဲ ၂ နာရီခွဲ တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်အလယ်ပိုင်းတွင် လေဖိအားနည်း ရပ်ဝန်း တစ်ခု ဖြစ်ပေါ်နေသည်။ အဆိုပါ လေဖိအားနည်း ရပ်ဝန်း၏ အရှိန်ကြောင့် မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ကမ်းဝေး၊ ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့် ကြိုတင်သတိပြုရန် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ ထုတ်ပြန်ထားကြောင်းသိရသည်။

(မြန်မာ့အလင်း)

## ဂရိနိုင်ငံအား ယူရိုဇုန်မှ ထွက်ခွာအောင် မီရှင်များက ပြုလုပ်နေဟု ဝန်ကြီးချုပ်စွပ်စွဲ

စာ » ၄

## ပင်လယ်ခရုစားရာမှ အစာအဆိပ်သင့်၍ လူ ၇၃ ဦး ဆေးရုံတက်ကုသရ

စာ » ၁၁

Since 1918
PILOT ဆိုတာမြန်မာ့အသိစွဲစာရေးကိရိယာ
မြန်မာကျောင်းသားကျောင်းသူများ၏ လက်အရွယ်အစားဖြင့် အသင့်တော်ဆုံး နဲ့အသုံးဝင်ဆုံး
Frixion Slim (မှင်ဖျက်ဘောပင်အသေး)ပစ္စည်းသစ်၊Frixion မှင်ဖျက်နိပ်ခလုတ်ဘောပင်၊ Frixion 3 Ways မှင်ဖျက်ဘောပင်နဲ့
အခြား Frixion မှင်ဖျက်ဘောပင် ဒီဇိုင်းစုံ ကာလာစုံကို မယုံနိုင်လောက်အောင် ထူးခြားတဲ့ Back to School Promotion အနေနဲ့
Buy 6 Get 1Free Promotion ပြုလုပ်ပေးထားလို့ စာရေးကရိယာအရောင်းကိုယ်စားလှယ်ကြီးများအနေနဲ့ တစ်နိုင်ငံလုံးမှာရှိတဲ့နီးစပ်ရာ
Rainbow Bridge Distribution Co.,Ltd တွေမှာ အမြန်ဆုံး ဝယ်ယူကြဖို့သတင်းကောင်းပေးလိုက်ရပါတယ်။
FRIXION ball
Click Write Delete Repeat
Ph : Yangon Tel : 01-662107, 01- 9669012, 09-73028674,09-250053731 Mandalay Tel : 02-77838, 02-81018, 09-6502456
www.facebook.com/pages/Pilot-Writing-Instrument-Myanmar

mmalin.npt @ gmail.com, www.facebook.com/MYANMAALINNNEWS